# မြန်မာ့အလင်း

အတွဲ (၅၄)
အမှတ် (၄၂)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်

၂၀၁၄ ခုနှစ်၊ နိုဝင်ဘာ ၁၁ ရက်၊ အင်္ဂါနေ့။


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အင်ဂိုလာနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် နိုဝင်ဘာ ၁၁**

၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၁ ရက်တွင် ကျရောက်သော အင်ဂိုလာသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အင်ဂိုလာသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟိုဆေး အက်ဒွာဒို ဒိုစ် ဆန်တိုစ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံဘဏ်လုပ်ငန်းနှင့် ငွေရေးကြေးရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၁၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် ဂျပန်နိုင်ငံ တိုကျို-မစ်ဆူဘီရှီဘဏ် ယူအက်ဖ်ဂျေလီမိတက် ဒုတိယဥက္ကဋ္ဌ မစ္စတာ တာကရှိမိုရိမူရ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီး ဦးတင်ဦးလွင်၊ ဒေါက်တာမောင်မောင်သိမ်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်တို့ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံဘဏ်လုပ်ငန်းနှင့် ငွေရေးကြေးရေးကဏ္ဍတွင် ဆက်လက် ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များအပေါ် ရင်းနှီးစွာ ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**



**ဒုတိယသမ္မတ ဦးဉာဏ်ထွန်း ဂျပန်နိုင်ငံ တိုကျို-မစ်ဆူဘီရှီဘဏ် ယူအက်ဖ်ဂျေလီမိတက် ဒုတိယဥက္ကဋ္ဌ မစ္စတာ တာကရှိမိုရိမူရ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)



# မော်လမြိုင်မြို့မှ သံလွင်မြစ်ဖြတ်ပြီး ကညော်ရွာအနီးသို့ လျှပ်စစ်တာဝါတိုင်များ တည်ဆောက်နေ

**မော်လမြိုင် နိုဝင်ဘာ ၁၀**

**သတင်း-မောင်မောင်မြင့်ဆွေ**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

မော်လမြိုင်မြို့သည် ဓာတ်အားလိုင်းစနစ်မှ လျှပ်စစ်ရရှိနေသည်။ မော်လမြိုင်မြို့နှင့် သံလွင်မြစ်ခြားနေသည့် ဘီလူးကျွန်းပေါ်ရှိ မြို့ရွာများက မဟာဓာတ်အားလိုင်းမှ ဓာတ်အားမရ၊ ဓာတ်အားမရ၍ ဖွံ့ဖြိုးမှုနှေးကွေးနေသည်။ ယခုမော်လမြိုင်မြို့မုပ္ပွန်အရပ်မှ ဘီလူးကျွန်းရှိ ကညော်ရွာအနီးသို့ ဓာတ်အားလိုင်းသွယ်တန်းရန် သံလွင်မြစ်ကို ဖြတ်ပြီး လျှပ်စစ်တာဝါတိုင်များ စတင်တည်ဆောက်နေပြီဖြစ်သည်။

"သံလွင်မြစ်ကိုဖြတ်ပြီး လျှပ်စစ်တာဝါတိုင် ဆောက်လုပ်တာကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူဆောက်လုပ်နေတာ ဖြစ်ပါတယ်။ ဒါကလည်း မြစ်လယ်တိုင်တွေတည်ဆောက်တဲ့အခါ လိုအပ်တဲ့ တည်ဆောက်ရေးအထောက်အကူပြုပစ္စည်းနဲ့ ကိရိယာတွေက ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှာရှိနေလို့ ဖြစ်ပါတယ်" ဟု လျှပ်စစ်တာဝါတိုင် တည်ဆောက်ရေးလုပ်ငန်းခွင်မှ လက်ထောက်အင်ဂျင်နီယာက ပြောကြားသည်။

လက်ရှိတည်ဆောက်နေသည့် လျှပ်စစ်တာဝါတိုင်များသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ သံလွင်မြစ်ဖြတ် လျှပ်စစ်တိုင်ငါးတိုင်ကို အခြေခံအုတ်မြစ်ချ တည်ဆောက်ပေးမည်ဖြစ်ပြီး ကျန်ရှိမည့် တာဝါတိုင်အစိတ်အပိုင်းများကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ဆောင်ရွက်သွားမည်ဖြစ်သည်။

မော်လမြိုင်မှ ဘီလူးကျွန်းချောင်းဆုံမြို့နယ်အထိ သွယ်တန်းမည့် ဓာတ်အားလိုင်းမှာ အရှည် ၁၆ မိုင်ခန့်ရှိမည်ဖြစ်ပြီး ၆၆ ကေဗွီဓာတ်အားလိုင်း ဖြစ်သည်။ လောလောဆယ်တွင် မော်လမြိုင်မြို့ မုပ္ပွန်အရပ် သံလွင်မြစ်ကမ်း၌ လျှပ်စစ်တာဝါတိုင် စတင်တည်ဆောက်နေပြီဖြစ်သည်။ *စာမျက်နှာ ၈ ကော်လံ ၅* ❐


**နိုင်ငံတကာ**

**ပိုင်နက်အငြင်းပွားမှုအပေါ် နှစ်နှစ်ကျော်ကြာ တင်းမာခဲ့ပြီးနောက် တရုတ်နှင့် ဂျပန်ခေါင်းဆောင်များ တရားဝင်တွေ့ဆုံဆွေးနွေး** စာမျက်နှာ ❖ ၄

**ပြည်တွင်း**

**အစိုးရအဖွဲ့သစ်ကာလအတွင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ချက်များ** စာမျက်နှာ ❖ ၅

**အားကစား**

**တောင်အမေရိကအသင်း အများစုပါတဲ့ နိုင်ငံတကာခြေစမ်းပွဲ** စာမျက်နှာ ❖ ၁၃


**အာဆီယံအထူးအချပ်ပို လေးမျက်နှာပါရှိ**

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် အာဆီယံအထူး အချပ်ပို လေးမျက်နှာ ပါရှိပါသည်။




မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ကောင်းမှုတစ်မျိုးကုသိုလ်တစ်ဖုံ

မည်သည့်ဘာသာဝင်မဆို ကောင်းမှုကုသိုလ်ပြုလုပ်ခြင်းဆိုတာ ရှိပါသည်။ ကောင်းမှုတစ်ခုခုပြုလုပ်တိုင်း ထိုကောင်းမှု၏ အကျိုးတစ်စုံတစ်ရာကို ခံစားရရှိနိုင်ပါသည်။ ဤသို့ကောင်းမှုတစ်ခုပြုလုပ်ခြင်းအကျိုးကြောင့် ရရှိလာသော ကောင်းကျိုးတစ်စုံတစ်ရာကို ကုသိုလ်ရသည်ဟု ဆိုကြပါသည်။ လူတစ်ဦးတစ်နေ့ ကောင်းမှုတစ်ခု ပြုလုပ်နိုင်မည်ဆိုလျှင် ရက်ကိုလစား၊ လကိုနှစ်စားချေသော် ကုသိုလ်များစွာရရှိနိုင်မည်ဖြစ်ပါသည်။

ကျွန်ုပ်တို့ဗုဒ္ဓဘာသာဝင်များအဖို့ အဓိကအားဖြင့် ကုသိုလ်သုံးမျိုးရှိပါသည်။ ဒါနကုသိုလ်၊ သီလကုသိုလ်နှင့် ဘာဝနာကုသိုလ်တို့ဖြစ်ပါသည်။ 'ဒါန'ပေးကမ်းစွန့်ကြဲခြင်း၊ လှူဒါန်းခြင်းဖြစ်ပါသည်။'သီလ'စောင့်ထိန်းခြင်းဖြစ်ပါသည်။ 'ဘာဝနာ' ပွားများခြင်း ဖြစ်ပါသည်။ လှူဒါန်းမှုတစ်ခုခု ပြုလုပ်သည်ဖြစ်စေ၊ ပေးကမ်းစွန့်ကြဲသည်ဖြစ်စေ ကုသိုလ်ကိုရရှိစေနိုင်မည်ဖြစ်ပါသည်။ ထို့အတူ (သီလ)စောင့်ထိန်းခြင်းကြောင့်လည်း ကုသိုလ်ထူးကိုရရှိစေနိုင်မည်ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ငါးပါးသီလသည် လူ့စည်းကမ်းပင်ဖြစ်ပါသည်။ သူ့ဥစ္စာခိုးယူခြင်း၊ လိမ်ညာပြောဆိုခြင်း၊ သူတစ်ပါးအသက် ကိုသတ်ခြင်း၊ သူတစ်ပါးသားမယားတို့အား ကျူးလွန်ပြစ်မှားမိခြင်းမှ ရှောင်ကြဉ်ကြရမည် ဖြစ်ပါသည်။ ဤကဲ့သို့ ကျူးလွန်ပြစ်မှားခြင်းကို ကမ္ဘာပေါ်ရှိမည်သည့်တိုင်းပြည်၊ မည်သည့်လူမျိုးကမျှ ခွင့်ပြုထားလေ့မရှိပါ။ ထိုနည်းတူစွာ မူးယစ်သောက်စားခြင်းကြောင့် မှားယွင်းမှုများစွာကိုလည်း ကျူးလွန်တတ်ပါသည်။ ထို့ကြောင့် ငါးပါးသီလသည် လူ့ကျင့်ဝတ်၊ လူ့စည်းကမ်းကို လိုက်နာကြခြင်းဖြင့် ကုသိုလ်ရသည်ဆိုခြင်းထက် ကောင်းသောလူမှုအသိုက်အဝန်းတစ်ခု တည်ဆောက်နိုင်မည်ဖြစ်ပါသည်။

ကောင်းစွာကြံစည်တွေးတောခြင်း၊ ကောင်းစွာပြောဆိုခြင်း၊ ကောင်းစွာလုပ်ကိုင်ခြင်းတို့သည် မဂ္ဂင်ရှစ်ပါးတွင် ကောင်းသောကုသိုလ်တရားများဖြစ်သည်။ ထိုကောင်းသော အပြုအမူ၊ အပြောအဆို၊ အလုပ်အကိုင်တို့ကို ကြိမ်ဖန်များစွာပြုလုပ်ခြင်းသည် ပွားများမှုပင်ဖြစ်သည်။ ကြိမ်ဖန်များစွာ ကောင်းသော အလုပ်တို့ကို လုပ်ဆောင်ခြင်းဖြင့် ကောင်းမှုကုသိုလ်များတိုးပွားရရှိနေမည်သာ ဖြစ်ပါသည်။

မျက်မှောက်ခေတ်ကမ္ဘာကြီးသည် ဆုတ်ကပ်အတွင်းသို့ ရောက်နေပြီဖြစ်ပါသည်။ သိပ္ပံခေတ်သည် တိုးတက်ခဲ့သည်မှန်သော်လည်း လူတို့၏ကျင့်ဝတ်သိက္ခာ စောင့်စည်းမှုအားနည်းခြင်းကြောင့် ရောဂါများထူပြောခြင်း၊ စစ်မက်ဖြစ်ပွားခြင်း၊ အစာရေစာရှားပါးခြင်းစသော ဘေးပယောဂများ ကျရောက်လျက်ရှိပါသည်။ ဤသို့ဖြစ်ရခြင်းသည်ပင်လျှင် ဆုတ်ယုတ်လာခြင်းဖြစ်ပါသည်။

ထိုသို့ဆုတ်ယုတ်မှုများ လျော့နည်းစေခြင်းငှာ ကောင်းမှုအလုပ်ကို များများလုပ်ပေးကြရမည်ဖြစ်ပါသည်။ ဒါနကောင်းမှုပြုခြင်းဖြင့် ဆင်းရဲမှုများ ပြေလျော့သွားနိုင်မည်ဖြစ်ပါသည်။ သီလကောင်းမှုပြုလုပ်ခြင်းဖြင့် လူ့စည်းကမ်း၊လူ့ကျင့်ဝတ်ကို ထိန်းသိမ်းရာရောက်ပြီး ကောင်းမွန်သော လူမှုအသိုက်အဝန်းတစ်ခုကို တည်ဆောက်သွားနိုင်မည်ဖြစ်ပါသည်။ ကောင်းမှုတစ်မျိုးလုပ်တိုင်း ကုသိုလ်တစ်မျိုးရရှိမည်ဖြစ်ပါသည်။ ကောင်းမှုများများလုပ်လေ ကုသိုလ်များများရလေဖြစ်ပါသည်။ ကောင်းမှုကုသိုလ်တိုင်းသည် လူတစ်ဦးတစ်ယောက်အတွက် ကောင်းကျိုးကိုဖြစ်စေနိုင်သည့်အပြင် ဘဝလမ်းကြောင်းမှန် လျှောက်လှမ်းရာတွင် တည့်မတ်ပေးနိုင်စွမ်းရှိခြင်းကြောင့် လူတိုင်းလူတိုင်းကောင်းသောအလုပ်၊ ကောင်းသောအပြုအမူ၊ အပြောအဆိုပြုလုပ်နိုင်လေ ဘဝတိုးတက်အောင်မြင်မှုများလည်း ရရှိလာနိုင်လေဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

# National ICT Award 2014 (Educational Project) ပြိုင်ပွဲဖွင့်

**နေပြည်တော် နိုဝင်ဘာ ၁၀**

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်မှ ကြီးမှူးကျင်းပသော National ICT Award 2014 Educational Projectအတွက် Education Project Competition ပြိုင်ပွဲ အပြီးသတ် စိစစ်ရွေးချယ်ပွဲပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၈ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ လှိုင်တက္ကသိုလ်နယ်မြေ MICT Park ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ကွန်ပျူတာပညာ ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်း ပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြတ်ဟိန်းနှင့် မြန်မာနိုင်ငံကွန်ပျူတာ ပညာ ဖွံ့ဖြိုးရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးတို့ အမှာစကားပြောကြားခဲ့ကြသည်။

ထို့နောက်မြန်မာနိုင်ငံကွန်ပျူတာ အသင်းချုပ်ဥက္ကဋ္ဌ ဦးခွန်ဦးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခဲ့သည်။ ထို့နောက် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် ပြိုင်ပွဲကျင်းပရေး ကော်မတီ အတွင်းရေးမှူး ဦးအောင်စိုးမှ National ICT Awards 2014 (Educational Project) ပြိုင်ပွဲ ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် National ICT Awards 2014 Educational Project Competition ပြိုင်ပွဲကို မူလတန်းအဆင့်ပြိုင်ပွဲ အလယ်တန်းအဆင့်ပြိုင်ပွဲ၊ အထက်တန်းအဆင့် ပြိုင်ပွဲ၊ ဆရာအဆင့်ပြိုင်ပွဲများ ဆက်လက် ကျင်းပနေမှုအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများမှကြည့်ရှုအားပေးခဲ့ပြီး ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူ မိဘများနှင့် ပြိုင်ပွဲကျင်းပရေး တာဝန်ရှိသူများက ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**မြန်မာ့အလင်း**

# တောင်ငူမြို့၏ မုခ်ဦးအလှကျက်သရေကို ဖုံးလွှမ်းနေသော စီးပွားရေး ဆိုင်းဘုတ်ဖယ်ရှားပေးစေချင်

ထင်သာမြင်သာပြုပြင်စရာ

**တောင်ငူ နိုဝင်ဘာ ၁၀**

ကေတုမတီတောင်ငူမြို့ဟု ဆိုလိုက်လျှင် မြန်မာ့သမိုင်းတွင် ဇာတိသွေးဇာတိမာန် ရှင်သန်ထက်မြက်ခဲ့ပြီး တောင်ငူခေတ်ဟူသည့် ခေတ်တစ်ခေတ် သန္ဓေတည်ရာ မြို့အဖြစ် ထင်ရှားသည်။ တောင်ငူ ကေတုမတီမြို့ကို ဘုရင်မင်းကြီးညိုက မြန်မာသက္ကရာဇ် ၈၇၂ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့တွင် တည်ထောင်ခဲ့သောကြောင့် နှစ်ပေါင်း၅၀၀ ကျော်၍ ၅၀၄ နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ နှစ် ၅၀၀ ပြည့်မြောက်လာမည့် မြို့တော်ကြီးကို သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် သမိုင်းကို တန်ဖိုးထားသူ၊ ယဉ်ကျေးမှုကိုချစ်မြတ်နိုးသူ မြို့မိမြို့ဖ များက လူအား၊ ငွေအား၊ စက်အားများဖြင့် သမိုင်းဝင် လေးကျွန်း ကန်တော်ကြီးကို ပြန်လည်တူးဖော် ခြင်း၊ မြန်မာမှုလက်ရာများဖြင့် တည်ဆောက်ထားသော မြို့အဝင်မုခ်ဦး၊ မင်းကြီးညို ရုပ်တုကြီးနှင့် ရင်ပြင်ကြီးကို ငွေကျပ်သိန်းပေါင်း ထောင်ကျော် အကုန်ကျခံ တည်ဆောက်ခဲ့သောကြောင့် တောင်ငူ ကေတုမတီမြို့တော်ကြီးသည် နှစ် ၅၀၀ ပြည့် အထိမ်းအမှတ်တွင် ခမ်းနားထည်ဝါစွာ တည်ရှိခဲ့သည်။

သို့သော် ဤလှပသော၊ ကျက်သရေရှိသော မြို့အလှကို ပုဂ္ဂလိကပိုင် ကုမ္ပဏီစီးပွားရေး ကြော်ငြာ ဧရာမဆိုင်းဘုတ်ကြီးများက ဖျက်ဆီးပစ်သကဲ့သို့ (ပုံတွင်ပါသည့်အတိုင်း) လွှမ်းမိုးနေရာယူလိုက်ခြင်းသည် ယဉ်ကျေးမှုကို စိမ့်ဝင်ထိုးဖောက်လိုက်သလိုဖြစ်နေပြီး အမြင်မတင့်တယ်ကာ မြင်ရသူအပေါင်း စိတ်မချမ်းမြေ့ ဖွယ် မြင်တွေ့နေရပါသည်။



မင်းကြီးညိုရုပ်တုကြီးနှင့် ရင်ပြင်ကြီးကို တောင်ငူမြို့ဗိုလ်မှူးဖိုးကွန်းလမ်း (အောင်နန်းတံခါးထိပ်)တည်ဆောက်ထားသောကြောင့် အနီးရှိ ကျုံးရေပြင်၊ မြို့ရိုးကုန်း၊ ခရစ်ယာန်ဘုရားကျောင်းတို့နှင့် ပေါင်းစပ်ကြည့်မည်ဆိုပါက အလွန်လှပပြီး တောင်ငူမြို့ကို အလည်တစ်ခေါက်လာရောက်ကြသော ခရီးသွားဧည့်သည်များအနေဖြင့် အံ့သြဘနန်းဖြစ်ရလောက်အောင်၊ တောင်ငူမြို့၏ သင်္ကေတ (Land MARK)တစ်ခုအဖြစ် မှတ်ယူလောက်အောင်၊ တောင်ငူမြို့၏ ကျက်သရေဆောင် အလွန်လှပသော နေရာတစ်ခုလည်းဖြစ်သည်။

စီးပွားရေးလုပ်ငန်းရှင် ဆိုသည်မှာ မိမိကုန်ပစ္စည်း လူများများသိနိုင်ရေးအတွက် လူအများစိတ်ဝင်စားသည့် နေရာများတွင် ဆိုင်းဘုတ်ကြီးများ စိုက်ထူနိုင်အောင် ကြိုးစားသည်မှာ ဓမ္မတာပင်ဖြစ်သည်။ သို့သော် သက်ဆိုင်ရာတာဝန်ရှိသူများ အနေဖြင့်လည်း မဆိုသလောက်သည့် ဘဏ္ဍာအခွန်ငွေ ရရှိနိုင်သော်လည်း နိုင်ငံ၏ သမိုင်း၊ ယဉ်ကျေးမှုနှင့်ယှဉ်လာလျှင် အဆိုပါဝင်ငွေသည် ပမာမနှိုင်းလောက်သောကြောင့် ထိုဆိုင်းဘုတ်ကြီးများကို စိုက်ထူရန်ခွင့်ပြုမည်ဆိုပါက သေသေချာချာ ကွင်းဆင်းစိစစ်ပြီးမှ ခွင့်ပြုသင့်ကြောင်း အပြုသဘောဆောင်ကာ အကြံပြုရေးသားတင်ပြလိုက်ရပါသည်။

**သူရ(တောင်ငူ)**




စာအုပ်စာပေ လူ့မိတ်ဆွေ

UCS UNITED COURIER SERVICES
ပြည်တွင်း တရားဝင်အမြန်ချော-စာပို့ ဝန်ထမ်းများ အမြန်အလိုရှိပါသည်။
(၁) စာပေ၊စာသိမ်း ကျား- ရန်ကုန် (၁၅)ဦး ၊ မန္တလေး (၅)ဦး အသက် (၅၀) အောက်၊(၁၀)တန်း ၊ ကျန်းမာရေးကောင်းမွန် သက်ဆိုင်ရာ မြို့တွင်းကျွမ်းကျင်စွာသွားလာတတ်သူများသာ။
(၂) စာပေ၊စာသိမ်း (ဆိုင်ကယ်) ကျား- ရန်ကုန် (၅) ဦး (၁၀)တန်းအောင် ၊ ဆိုင်ကယ်ကျွမ်းကျင်စွာစီးတတ်သူများ အသက်(၄၀)အောက် ၊ကျန်းမာရေးကောင်းမွန်သူများ။
(၃) စာရင်းကိုင် မ- (၂) ဦး ( LCCI III & Computer ) အသက် (၃၅)အောက် ၊ ကျန်းမာရေးကောင်းမွန်သူ ။
လိုအပ်သောစာရွက်စာတမ်းများယူဆောင်ပြီး နိုဝင်ဘာ (၃၀) နောက်ဆုံးထားလျှောက်ထားပါရန်။ ၀၉ ၇၃၀ ၇၃၀ ၉၉
တိုက်(၄) ခန်း(၄၂)၊ ၈ မိုင်လမ်းဆုံ၊မရမ်းကုန်း၊ ၀၁ ၆၅၁ ၀၀၆
ရန်ကုန် - မန္တလေး စာတိုက်ကြီးဝင်းအတွင်း။ ၀၉ ၄၃၁ ၉၀၁ ၉၉

AUNG NAING ACADEMY OF ACCOUNTANCY
ဦးအောင်နိုင်
(ရွှေတံဆိပ်ဆုရှင်-CPA)
B.Com(Q), CPA, FLCCI (London-UK), DA(LCCI-UK), FFA(IFA-UK)
LCCI International Qualifications Approved Centre
LCCI Level - I, II, III စာရင်းကိုင်သင်တန်းများ
ကျောင်းအပ်လက်ခံပြီ
အမှတ်-၂၄၄(တတိယထပ်)၊ မီးပွိုင့်နှင့် ခုံးတံတားကြား၊ ပန်းဆိုးတန်းလမ်း(ထက်)။ Tel: 01-377610, 09-730 66231, 09-320 60060

ပြည်တွင်းသတင်း

# မိမိတို့နိုင်ငံ၏ကာကွယ်ရေးမူဝါဒသည် မည်သည့်နိုင်ငံကိုမျှကျူးကျော်ရန်မဟုတ်ဘဲ မိမိနိုင်ငံတော်ကိုကာကွယ်ရန်သာဖြစ်

**နေပြည်တော် နိုဝင်ဘာ ၁၀**

ယနေ့ကာလတွင် စက်မှုနှင့် အီလက်ထရွန်နစ် နည်းပညာများ၊ သတင်းဆက်သွယ်ရေး နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ စစ်ရေးဆိုင်ရာ အယူအဆ သဘောတရားများသည်လည်း လိုက်ပါတိုးတက်ပြောင်းလဲလာနေပြီဖြစ်ကြောင်း၊ စစ်မှုဆိုင်ရာ အတတ်ပညာများသာမက နိုင်ငံတကာတွင်ဖြစ်ပေါ် တိုးတက်ပြောင်းလဲနေမှုများကိုလည်း စဉ်ဆက်မပြတ်လေ့လာပြီး မိမိနိုင်ငံတော်ကို ဘက်ပေါင်းစုံက ကာကွယ်နိုင်စွမ်းရှိအောင် လေ့ကျင့်ပြင်ဆင်ထားရန် လိုကြောင်းဖြင့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့နံနက်ပိုင်း အုတ်တွင်းတပ်နယ် တပ်မတော်တန်းမြင့် လေ့ကျင့်ရေးကျောင်း၌ ကျင်းပပြုလုပ်သော ဗဟိုအဆင့်စစ်ရေးစွမ်းရည် အထောက်အကူပြု Professional Skills ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားသည်။

အဆိုပါ ဗဟိုအဆင့် စစ်ရေးစွမ်းရည် အထောက်အကူပြု Professional Skills ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံ၏ ကာကွယ်ရေးမူဝါဒသည် မည်သည့်နိုင်ငံကိုမျှ ကျူးကျော်ရန်မဟုတ်ဘဲ မိမိနိုင်ငံတော်ကို ကာကွယ်ရန်သာ ဖြစ်ကြောင်း၊ နိုင်ငံတော်ကို ကာကွယ်နိုင်ရန် တပ်မတော်ကို နိုင်ငံတကာ စံချိန်စံညွှန်းနှင့်ကိုက်ညီသည့် Standard Army အဖြစ် တည်ဆောက်လျက် ရှိကြောင်း၊



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တံခွန်စိုက်ဆုရရှိသည့် ခြေမြန်တပ်မဌာနချုပ်အား တံခွန်စိုက် ဒိုင်းဆုချီးမြှင့်စဉ်။** (မြဝတီ)

Standard Army တည်ဆောက်ရာမှာ လူ၊ လက်နက်၊ ပစ္စည်းကိရိယာများ ဖွဲ့စည်းပုံနှင့်မပြည့်စုံဘဲ တပ်ဆင်ထားသည့် စစ်လက်နက်ပစ္စည်းကိရိယာများကို ကျွမ်းကျင်စွာ ကိုင်တွယ် အသုံးပြုနိုင်ရန်လည်း လိုအပ်ကြောင်း၊ ယခုကဲ့သို့ ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရသည့်အတွက် အဆင့်မီစွာ ယှဉ်ပြိုင်နိုင်ရေး လေ့ကျင့်ခြင်းအားဖြင့် တပ်ဖွဲ့ဝင်များ၏ Professional Skills ပြည့်ဝလာသည့် အကျိုးကျေးဇူးကို ရရှိသည့်အပြင် တစ်ဦးချင်းစွမ်းရည် ပြိုင်ပွဲနှင့်အဖွဲ့လိုက် စွမ်းရည်ပြိုင်ပွဲများကိုပါ ထည့်သွင်းပေးခဲ့သည့်အတွက်ကြောင့် တစ်ဦးချင်းကြံ့ခိုင်မှုစွမ်းရည်၊ ကျွမ်းကျင်မှုစွမ်းရည် ပြည့်ဝလာစေသည့်အပြင်အဖွဲ့လိုက် ညီညီညွတ်ညွတ် ဟန်ချက်ညီညီ ဆောင်ရွက်ရသည့် ပြိုင်ပွဲများကြောင့် တပ်ဖွဲ့ဝင်များအား အဖွဲ့စိတ်ဓာတ်ကို ဖြစ်ပေါ်စေသည့် အကျိုးကျေးဇူးများ ရရှိစေခဲ့သည်ကိုလည်း တွေ့ရှိရမည်ဖြစ်ကြောင်း။

တပ်တစ်တပ်အတွက် အရည်အချင်းပြည့်ဝရန် လေ့ကျင့်ရေးသည် အရေးကြီးဆုံးဖြစ်ပြီး တပ်မတော်အတွက် လေ့ကျင့်ရေးသည် လက်ဦးဆရာပင်ဖြစ်ကြောင်း၊ မိမိတို့တပ်မတော်အနေဖြင့် တပ်ဖွဲ့စုံပေါင်းစပ် ပါဝင်လေ့ကျင့်ခြင်းဖြင့် တိုက်ခိုက်ရေးတပ်များ အနေဖြင့်လည်း လက်ရုံးတပ်များ၏ တိုက်ပွဲအပေါ် အထောက်အပံ့ပေးနိုင်မှုစွမ်းရည်ကို သိရှိနားလည်ပြီး တိုက်စွမ်းအားကို တိုးမြှင့်စေမည်ဖြစ်သည့်အပြင် Esprit de Corps ဆိုသည့် တပ်ဖွဲ့စိတ်ကိုလည်း တိုးတက်မြင့်မားလာစေမည်ဖြစ်ကြောင်း။

"စည်းကမ်းသည် တပ်မတော်၏ ကျောရိုး" ဆိုသည့် ဆောင်ပုဒ်အတိုင်း မိမိတို့တပ်မတော်သားများ အစစအရာရာတွင် စနစ်တကျ နေထိုင်သွားလာ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ထိန်းကျောင်းပေးသည့်အရာသည် စစ်စည်းကမ်းပင်ဖြစ်ကြောင်း၊ တစ်ဦးချင်း စည်းကမ်းလိုက်နာမှုသည် မိမိကိုယ်တိုင်၏ အကျိုးစီးပွားသာမက တပ်မတော်တည်ဆောက်ရေးတာဝန်ကို တစ်ဖက်တစ်လမ်းအားဖြင့် ဝိုင်းဝန်းထမ်းဆောင်နေခြင်းဖြစ်သည်ဆိုသည်ကို သိရှိနားလည်ထားကြရန် လိုအပ်ကြောင်း။

ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်၍ သင့်လျော်သည့်အချိန်ကာလအတွင်းတွင် ငြိမ်းချမ်းရေး တည်ဆောက်နိုင်တော့မည် ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတကာ တပ်မတော်များကဲ့သို့ နိုင်ငံတကာ ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့များ၊ လူသားချင်း စာနာထောက်ထားမှု အကူအညီပေးရေး တပ်ဖွဲ့များ၊ သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးလုပ်ငန်းများစသည်ဖြင့် ဘက်ပေါင်းစုံတွင် ပါဝင်ဆောင်ရွက်နိုင်အောင်လည်း ကြိုတင်ပြင်ဆင်လေ့ကျင့်ထားကြရမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဗဟိုအဆင့် စစ်ရေးစွမ်းရည် အထောက်အကူပြု Professional Skills ပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုချီးမြှင့်ခြင်း အခမ်းအနား ဆက်လက်ကျင်းပပြုလုပ်ရာ လက်ရုံးတပ်ဖွဲ့ဆိုင်ရာစွမ်းရည်ပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသည့် သက်ဆိုင်ရာတပ် ကိုယ်စားလှယ်များအား ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီး လှဌေးဝင်းက ဆုများ အသီးသီး ပေးအပ်ချီးမြှင့်သည်။

ယင်းနောက်ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ခြေလျင်/ခြေမြန်တပ်ရင်း စွမ်းရည်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသော တပ်ရင်းများအား ဆုများအသီးသီး ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဗဟိုအဆင့် စစ်ရေးစွမ်းရည် အထောက်အကူပြု Professional Skills ပြိုင်ပွဲ တံခွန်စိုက်ဆုရရှိသည့် ခြေမြန်တပ်မဌာနချုပ်အား တံခွန်စိုက်ဒိုင်းနှင့် ဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်မြေပြင် အင်ဂျင်နီယာတပ်ဖွဲ့၏ တစ်လွှာတစ်ထပ် ဘေလီတံတားထိုးခြင်းနှင့် မြို့တွင်းမိုင်းပေါက်ကွဲမှုအတွက် အထူးမိုင်းရှင်းလင်းရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်ကိုလည်းကောင်း၊ ဆက်သွယ်ရေးတပ်ဖွဲ့၏ ခေတ်မီဆက်သွယ်ရေးစက်ပစ္စည်းများနှင့် Mobile Communication ယာဉ်များ စွမ်းရည်ပြသခြင်းနှင့် တပ်ခွဲအဆင့် ဆက်သွယ်ရေးတပ်ဖွဲ့ စွမ်းရည်ပြသခြင်းကိုလည်းကောင်း၊ ခြေမြန်တပ်မအဆင့်၏ စိန်ပြောင်းကြီးနှင့် အမြောက်စွမ်းရည်ပြသခြင်းကိုလည်းကောင်း၊ ဆေးဝန်ထမ်းတပ်ဖွဲ့ ၏ စွမ်းရည်ပြသခြင်းကိုလည်း ကောင်း၊ ခြေလျင်/ခြေမြန်တပ် ရင်းများ၏ လှံစွပ်ထိုးနှင့် တပ်စိတ် တိုက်ပွဲ စွမ်းရည်ပြသခြင်းကိုလည်း ကောင်း၊ အကြမ်းဖက် နှိမ်နင်းရေးတပ်ဖွဲ့၏ရဟတ်ယာဉ်ပေါ်မှ ကြိုးဖြင့် ဆင်းသက်၍ အဆောက်အအုံအတွင်းရှိ ဓားစာခံအား ကယ်တင်ရှင်းလင်းရေး စွမ်းရည်ပြသခြင်းကိုလည်းကောင်း ကြည့်ရှုအားပေးသည်။

**(မြဝတီ)**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမြောက်စွမ်းရည်ပြသမှုအား ကြည့်ရှုစဉ်။** (မြဝတီ)

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အင်ဂိုလာနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် နိုဝင်ဘာ ၁၁**

နိုဝင်ဘာ ၁၁ ရက်တွင် ကျရောက်သော အင်ဂိုလာသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ အင်ဂိုလာသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဂျော့ချ်ရီဘီလို ချီကိုတီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**


## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ဟိုပန်ခရိုင်အတွင်းရှိ ဟိုပန်မြို့နယ်၊ ပန်လုံမြို့နယ်ခွဲနှင့် မန်ကန်မြို့နယ်ခွဲများမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ပြည်ထောင်စု/ပြည်နယ် လမ်း/တံတားလုပ်ငန်းများ၌ အသုံးပြုရန်လိုအပ်သော လမ်းခင်းကျောက်မျိုးစုံ၊ ဘိလပ်မြေ၊ သဲ၊ သံချောင်းလုံး(ရွယ်စုံ)နှင့်သစ် စသည့် လုပ်ငန်းသုံးပစ္စည်းများအား လမ်းအလိုက်၊ အပိုင်းအလိုက် (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

၂။ **အိတ်ဖွင့်တင်ဒါအမှတ်** - အမှတ်(၃)(၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်)

၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၅-၁၁-၂၀၁၄ရက် ညနေ ၄နာရီ

၄။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၆-၁၁-၂၀၁၄ရက် နံနက် ၉း၃၀နာရီ

၅။ **တင်ဒါ/တင်သွင်း/စိစစ်ရွေးချယ်မည့်နေရာ** - ခရိုင် အင်ဂျင်နီယာမှူးရုံး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဟိုပန်ခရိုင်၊ ဟိုပန်မြို့ ဖုန်း-၀၈၂-၇၄၁၄၇၊၀၈၂-၇၄၀၀၉

၆။ တင်ဒါလျှောက်လွှာပုံစံများကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဟိုပန်ခရိုင်၊ ဟိုပန်မြို့နယ်၊ ပန်လုံမြို့၊ မန်ကန်မြို့ရုံးများတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၇။ အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**



## ပိုင်ရှင်ကိုယ်တိုင် အမြန်ရောင်းမည်

- အဆောင် (၁၅)၊ အခန်း (၂)၊ ပတ္တမြား(၇)လမ်း၊ စော်ဘွားကြီးကုန်းပွဲရုံဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်။
- ၁၅ပေ x ပေ၄၀ ၊ (၂)ထပ်၊ SHOP HOUSE ၊ ရှေ့တွင်မြေပို ပေ၄၀ ရှိသည်၊ လမ်းအလွန်ကောင်းသည်။
- ကိုယ်ပိုင်မီတာ၊ ၂၄နာရီရေ၊ တစ်ခန်းလုံး ကြွေပြားကပ် ပြင်ဆင်ပြီး။
- ပိုင်ရှင်ကိုယ်တိုင် အမြန်ရောင်းမည်၊ ရုံးချိန်အတွင်းသာ။

ဆက်သွယ်ရန် - ၀၉၄၉ ၃၃၅ ၁၂၃၊ ၀၉၅၁ ၉၄၉၁၃



**ဖခင်အမည်မှန်**

ကျွန်တော်မောင်ကိုဖြိုး ၁၄/လပတ(နိုင်)၂၂၅၄၅၄၏ ဖခင်အမည်မှန်မှာ ဦးအုန်းမြင့် ၁၄/မမန(နိုင်)၁၉၉၁၀၆ ဖြစ်ပါသည်။

ဦးအုန်းမြင့်



## ရွှေကြေးစည် - ကျိုက်ထီးရိုး / ချောင်းသာ

▲တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ရွှေတော်ကာကွ + ထမ်စမ်းလိုက်ဂူ ........(၅)ရက်
▲မန္တလေး-ပြင်ဦးလွင်အနှံ့၊ စစ်ကိုင်း၊ မင်းကွန်း၊ မုံရွာအနှံ့ ........(၅)ရက်
▲ပုဂံ၊ ပုပ္ပါး၊ ရွှေစည်းခုံ ဂူ (၃)ရက်၊ ဆက်၍-မန္တလေး၊ ပြင်ဦးလွင် ........(၅)ရက်
▲ကျိုက်ထီးရိုး၊ မော်လမြိုင်၊ စက်စဲ၊ ဖွားလပိုတောင် (၃)ရက် (အပတ်စဉ်သွားကြ) ဇလွန်(တနင်္ဂနွေ)

ဖုန်းဆိုးတာန်း 240860/372290 ဒေါ်ပုံ 09-49282825 ကမာကြည်အိမ်ရာ 09421029191



**JUNE PHARMACEUTICAL LTD.** Spirulina Products

June Pharmaceutical Ltd.မှဖြန့်ချိသော စိမ်းပြာရေညှိထုတ်ကုန်များအား သတ်မှတ်ထားသော အရေအတွက်နှင့်အညီ ဝယ်ယူ၍ ၂၀၁၅ ခုနှစ် လုပ်ငန်းသုံးပြက္ခဒိန် တစ်ခုစီအား(၁-၁၁-၂၀၁၄)မှစ၍ အရောင်းကိုယ်စားလှယ်ဆိုင်များတွင်ထုတ်ယူနိုင်မည်ဖြစ်ပါကြောင်း ကြိုတင် သတင်းကောင်း ပါးအပ်ပါသည်။

(ပြက္ခဒိန် လက်ကျန်ရှိသည် အထိသာ ဖြစ်ပါသည်။)




▸Ygn: + 95 9 730 12000, 730 13000, 730 14000 ▸Mdy: + 95 2 24490, 39985, 39725, 36122

နိုင်ငံတကာသတင်း

# အမေရိကန်တပ်ဖွဲ့ဝင်များ ထပ်မံစေလွှတ်မှု အဆင့်သစ်တိုက်ခိုက်မှုဖြစ်လာမည် သမ္မတအိုဘားမားပြောကြား

**ဝါရှင်တန် နိုဝင်ဘာ ၁၀**

အီရတ်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင် ၁၅၀၀ တိုးမြှင့်ဖြန့်ကြက်လိုက်ခြင်းသည် အိုင်အက်စ်စစ်သွေးကြွများအား အဆင့်သစ်တိုက်ခိုက်မှုတစ်ရပ်ဖြစ်ကြောင်း သမ္မတအိုဘားမားက ပြောကြားလိုက်သည်။

အဆိုပါ တပ်ဖွဲ့ဝင်သစ်များသည် အိုင်အက်စ်တို့အား တိုက်ခိုက်နေသော အီရတ်တပ်ဖွဲ့ဝင်များအား အကူအညီပေးနိုင်ကြောင်း ၎င်းက CBS TV သို့ ပြောသည်။

အမေရိကန်ဦးဆောင်သော ညွန့်ပေါင်းအဖွဲ့သည် ဩဂုတ်လကတည်းက ရာပေါင်းများစွာသော လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်နေသကဲ့သို့ အီရတ်နှင့် ကာ့ဒ်တပ်ဖွဲ့ဝင်များ၏ မြေပြင်တိုက်ခိုက်ရေးတပ်များကိုလည်း အကူအညီပေးလျက်ရှိသည်။

အီရတ်တပ်ဖွဲ့ဝင်များသည် ယခုအခါ အိုင်အက်စ်တို့ထံမှ နိုင်ငံ၏



အကြီးဆုံး ရေနံချက်စက်ရုံတည်ရှိရာ ဘိုင်ဂျီးမြို့ နေရာအစိတ်အပိုင်းအများစုကို သိမ်းပိုက်ထားသည်။

အဆိုပါ တပ်ဖွဲ့ဝင်များသည် ၎င်းမြို့ ၅၀ ရာခိုင်နှုန်းကို သိမ်းပိုက်ထားသည်ဟု တာဝန်ရှိသူများက ဆိုသည်။ ယင်းမြို့သည် မြို့တော်ဘဂ္ဂဒတ်မြောက်ဘက် မိုင် ၁၃၀ အကွာ၌ တည်ရှိသည်။

အီရတ်နိုင်ငံအတွင်း အမေရိကန်တပ်ဖွဲ့ဝင်များဖြန့်ကြက်မှုမှာ မူလက အကြံပေးတပ်ဖွဲ့ဝင် ၁၆၀၀ စေလွှတ်ဖြန့်ကြက်ခဲ့သော်လည်း ယခုအခါ နောက်ထပ်တပ်ဖွဲ့ဝင် ၁၅၀၀ ထပ်မံစေလွှတ်၍ အီရတ်တပ်ဖွဲ့ဝင်များက အိုင်အက်စ်တို့အား တိုက်ခိုက်ရေးတွင် ကူညီပေးသွားမည်ဟု ဆိုသည်။ **(ဘီဘီစီ)**

## ယီမင်၌ ပြန်ပေးဆွဲခံရသည့် ကုလအင်ဂျင်နီယာတစ်ဦး ပြန်လည်လွတ်မြောက်

**ဒူဘိုင်း နိုဝင်ဘာ ၁၀**

ယီမင်နိုင်ငံ၌ လွန်ခဲ့သော တစ်နှစ်ကျော်က အမည်မသိ လက်နက်ကိုင်များ၏ ပြန်ပေးဆွဲခံရသည့် ရေဆိုးထုတ်စနစ်စီမံကိန်းတစ်ခုတွင် အလုပ်လုပ်ကိုင်နေသော ဆီရာလီယွန်နိုင်ငံသား အင်ဂျင်နီယာတစ်ဦးပြန်လည် လွတ်မြောက်လာခဲ့ကြောင်း ကုလသမဂ္ဂက ပြောခဲ့သည်။

၂၀၁၃ ခုနှစ် အောက်တိုဘာလက ယီမင်၌ ပြန်ပေးဆွဲခံရသည့် ဂျိမ်းစ်သည် ဘေးအန္တရာယ်ကင်းရှင်းစွာ ပြန်လွတ်လာခဲ့သည့်အတွက် ကုလသမဂ္ဂရှိ လုပ်ဖော်ကိုင်ဖက်များက ဝမ်းမြောက်ပျော်ရွှင်နေကြကြောင်း ကုလသမဂ္ဂကြေညာချက်တစ်ခုတွင် ဖော်ပြခဲ့သည်။

ဂျိမ်းစ်သည် ဒေသတွင်း ကလေးငယ်များ ကျန်းမာရေးတိုးတက်ကောင်းမွန်စေရန်အတွက် ရေဆိုးထုတ်လုပ်ငန်းများနှင့် ရေပေးဝေရေးတို့တွင် ကူညီပေးရန် ယီမင်၌ အလုပ်လုပ်ကိုင်နေခြင်းဖြစ်သည်။

၎င်းသည် ၂၀၁၃ ခုနှစ် အောက်တိုဘာ ၆ ရက် တနင်္ဂနွေနေ့က မြို့တော်ဆာနာ၌ ပြန်ပေးဆွဲခံခဲ့ရခြင်းဖြစ်သည်။ ယီမင်နိုင်ငံ၌ ပြန်ပေးဆွဲမှုများ မကြာခဏဖြစ်ပွားလျက်ရှိရာ ယီမင်အစိုးရသည် အယ်လ်ခိုင်ဒါစစ်သွေးကြွများ၊ တောင်ပိုင်းရှိ ခွဲထွက်ရေးသမားများ၏ လှုပ်ရှားမှုများ၊ လက်နက်ကိုင်တပ်ဖွဲ့ဝင်များနှင့် ပဋိပက္ခများကို ဖြေရှင်းရန် ကြိုးစားနေရသည်။

စစ်သွေးကြွများသည် ပြန်ပေးဆွဲမှုများတွင် အများအားဖြင့် အနောက်တိုင်းသားများကို ပစ်မှတ်ထားလုပ်ဆောင်လေ့ရှိသည်။ မျိုးနွယ်စုများက အစိုးရနှင့် အငြင်းပွားမှုများကို ဖြေရှင်းရန် နည်းလမ်းအဖြစ် သုံးလေ့ရှိပြီး အခွင့်အရေးသမားများကမူ ဓားစာခံများကို အခြားအုပ်စုများသို့ ရောင်းချရန် မျှော်လင့်ချက်ဖြင့် ပြန်ပေးဆွဲကြခြင်းဖြစ်သည်။ **(အမ်အန်အေ/ရိုက်တာ)**

# ပိုင်နက်အငြင်းပွားမှုအပေါ် နှစ်နှစ်ကျော်ကြာတင်းမာခဲ့ပြီးနောက် တရုတ်နှင့် ဂျပန်ခေါင်းဆောင်များ တရားဝင်တွေ့ဆုံဆွေးနွေး

**ပေကျင်း နိုဝင်ဘာ ၁၀**

တရုတ်နှင့် ဂျပန်ခေါင်းဆောင်များသည် ပိုင်နက်အငြင်းပွားမှုအပေါ် နှစ်နှစ်ကျော်ကြာတင်းမာခဲ့ပြီးနောက် တရားဝင်တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးတို့သည် တရုတ်နိုင်ငံ ပေကျင်းမြို့၌ ကျင်းပသော အာရှ-ပစိဖိတ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (အေပက်) ထိပ်သီးအစည်းအဝေး ပြင်ပ၌ တွေ့ဆုံဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသည် နှစ်နိုင်ငံအကြား ပထမဆုံးအကြိမ်ဖြစ်သည်။ "ဒီတွေ့ဆုံဆွေးနွေးပွဲဟာ နှစ်နိုင်ငံဆက်ဆံရေး တိုးတက်မှုရဲ့ ပထမဆုံးခြေလှမ်းဖြစ်ပါတယ်"ဟု မစ္စတာအာဘေးက ပြောသည်။

အရှေ့တရုတ်ပင်လယ်အတွင်း ကျွန်းစုပိုင်ဆိုင်မှုအပေါ် ဖြစ်ပွားခဲ့သည့် အငြင်းပွားမှုကြောင့် နှစ်နိုင်ငံဆက်ဆံရေး မပြေမလည်ဖြစ်စေခဲ့သည်။ တရုတ်နိုင်ငံက လူသိများသည့် ဒိုင်အောယုနှင့် ဂျပန်နိုင်ငံက ဆန်ကာကုကျွန်းဟုခေါ်ဆိုသည့်ကျွန်းသည် မဟာဗျူဟာကျသော အရေးကြီးသည့်ကျွန်းဖြစ်ပြီး ၎င်းကျွန်းကို ဂျပန်က ထိန်းချုပ်ထားသည်။ ၂၀၁၂ ခုနှစ် စက်တင်ဘာလက ဂျပန်ပုဂ္ဂလိကပိုင်ဆိုင်သူတစ်ဦးထံမှ အဆိုပါကျွန်းစုအနက် ကျွန်းသုံးကျွန်းကို တိုကျိုက ဝယ်ယူရန်ဆုံးဖြတ်ခဲ့ရာမှ အငြင်းပွားမှု အရှိန်မြင့်တက်ခဲ့သည်။ ရှင်ဇိုအာဘေးနှင့် တရုတ်သမ္မတတို့အကြား မျက်နှာချင်းဆိုင် ဆုံတွေ့မှုသည် ကမ္ဘာ့ဒုတိယနှင့် တတိယ စီးပွားရေးအင်အားကြီး နှစ်နိုင်ငံအကြားဆက်ဆံရေးသည် အရေးကြီးသော တိုးတက်မှုတစ်ရပ် ဖြစ်လာသည်။ **(ဘီဘီစီ)**

## တရုတ်တွင် မီးခိုးမြူထိန်းချုပ်ရန် မောင်းသူမဲ့လေယာဉ်များ အသုံးပြု

**စင်ယန် နိုဝင်ဘာ ၁၀**

တရုတ်နိုင်ငံမြောက်ပိုင်း လီယောင်နင်းပြည်နယ်သည် လေထုညစ်ညမ်းမှုတိုက်ဖျက်ရန် အဝေးထိန်းအာရုံခံစနစ်ပါရှိသော မောင်းသူမဲ့လေယာဉ်များကို စတင်အသုံးပြုလိုက်ပြီဟု ဒေသဆိုင်ရာ ပတ်ဝန်းကျင်စောင့်ကြည့်လေ့လာရေးအဖွဲ့က နိုဝင်ဘာ ၁၀ ရက်တွင် ပြောကြားခဲ့သည်။

တရုတ်နိုင်ငံမြောက်ပိုင်းတွင် ဆောင်းရာသီ၌ အနွေးဓာတ်ရရှိရန် ကျောက်မီးသွေးပမာဏများစွာကို အသုံးပြုခဲ့ခြင်းကြောင့် မီးခိုးမြူထူထပ်သော နေ့ရက်များကို ကြုံတွေ့ခဲ့ရသည်။

လီယောင်နင်းတွင် ဆိုးရွားသော ယာဉ်ကြောလမ်းအခြေအနေနှင့် ဆီးနှင်းမုန်တိုင်းများက လေထုအရည်အသွေး စစ်ဆေးချက်များကို အဟန့်အတားဖြစ်စေခဲ့ပြီးကတည်းက လေထုညစ်ညမ်းမှုတိုက်ဖျက်ရန်နှင့် မီးခိုးမြူထိန်းချုပ်ရန် မောင်းသူမဲ့လေယာဉ်များကို အသုံးပြုခြင်းဖြစ်သည်။

ယင်းမောင်းသူမဲ့လေယာဉ်များသည် လေထုညစ်ညမ်းမှုကိုဖြစ်ပေါ်စေသော အရင်းအမြစ်ကို အချိန်နှင့်တစ်ပြေးညီ စုံစမ်းစစ်ဆေးချက်များ ပေးစွမ်းနိုင်သည်ဟု လီယောင်နင်းပြည်နယ် ပတ်ဝန်းကျင်ဆိုင်ရာ စုံစမ်းစစ်ဆေးမှုဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဝူဒီက ပြောကြားခဲ့သည်။ လီယောင်နင်းပြည်နယ်သည် မီးခိုးမြူထိန်းချုပ်ရာတွင် မောင်းသူမဲ့လေယာဉ်များအသုံးပြုသည့် ပထမဦးဆုံးပြည်နယ်ဖြစ်သည်။

ယင်းမောင်းသူမဲ့လေယာဉ်နှစ်စင်းကို အသုံးပြု၍ လေထုညစ်ညမ်းစေသော ပစ္စည်းများစွာစွန့်ထုတ်သောစက်ရုံများကို ဖော်ထုတ်နိုင်မည်ဖြစ်သည်ဟု ဝူဒီက ပြောကြားသည်။ မောင်းသူမဲ့လေယာဉ်တစ်စင်းသည် အချိန်နှင့်တစ်ပြေးညီ မြေပြင်ပုံရိပ်ကိုမှတ်တမ်းတင်ပြီး ထိန်းချုပ်ရေးဗဟိုဌာနသို့ ချက်ချင်း သတင်းပေးပို့မည်ဖြစ်သည်။ ထို့နောက် အခြားတစ်စင်းသည် မီးခိုးမြူဖြစ်ပေါ်စေသည်ဟု မိမိတို့ယူဆထားသော ဒေသများဆီသို့ ပျံသန်းမည်ဖြစ်ပြီး အမြင့်မီတာ ၂၀၀ နှင့် ၁၀၀၀ ကြားတွင် အဆိုပါဒေသများ၏ လေထုအရည်အသွေးညွှန်ပြချက်ကို ခွဲခြမ်းစိတ်ဖြာစစ်ဆေးမည်ဖြစ်သည်ဟု ဝူဒီကဆိုသည်။

လေထုညစ်ညမ်းမှုထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို ချိုးဖောက်သူများအား အပြစ်ပေးသွားမည်ဟု ဝူဒီက ထပ်လောင်းပြောကြားခဲ့သည်။ **(ဆင်ဟွာ)**

## လေကြောင်းတိုက်ခိုက်ခံရမှု၌ ပါကစ္စတန် တာလီဘန်တပ်မှူး တစ်ဦးသေဆုံး

**အစ္စလာမ္မာဘတ် နိုဝင်ဘာ ၁၀**

ခိုင်ဘာမျိုးနွယ်စု ဒေသ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လေကြောင်းတိုက်ခိုက်မှုများကြောင့် ပါကစ္စတန် တာလီဘန်အုပ်စု ထိပ်တန်းတပ်မှူး တစ်ဦး သေဆုံးခဲ့ကြောင်း အဆိုပါအုပ်စု ပြောရေးဆိုခွင့်ရှိသူက တနင်္လာနေ့က ပြောခဲ့သည်။

စစ်သွေးကြွများ၏ ပုန်းအောင်းရာနေရာ ၁၀ ခုနှင့် ခဲယမ်းမီးကျောက် သိုလှောင်ရုံ တစ်ခုကို တိကျသောလေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ရာ အသေခံ ဗုံးဖောက်ခွဲရေးသမားများကို သင်တန်းပေးနေသူဟု လူသိများသော အရေးပါသည့် စစ်သွေးကြွ တပ်မှူးတစ်ဦး အပါအဝင် ၁၃ ဦး သေဆုံးခဲ့သည်။ အဆိုပါ သေဆုံးသူများတွင် အသေခံဗုံးဖောက်ခွဲရေးသမားနှစ်ဦးလည်းပါသည်။ **(ဆင်ဟွာ)**



## ဆီးရီးယား၌ နျူကလီးယားဆိုင်ရာ အင်ဂျင်နီယာငါးဦး လုပ်ကြံခံရ

**ဒမတ်စကတ် နိုဝင်ဘာ ၁၀**

ဆီးရီးယားနိုင်ငံ မြို့တော်မြောက်ပိုင်းရှိ သုတေသနဌာနအနီး အမည်မသိ တိုက်ခိုက်ရေးသမားများ၏ လုပ်ကြံမှုကြောင့် နျူကလီးယားဆိုင်ရာ အင်ဂျင်နီယာငါးဦး သေဆုံးခဲ့သည်။

ဒမတ်စကတ်မြို့ ရပ်ကွက်တစ်ခုအနီး၌ တနင်္ဂနွေနေ့က အဆိုပါ တိုက်ခိုက်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ သုတေသနဌာနသို့ သွားရာလမ်းတွင် ၎င်းတို့စီးနင်း လိုက်ပါလာသည့်ကားမှာ ချုံခိုတိုက်ခိုက်ခံခဲ့ရခြင်းဖြစ်ကြောင်း ဆီးရီးယားဆိုင်ရာ လူ့အခွင့်အရေးစောင့်ကြည့်လေ့လာရေးအဖွဲ့က ပြောခဲ့သည်။

အဆိုပါကိစ္စနှင့် ပတ်သက်ပြီး ဆီးရီးယားအာဏာပိုင်များက မည်သို့မျှ ပြောကြားခဲ့ခြင်းမရှိပေ။

ပြီးခဲ့သည့်နှစ် ဇူလိုင်လကလည်း အစိုးရဆန့်ကျင်သော လက်နက်ကိုင်များ၏ တိုက်ခိုက်မှုကြောင့် ယင်းသုတေသနဌာနမှ အလုပ်သမားခြောက်ဦး သေဆုံးခဲ့သည်။

ဆီးရီးယားနိုင်ငံတွင် ၂၀၁၁ ခုနှစ်ကတည်းက တိုက်ခိုက်မှုများကြောင့် သေဆုံးမှုများဖြစ်ပွားလျက်ရှိသည်။ အနောက်အင်အားကြီးနိုင်ငံများနှင့် ၎င်းတို့၏ ဒေသဆိုင်ရာ မဟာမိတ်များဖြစ်သည့် ကာတာ၊ ဆော်ဒီအာရေဗျ၊ တူရကီနိုင်ငံတို့က စစ်သွေးကြွများကို တိုက်ခိုက်မှုပြုလုပ်နေသည့် စစ်ဆင်ရေးအတွက် ထောက်ပံ့မှုများ ပြုလုပ်ခဲ့သည်။

၂၀၁၁ ခုနှစ် မတ်လကတည်းက စတင်ခဲ့သည့် ဆီးရီးယားပဋိပက္ခ၌ သေဆုံးသူ လူပေါင်း ၂၀၀၀၀၀ ကျော်ခဲ့ပြီဖြစ်ကြောင်း လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကော်မရှင်အဖွဲ့ဝင်က ပြောခဲ့သည်။ **(ပရက်စ်တီဗွီ)**

# အစိုးရအဖွဲ့ သစ်ကာလအတွင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ချက်များ

| စဉ် | အကြောင်းအရာ | ဆောင်ရွက်ချက် |
|---|---|---|
| ၁။ | အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ နိုင်ငံတစ်ဝန်း ကွင်းဆင်းဆောင်ရွက်ပေးခြင်းလုပ်ငန်း (မိုးပွင့်စီမံချက်များ) | ❖ ပြည်သူ့ဆန္ဒအား အစဉ်အလေးထားဖြည့်ဆည်းပေးရန်ဟူသော နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်အရလည်းကောင်း၊ (၂၈-၃-၂၀၁၁) နေ့ ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ရန်ကုန်တိုင်း၊ ရွှေပြည်သာမြို့နယ်လွှတ်တော်ကိုယ်စားလှယ်မှ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများအား ဖြေလျှော့နည်းဖြင့် သတ်မှတ်နှုန်းထားများအတိုင်း ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုသော အဆိုသည် ပြည်သူ့ဆန္ဒဖြစ်သည်ဟု အလေးအနက်ခံယူ၍ လည်းကောင်း၊ နိုင်ငံတစ်ဝန်း မိုးပွင့်စီမံချက်များအား ရေးဆွဲဆောင်ရွက်ရခြင်း ဖြစ်ပါသည်။ |
| | | ❖ မိုးပွင့်စီမံချက်အရ တိုင်းရင်းသားစစ်စစ်များအား လိုအပ်ချက် (၁၀) ချက်အနက် (၅) ချက် ဖြေလျှော့တောင်းခံ၍ တောင်ပေါ်၊ မြေပြန့်၊ ဝေးလံဒေသများပါမကျန် နိုင်ငံတစ်ဝန်းတွင် (၁-၇-၂၀၁၁) နေ့မှစ၍ (၂)လ ကွင်းဆင်းထုတ်ပေး၊ (၁)လ ရုံး၌ ထုတ်ပေးသည့်စနစ်အား မိုးပွင့်အဆင့်(၁) အဖြစ် စတင်ခဲ့ရာ မိုးပွင့်အဆင့်(၆) အထိ ပြီးဆုံးခဲ့ပြီဖြစ်ပါသည်။ |
| | | ❖ နိုင်ငံအတွင်းရှိ သွေးနှောများအတွက်ကိုမူ ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေနှင့်အညီ မှတ်တမ်းမှတ်ရာများဖြင့် တိုက်ဆိုင်စစ်ဆေးရန်လိုအပ်ခြင်းကြောင့် ကွင်းဆင်းဆောင်ရွက်ခြင်းမပြုဘဲ ရုံးများတွင်သာ ဆောင်ရွက်ပေးလျက်ရှိပါသည်။ |
| | | ❖ နော်ဝေနိုင်ငံအခြေစိုက် NRC အဖွဲ့အစည်းမှ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း စသည်တို့မှ မြို့နယ်ပေါင်း ၄၆ မြို့နယ်တွင် သွေးစစ်ခြင်း၊ မိတ္တူကူးခြင်း၊ ဓာတ်ပုံရိုက်ခြင်းအပါအဝင် လုပ်ငန်းစဉ်တစ်ခုလုံးအား အခမဲ့ကူညီပေးနိုင်ရန် ဤဝန်ကြီးဌာနနှင့် (၁၅-၅-၂၀၁၃)နေ့မှစ၍ MoU ရေးထိုး၍လည်းကောင်း၊ နိုင်ငံတကာအဖွဲ့အစည်းအချို့မှ စေတနာအလျောက် ပါဝင်ကူညီခြင်းများဖြင့်လည်းကောင်း မိုးပွင့်စီမံချက်များအား ပူးပေါင်းကူညီဆောင်ရွက်လျက်ရှိကြပါသည်။ |
| | | ❖ သက်ဆိုင်ရာ မြို့နယ်/ခရိုင်/တိုင်း/ ပြည်နယ်/ ဒေသကြီးများ အလိုက် လွှတ်တော်ကိုယ်စားလှယ်များနှင့် ပုဂ္ဂလိကအလှူရှင်များမှလည်း ကွင်းဆင်းဒေသများသို့ ကိုယ်တိုင်လိုက်ပါ၍ ပြည်သူတစ်ဦးချင်းစီအတွက် ကုန်ကျစရိတ်များအား ကျခံလှူဒါန်းခြင်းနှင့် ပံ့ပိုးကူညီခြင်းများအား နေရာအနှံ့ ဆောင်ရွက်လျက်ရှိပါသည်။ |
| | | ❖ မိုးပွင့်(၁)မှ (၆)ထိ အိမ်ထောင်စုလူဦးရေစာရင်းပေါင်း (၅၉၉၁၆၅) စုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေါင်း (၃၉၆၈၇၉၄) ကတ်အား ထုတ်ပေးခဲ့ပြီးဖြစ်ပါသည်။ မိုးပွင့်အဆင့်(၇) အား (၁-၁၁-၂၀၁၄) နေ့မှစ၍ နိုင်ငံတစ်ဝန်း ဆောင်ရွက်လျက်ရှိပြီး စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ |
| ၂။ | ဆိုက်ရောက်ဗီဇာ (Visa on Arrival) ပြည်ဝင်စနစ် ဆောင်ရွက်ပေးခြင်းလုပ်ငန်း | ❖ နိုင်ငံတော်၏ လူမှု-စီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုနိုင်စေရန်အတွက် လည်းကောင်း၊ နိုင်ငံတော်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုနိုင်စေရန်အတွက် လည်းကောင်း နိုင်ငံဝင်ငွေတိုးတက်ရရှိစေနိုင်ပြီး ပိုမိုလွယ်ကူသော ပြည်ဝင်စနစ်ဖြစ်စေရေးအတွက် လည်းကောင်း၊ (၁-၆-၂၀၁၂) မှစ၍ ဆိုက်ရောက်ဗီဇာစနစ်အား နိုင်ငံတော်တွင် ပထမဦးဆုံးသော စနစ်သစ်တစ်ရပ်အဖြစ် စတင်ဆောင်ရွက်ခဲ့ပါသည်။ |
| | | ❖ နေပြည်တော်၊ ရန်ကုန်၊ မန္တလေး နိုင်ငံတကာလေဆိပ်များတွင် လုပ်ငန်းဗီဇာ(Business Visa)၊ ဖြတ်သန်းဗီဇာ (Transit Visa)၊ စီးပွားရေးလုပ်ငန်းဆိုင်ရာအစည်းအဝေးများအတွက် ပြည်ဝင်ဗီဇာ(EV) (Meeting/Workshop) များအား နိုင်ငံပေါင်း ၆၇ နိုင်ငံသို့ ခွင့်ပြုထုတ်ပေးလျက်ရှိရာ ယခင် သာမန်လုပ်ငန်းစဉ်ထက် နိုင်ငံ့ဝင်ငွေ (၆)ဆခန့် တိုးတက်ရရှိလျက်ရှိပါသည်။ |
| ၃။ | Online Visa (ခေါ်)e-Visa ပြည်ဝင်စနစ် ဆောင်ရွက်ပေးခြင်းလုပ်ငန်း | ❖ လက်ရှိ ပြည်ဝင်ဗီဇာခြောက်မျိုးအနက် အများဆုံးဝင်ရောက်သည့် ကမ္ဘာလှည့်ဗီဇာ (Tourist Visa) အား ကမ္ဘာတစ်ဝန်းမှ Online မှ တစ်ဆင့်လျှောက်ထား၍ ငွေပေးချေသည့်စနစ်ဖြစ်သော e-Visa စနစ်အား နှစ်နှစ်ခန့်အချိန်ယူလေ့လာ၍ ၁-၉-၂၀၁၄ နေ့မှစ၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင်စတင်ခဲ့ရာ ယခုအခါ နိုင်ငံပေါင်း ၆၇ နိုင်ငံအား ခွင့်ပြုထားပြီးဖြစ်ပါသည်။ |
| | | ❖ ၂၀၁၄ နိုဝင်ဘာလ ဒုတိယပတ်မှစ၍ နေပြည်တော်၊ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်နှစ်ခုတို့အား တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ |
| ၄။ | နှစ်နိုင်ငံနယ်စပ် ဝင်/ထွက်ပေါက်များအား နိုင်ငံတကာ ဝင်/ထွက် ပေါက်များအဖြစ် တိုးမြှင့်ဆောင်ရွက်ပေးခြင်းလုပ်ငန်း | ❖ လက်ရှိအခြေအနေအရ မြန်မာနိုင်ငံနှင့် နယ်နိမိတ်ထိစပ်လျက်ရှိသည့် နှစ်နိုင်ငံနယ်စပ်ဒေသများတွင် ယာယီနယ်စပ်ဖြတ်သန်းခွင့် လက်မှတ်များဖြင့် နယ်စပ်ဒေသမြို့များသို့သာ ဝင်/ထွက် သွားလာခွင့်ပြုလျက်ရှိသည်။ ယခုအခါ နိုင်ငံတော် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် အကျိုးရလဒ်များအပေါ် အခြေခံ၍ ထိုင်းနိုင်ငံနှင့် ထိစပ်နေသော တာချီလိတ်-မဲဆိုင်၊ မြဝတီ-မဲဆောက်၊ ကော့သောင်း-ရနောင်းတို့အပြင် ထီးခီး-ဖူနာရွန် နယ်စပ်ဝင်/ထွက်ပေါက်ကိုပါတိုးချဲ့၍ နယ်စပ် ဝင်/ထွက်ပေါက် အဆင့်မှ နိုင်ငံကူးလက်မှတ်၊ တရားဝင် ပြည်ဝင်ဗီဇာများဖြင့် ခွင့်ပြုပေးသော နိုင်ငံတကာ ဝင်/ထွက်ပေါက်များအဖြစ် (၂၈-၈-၂၀၁၃)နေ့မှစ၍ အဆင့်တိုးမြှင့်ဆောင်ရွက်ခဲ့ပါသည်။ |
| | | ❖ ကျန်နယ်စပ်ပေါက်များအားလည်း လိုအပ်ချက်နှင့်အခြေအနေပေါ်မူတည်၍ နိုင်ငံတကာ ဝင်/ထွက်ပေါက်များအဖြစ် ဆက်လက်တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ယခင်ကာလတူဖြင့် နှိုင်းယှဉ်ပါက နိုင်ငံဝင်ငွေ (၃)ဆ တိုးမြှင့်ရရှိခဲ့ပါသည်။ |

ဆက်လက်ဖော်ပြပါမည်

## ကာတာနိုင်ငံသို့ အလုပ်သမားများ တရားမဝင်စေလွှတ်သည့် အေဂျင်စီအား အရေးယူဆောင်ရွက်

**ရန်ကုန် နိုဝင်ဘာ ၁၀**

ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ လေယာဉ်ခရီးစဉ်အမှတ် QR. 919 ဖြင့် ကာတာနိုင်ငံသို့ နိုဝင်ဘာ ၆ ရက် နံနက် ၆ နာရီက ထွက်ခွာသည့် အလုပ်သမား ၄၂ ဦးတို့အား မြန်မာရွှေ့ပြောင်းအလုပ်သမားများ သတင်းပို့ရာနေရာရှိ တာဝန်ခံအရာရှိမှ စိစစ်ခဲ့ရာ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ ခွင့်ပြုချက် တစ်စုံတစ်ရာမရှိဘဲ တရားမဝင် ထွက်ခွာခဲ့ကြောင်း တွေ့ရှိခဲ့ရသည်။


အလုပ်သမားများ၏ ထွက်ဆိုချက်အရ Virtue International Co., Ltd. ၏ တာဝန်ယူဆောင်ရွက်ပေးမှုဖြင့် သွားရောက်ခြင်းဖြစ်ပြီး ဝန်ဆောင်ခအဖြစ် အလုပ်သမားတစ်ဦးလျှင် ငွေကျပ် ၄၀၀၀၀၀ ပေးထားပြီးဖြစ်ကြောင်း၊ ဓာတ်ဆီဆိုင်တွင် ကားရေဆေး၊ သန့်ရှင်းရေး အလုပ်လုပ်ကိုင်ရမည် ဖြစ်ကြောင်းနှင့် လစာမှာ တစ်လလျှင် ကာတာငွေ ၁၀၀၀ မှ ၁၁၅၀ အသီးသီး ရရှိမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အလုပ်သမားများ ထွက်ခွာခွင့်စိစစ်ရာသို့ ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန တိုင်းဦးစီးမှူးနှင့်အဖွဲ့၊ မြန်မာပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်မှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များလာရောက်၍ အလုပ်သမားများအား နားလည်သဘောပေါက်အောင် ရှင်းလင်းဆွေးနွေးပြောကြားပေးခဲ့ပြီး နေရပ်အသီးသီးသို့ ပြန်လည်စေလွှတ်ပေးခဲ့ကြောင်း သိရှိရသည်။

အထက်ပါဖြစ်စဉ်နှင့်ပတ်သက်၍ အလုပ်သမားများအား တရားမဝင် ကာတာနိုင်ငံသို့စေလွှတ်ရန် ဆောင်ရွက်ခဲ့သည့် Virtue International Co., Ltd. မှ တာဝန်ရှိသူများအား တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

မူးယစ်အန္တရာယ် ပပျောက်ရေး ဝိုင်းဝန်းညီညာ ဆောင်ရွက်ပေး

ဆောင်းပါး

# ဘာလီမှသည် နေပြည်တော်သို့

ကိုကိုလှိုင်

၂၀၁၁ ခုနှစ် နိုဝင်ဘာလတွင် အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ ကျင်းပခဲ့သည့် အာဆီယံထိပ်သီးဆွေးနွေးပွဲသည် ကျွန်တော့်အတွက် များစွာ အမှတ်တရဖြစ်ခဲ့သည်။ ထိုသို့အမှတ်တရဖြစ်ခဲ့ရခြင်းမှာ အဆိုပါအာဆီယံ ထိပ်သီးဆွေးနွေးပွဲတွင် မြန်မာနိုင်ငံအား ၂၀၁၄ ခုနှစ် အာဆီယံအဖွဲ့၏ အလှည့်ကျဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခွင့်ပြုရန် မြန်မာနိုင်ငံ၏မေတ္တာရပ်ခံချက်ကို အာဆီယံနိုင်ငံခေါင်းဆောင်များက သဘောတူလက်ခံခဲ့ကြသောကြောင့် ဖြစ်သည်။ ဘာလီထိပ်သီးဆွေးနွေးပွဲသို့ နိုင်ငံတော်သမ္မတကြီးဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်ခဲ့ရာတွင် အဖွဲ့ဝင်တစ်ဦးအဖြစ် လိုက်ပါခွင့်ရခဲ့သည့်အတွက် ထိုစဉ်ကအဖြစ်အပျက်များကို ယခု မြန်မာနိုင်ငံက အာဆီယံဥက္ကဋ္ဌအဖြစ် လက်တွေ့ဆောင်ရွက်ကာ နိုင်ငံ၏မြို့တော်ဖြစ်သော နေပြည်တော်၌ အာဆီယံထိပ်သီးညီလာခံကျင်းပရန် ပြင်ဆင်နေချိန်တွင် ပြန်လည်၍ အမှတ်ရနေမိပါသည်။

၂၀၁၁ ခုနှစ်ဆိုသည်မှာ များစွာမဝေးကွာလှသော အတိတ်ကာလဖြစ်သော်လည်း လက်ရှိအခြေအနေများနှင့် နှိုင်းယှဉ်ပါက အလွန်ပင်ကွာခြားနေခဲ့ပါ၏။ ထိုစဉ်က မြန်မာနိုင်ငံတွင် ပြုပြင်ပြောင်းလဲရေးကိုစတင်သည့်ကာလ၊ အာဆီယံနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံအများစုတို့က မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲရေးကို 'အစစ်အမှန်မှ ဟုတ်ပါလေစ' ဟု သံသယဖြင့် မျက်လုံးဒေါက်ထောက်ကြည့်နေကြသည့်ကာလဖြစ်ရာ ထိုကဲ့သို့ မြန်မာနိုင်ငံက ၂၀၁၄ ခုနှစ်တွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ကို ယူလိုပါသည်ဟု ဆိုသောအခါ " ယုံတမ်းစကား" သဖွယ် ထင်မြင်ယူဆကြသူလည်း မရှားလှပေ။

အချို့က မြန်မာနိုင်ငံ၏လုပ်ဆောင်နိုင်မှုစွမ်းရည်ကို သံသယရှိကြသည်။ နှစ်ပေါင်းများစွာ နိုင်ငံတကာပိတ်ဆို့မှုများနှင့် မိမိဘာသာ အထီးကျန်နေထိုင်ခဲ့မှုမှစတင်၍ တံခါးပွင့်ခါစ မြန်မာနိုင်ငံမှာ တစ်နည်းဆိုရလျှင် ဥခွံမှထွက်စ ကြက်ပေါက်စကလေးတစ်ကောင်နှင့်မခြား အစစအရာရာကို စမ်းတဝါးဝါးနှင့် ရင်ဆိုင်နေရချိန်ဖြစ်သည်။ အခြားတစ်ဖက်တွင်မူ အာဆီယံအလှည့်ကျဥက္ကဋ္ဌဆိုသည့်တာဝန်က မသေးလှ။ အာဆီယံအဖွဲ့သည် မူလကပင် ကဏ္ဍအလိုက် အစည်းအဝေးများနှင့် ဖွဲ့စည်းထားသည့်အဖွဲ့အစည်းဖြစ်ရာ တစ်နှစ်အတွင်း အစည်းအဝေးပေါင်း ရာနှင့်ချီ၍ လက်ခံပြုလုပ်ပေးရသည်။ ကဏ္ဍတိုင်းတွင် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး၊ ဝန်ကြီးအဆင့်အစည်းအဝေးနှင့် နောက်ဆုံးအာဆီယံနိုင်ငံခေါင်းဆောင်များတက်ရောက်ကြသည့် ထိပ်သီးအစည်းအဝေးဟူ၍ အဆင့်ဆင့် စုဝေးဆွေးနွေးဆောင်ရွက်ကြရခြင်းဖြစ်၏။

ထိပ်သီးအစည်းအဝေးမှာလည်း တစ်နှစ်လျှင် နှစ်ကြိမ်ကျင်းပလေ့ရှိသည်။ နှစ်စဉ် ဧပြီလတစ်ဝိုက်တွင်ကျင်းပသည့် ထိပ်သီးအစည်းအဝေးမှာ ပုံမှန်ဖြစ်ပြီး နိုဝင်ဘာလတွင်ကျင်းပလေ့ရှိသည့် ထိပ်သီးအစည်းအဝေးမှာမူ ပို၍ကြီးမားသည့်အစည်းအဝေးဖြစ်သည်။ ယင်းထိပ်သီးအစည်းအဝေးနှင့် အတူ ဆက်စပ်အစည်းအဝေးများဖြစ်သည့် EAS ခေါ် အရှေ့အာရှ ထိပ်သီးအစည်းအဝေး၊ အာဆီယံနှင့် အဓိကဆွေးနွေးဖက်နိုင်ငံများ သီးခြားဆွေးနွေးကြသည့် အာဆီယံ အပေါင်းတစ်၊ အာဆီယံအပေါင်းသုံး အစည်းအဝေးများ၊ အာဆီယံဒေသတွင်း လုံခြုံရေးဖိုရမ် (ARF) စသည်ဖြင့် အစည်းအဝေးပေါင်း မြောက်မြားစွာက တွဲဖက်၍ပါဝင်လာသည်။ ထို့အပြင် နှစ်နိုင်ငံချင်း သီးခြားတွေ့ဆုံလိုပါကလည်း ယင်းတွေ့ဆုံဆွေးနွေးမှုများအတွက် နေရာထိုင်ခင်းမှအစ စီစဉ်ပြုလုပ်ပေးရသေးသည်။ နိုင်ငံအစိုးရအဖွဲ့များအကြား ပြုလုပ်သည့် အစည်းအဝေးများအပြင် ဒေသတွင်းစီးပွားရေးအုပ်စုများ တွေ့ဆုံဆွေးနွေးမှုများ၊ ပြည်သူလူထုနှင့် လူငယ်များတွေ့ဆုံဆွေးနွေးသည့် ဖိုရမ်များ စသည့် ဒုတိယလမ်းကြောင်း ( Track Two) ဆွေးနွေးပွဲများလည်း ရှိသေးသည်။ အာဆီယံထိပ်သီးအစည်းအဝေးများ၌ ပြည်တွင်းပြည်ပမှ မီဒီယာများနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်ပေါင်း ငါးထောင်၊ ခြောက်ထောင်ခန့်အထိ တက်ရောက်လေ့ရှိရာ အစစအရာရာ အဆင်ပြေအောင်ဆောင်ရွက်ရသည်မှာ မည်မျှကြီးလေးသောတာဝန်ဖြစ်မည်ကို မှန်းဆနိုင်ပါသည်။

**မြန်မာနိုင်ငံအပေါ် အစဉ်အမြဲ အဆိုး၊ အပျက်ဘက်မှ ရှုမြင်လေ့ရှိကြသော အချို့အချို့သောလူပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းများကလည်း မြန်မာနိုင်ငံအာဆီယံအဖွဲ့ထဲ၌ ရှိနေသည်ကိုပင် မတွေ့လိုမမြင်လိုသည့် အနေအထားရှိကြသည်။ စင်စစ်၌ ၁၉၆၇ ခုနှစ်တွင် အာဆီယံစတင်ဖွဲ့စည်းခဲ့စဉ်က မြန်မာနိုင်ငံကို အဖွဲ့ဝင်အဖြစ်ပါဝင်ပါရန် စတင်ဦးဆောင်သည့် နိုင်ငံများက အနူးအညွတ်မေတ္တာရပ်ခံခဲ့ကြသည်။ သို့ရာတွင် မြန်မာနိုင်ငံအနေဖြင့် တိကျသော ကြားနေရေးနှင့် ဘက်မလိုက်ဝါဒကို ကျင့်သုံးနေသည်ဖြစ်၍ ထိုစဉ်က စစ်အေးတိုက်ပွဲပြင်းထန်ဆဲကာလတွင် စစ်အုပ်စုကြီးတစ်ခု၏ စစ်စခန်းများချရပ်ထားသော နိုင်ငံအချို့နှင့်အတူ ဒေသတွင်းအဖွဲ့တစ်ဖွဲ့တည်း၌ ပါဝင်ရန်မဖြစ်နိုင်၍ ငြင်းပယ်ခဲ့ရခြင်းဖြစ်သည်။**

စစ်အေးတိုက်ပွဲပြီးဆုံး၍ နိုင်ငံတကာဆက်ဆံရေးအနေအထား ပြောင်းလဲလာချိန်၌ အာဆီယံသည်လည်း အရှေ့တောင်အာရှဒေသတစ်ခုလုံးရှိ နိုင်ငံအားလုံးတိုးချဲ့ပါဝင်လာစေရန် အားထုတ်ကြိုးပမ်းလာခဲ့သည်။ တစ်ချိန်က အာဆီယံအဖွဲ့၏ ခြိမ်းခြောက်မှုအန္တရာယ်သဖွယ် သဘောထားခံခဲ့ရသော ဗီယက်နမ်သည်ပင် ၁၉၉၅ ခုနှစ်၌ အာဆီယံအဖွဲ့ဝင်ဖြစ်လာခဲ့သည်။ မြန်မာနှင့် လာအိုတို့သည်လည်း ၁၉၉၇ ခုနှစ်၌ အဖွဲ့ဝင်များဖြစ်လာခဲ့ကြသည်။ ထိုစဉ်က မြန်မာနိုင်ငံကို အမျိုးမျိုးသောအကြောင်းပြချက် စွပ်စွဲချက်များဖြင့် အာဆီယံအဖွဲ့ဝင်အဖြစ် လက်ခံခြင်းမပြုရန် ဩဇာကြီးသော လက်မည်းကြီးများက အပြင်းအထန်ကြိုးပမ်းဖိအားပေးခဲ့ကြသည်ကို မှတ်မိပါသေးသည်။ အာဆီယံညီအစ်ကိုတော်များ၏နားလည်မှုနှင့် ချစ်ကြည်ရင်းနှီးမှုတို့ကြောင့် မြန်မာနိုင်ငံ အဖွဲ့ဝင်ဖြစ်လာခဲ့ပြီး နောက်၌လည်း အာဆီယံပါဝင်သည့် အာရှ- ဥရောပအစည်းအဝေး(ASEM) များ၌ မြန်မာကိုဖယ်ထုတ်ထားခဲ့ရန် တစ်ဖက်မှ ကြိုးပမ်းမှုများရှိခဲ့သည်။ မြန်မာမပါလျှင် အာဆီယံတစ်ဖွဲ့လုံး အစည်းအဝေးမတက်ဟု အာဆီယံနိုင်ငံများက တစ်ညီတစ်ညွတ်တည်း တင်းခံခဲ့မှုကြောင့် ဖယ်ထုတ်မခံခဲ့ရခြင်းဖြစ်သည်။

ဤသို့ အခက်အခဲပေါင်းများစွာနှင့် ပါဝင်လာခဲ့ရသည့် အာဆီယံအဖွဲ့ထဲ၌ မြန်မာနိုင်ငံ၏ အလှည့်ကျဥက္ကဋ္ဌဖြစ်ခွင့်ကိုပင် ပြင်ပဖိအားများကြောင့် လက်လွှတ်ခဲ့ရသေးသည်။ ပါတီစုံဒီမိုကရေစီနိုင်ငံတော်သစ်အဖြစ် စတင်ပြောင်းလဲတည်ဆောက်ခဲ့ပြီးနောက်၌မူ နိုင်ငံတော်အစိုးရအနေဖြင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာ၌ မိမိနိုင်ငံကို ထိုက်တန်သောနေရာရရှိအောင် ပြန်လည်၍ ကြိုးပမ်းခဲ့သည်။ ယင်းမှာ အစိုးရအတွက် မျက်နှာရစေရန်၊ ဂုဏ်တက်စေရန်မဟုတ်။ တစ်နိုင်ငံလုံး၏ဂုဏ်သိက္ခာအတွက်ဖြစ်သည်။ ထို့ကြောင့် အစိုးရအဖွဲ့သစ်တက်လာပြီး မကြာခင်မှာပင် ၂၀၁၁ ခုနှစ် ဧပြီလက အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တော်၌ကျင်းပသော အာဆီယံထိပ်သီးအစည်းအဝေးတွင် နိုင်ငံတော်သမ္မတကြီးက မြန်မာနိုင်ငံအနေဖြင့် ၂၀၁၄ ခုနှစ်တွင် ကျင်းပမည့် အာဆီယံထိပ်သီးအစည်းအဝေးတွင် မြန်မာနိုင်ငံက အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူလိုကြောင်း အဆိုပြုခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် ဥက္ကဋ္ဌအဖြစ် အလှည့်ကျသည့် လာအိုနိုင်ငံကလည်း ဝမ်းမြောက်ဝမ်းသာလက်ခံခဲ့သဖြင့် ဤကိစ္စကို ၂၀၁၁ ခုနှစ် နိုဝင်ဘာလထိပ်သီးအစည်းအဝေး၌ တရားဝင်ဆုံးဖြတ်ရန် သဘောတူခဲ့ကြသည်။

ထိုသို့ မြန်မာက စတင်အဆိုပြုခဲ့သည့် ၂၀၁၁ ခုနှစ် ဧပြီလ အာဆီယံထိပ်သီးအစည်းအဝေးတွင် တွဲဖက်ဆက်စပ်အစီအစဉ်တစ်ခုဖြစ်သော အာဆီယံပြည်သူ့ဖိုရမ်သို့ မြန်မာကိုယ်စားလှယ်များအဖြစ် ကျွန်တော်တို့ တက်ရောက်ခွင့်ရခဲ့သည်။ ထိုစဉ်က မြန်မာနိုင်ငံပြင်ပရှိ အုပ်စုအချို့ကလည်း မြန်မာကိုယ်စားလှယ်များအဖြစ် တက်ရောက်ခဲ့ကြပြီး ယင်းအစည်းအဝေးကို အင်နှင့်အားနှင့် လွှမ်းမိုးထားခဲ့သည်။ ကျွန်တော်တို့ကိုလည်း အမျိုးမျိုးဆန့်ကျင် ထိုးနှက်ခဲ့ကြပြီး ပြေရာပြေကြောင်း ဖျောင်းဖျပြောဆိုကာ ထိတွေ့စည်းရုံးသည်ကိုပင် ခါးသီးစွာ တုံ့ပြန်ခဲ့ကြသည်။ မြန်မာနိုင်ငံ၌ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ပြည်တွင်းစစ်များရှိနေဆဲဖြစ်သောကြောင့် အာဆီယံဥက္ကဋ္ဌရာထူးနှင့် မထိုက်တန်ဟု ကန့်ကွက်ခဲ့ကြသည်။ ကျွန်တော်တို့က **"ဤအစိုးရသည် အမှန်တကယ် ပြုပြင်ပြောင်းလဲမှုများ စတင်ပြုလုပ်နေသည့် အစိုးရဖြစ်ပါသည်။ ပြုပြင်ပြောင်းလဲမှုဆိုသည်မှာ အချိန်ယူရပါသည်။ ယခုအချိန်တွင် သံသယရှိနေခြင်းကို နားလည်ပါသည်။ သို့ရာတွင် စောင့်ကြည့်ပေးပါ။ အမှန်တကယ် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်သည်ကိုတွေ့ရပါက လက်ခံပေးပါ"** ဟု ရှင်းပြခဲ့သော်လည်း လက်မခံကြပါ။ (ယခုအခါ ထိုသူများထဲမှ ပုဂ္ဂိုလ်အချို့သည် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၌ အစိုးရနှင့်ပူးပေါင်း၍ လုပ်ဆောင်နေပြီဖြစ်ပါသည်။)

၂၀၁၁ ခုနှစ် နိုဝင်ဘာထိပ်သီးအစည်းဝေးမတိုင်မီကာလတွင် မြန်မာနိုင်ငံအား အလှည့်ကျဥက္ကဋ္ဌတာဝန်ပေးနိုင်ရေးအတွက် နိုင်ငံရေးအရလည်းကောင်း၊ စွမ်းဆောင်ရည်အရလည်းကောင်း ဖြစ်နိုင်၊ မဖြစ်နိုင်လေ့လာရန် ၊ ထိုစဉ်က အလှည့်ကျဥက္ကဋ္ဌဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးအပါအဝင် အာဆီယံသံတမန်အသိုင်းအဝိုင်းက မြန်မာနိုင်ငံသို့ ကိုယ်တိုင်လာရောက်လေ့လာဆွေးနွေးခဲ့ကြပါသည်။ ကျွန်တော်တို့က အစွမ်းကုန်ကြိုးစားမည်ဖြစ်ကြောင်း၊ ကျွန်တော်တို့လုပ်နိုင်မည်ဟု ယုံကြည်ကြောင်းပြန်လည်ဆွေးနွေးခဲ့ကြသည်။ အားလုံးလိုလိုက နားလည်မှုရှိရှိဖြင့် လက်ခံခဲ့ကြပါသည်။

**မည်သို့ပင်ဖြစ်စေ ၂၀၁၁ ခုနှစ် နိုဝင်ဘာ ထိပ်သီးအစည်းအဝေးကာလသို့ ရောက်သည့်တိုင်အောင် ၂၀၁၄ ခုနှစ် အလှည့်ကျဥက္ကဋ္ဌဖြစ်ရေးအတွက် စိတ်တုံးတုံးမချနိုင်သေးပါ။ အာဆီယံနိုင်ငံများကသာ ဆုံးဖြတ်ရမည့်ကိစ္စဖြစ်သော်လည်း ကမ္ဘာ့မဟာအင်အားကြီး အမေရိကန်အပါအဝင် ဆွေးနွေးဖက်နိုင်ငံများ၏သဘောထားကလည်း ရှိနေသေးသောကြောင့်ဖြစ်ပါသည်။**

**ယခုကျင်းပသော အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏နောက်ဆုံးတာဝန်ဖြစ်သည့် အာဆီယံထိပ်သီး အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများမှာလည်း နိုင်ငံတစ်ဝန်းလုံးမှ ပြည်သူများ၏ အားပေးထောက်ခံ ပါဝင်ဆောင်ရွက်မှုဖြင့် အောင်မြင်စွာ ကျင်းပနိုင်တော့မည်ဖြစ်**

**ထို့အပြင် အချို့သောအာဆီယံနိုင်ငံများဘက်မှလည်း 'အင်တင်တင်' ဖြစ်နေသလိုလို သတင်းများထွက်နေကြောင်း စိတ်တထင့်ထင့် ဖြစ်နေခဲ့ရပါသည်။**

ကျွန်တော်မှတ်မိသမျှ အာဆီယံထိပ်သီး နိုင်ငံ့ခေါင်းဆောင်များ၏ သီးသန့်ထိပ်သီးအစည်းအဝေးတွင် ဤကိစ္စကို ဆုံးဖြတ်ပါသည်။ သီးသန့်အစည်းအဝေးမှာ ပြင်ပသို့ရုပ်မြင်သံကြားထုတ်လွှင့်ပေးခြင်းမရှိသဖြင့် အပြင်ဘက်မှ စောင့်ကြည့်နေရသည့် ကျွန်တော်တို့လည်း ဘာမျှမသိရပါ။ မြန်မာနိုင်ငံမှ လာရောက်သတင်းယူကြသည့် သတင်းထောက်များအပါအဝင် ကမ္ဘာ့မီဒီယာများမှာလည်း စကြံအပြင်ဘက်တွင် သိလိုဇောဖြင့် စုရုံးအုံခဲနေကြပါသည်။ အစည်းအဝေးပြီးလျှင်ပြီးချင်း ခန်းမထဲမှထွက်လာသည့် မြန်မာနိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ပြုံးရွှင်သောအမူအရာဖြင့် ကျွန်တော်တို့ကို လက်မထောင်ပြသည်။ ကျွန်တော်တို့လည်း စကြံဝ၌စောင့်နေကြသော သတင်းသမားများထံ မဂ်လာစကား အပြေးအလွှားပါးလိုက်ရပါသည်။ မြန်မာသတင်းထောက်ကလေးများလည်း ဝမ်းသာအားရ ပျော်ရွှင်သွားခဲ့ကြပါသည်။

ထိုနေ့ညနေက နိုင်ငံတော်သမ္မတကြီးနှင့် နိုင်ငံတကာသတင်းမီဒီယာများတွေ့ဆုံရန် စီစဉ်ပေးနိုင်ခဲ့ပါသည်။ သမ္မတကြီး၏သက်တမ်းတွင် ပထမဆုံးသော နိုင်ငံတကာသတင်းကွန်ဖရင့် ဖြစ်ပါသည်။ မြန်မာကိုယ်စားလှယ်အဖွဲ့တည်းခိုသည့် မီကိုဟိုတယ်ရှိ သမ္မတကြီး၏ဧည့်ခန်းတွင်ပင် ကျစ်ကျစ်လျစ်လျစ်လုပ်ဆောင်ခဲ့ပြီး ကျွန်တော်က ဘာသာပြန်အဖြစ် ဆောင်ရွက်ပေးခဲ့ရပါသည်။ သတင်းစာရှင်းလင်းပွဲမှာ များစွာ အောင်မြင်ပါသည်။ ထိုစဉ်က သံသယတစ်ပိုင်း အကောင်းမြင်၊ မျှော်လင့်ချက်တစ်ဝက်ဖြင့် ရောက်လာကြသောသတင်းသမားများကို သမ္မတကြီးက စိတ်ရှည်သည်းခံ၍ အချိန်ယူပြောကြားပေးခဲ့ပါသည်။ ဤသို့ဖြင့် နိုင်ငံတကာသတင်းမျက်နှာစာတွင် တံခါးတစ်ချပ်လှပ်၍ စတင်ဖွင့်လှစ်နိုင်ခဲ့ပါ၏။ အဆိုပါသတင်းစာရှင်းလင်းပွဲတွင် သမ္မတကြီးပြောခဲ့သည့်စကားတစ်ခွန်းကို ယခုထက်တိုင်မှတ်မိပါသေးသည်။ သမ္မတကြီးက ဤသို့အလှည့်ကျဥက္ကဋ္ဌ တာဝန်ယူရမည့်အတွက် များစွာ ဂုဏ်ယူဝမ်းမြောက်မိသလို ကြီးမားသောတာဝန်တစ်ရပ် ပခုံးပေါ်သို့ကျရောက်လာပြီဟုခံယူပါကြောင်း၊ ဤတာဝန်ကို မြန်မာနိုင်ငံအစိုးရနှင့်တကွ ပြည်သူအားလုံးအနေဖြင့် ကျေပွန်အောင် အစွမ်းကုန်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

သမ္မတကြီးမိန့်ကြားခဲ့သည့်အတိုင်း အလှည့်ကျဥက္ကဋ္ဌ တာဝန်ဟူသော ဝန်ထုပ်ဝန်ပိုးကြီးမှာ ကြီးမားလှပါသည်။ အခြေခံအဆောက်အအုံပိုင်းဆိုင်ရာ၊ အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာ၊ လုပ်ငန်းစွမ်းဆောင်ရည်ဆိုင်ရာကဏ္ဍများတွင် အချိန်မီအသင့်ဖြစ်စေရန် များစွာအားထုတ်ကြိုးပမ်းခဲ့ကြရပါသည်။ အခြေခံအဆောက်အအုံပိုင်းတွင် ၂၀၁၁ ခုနှစ်မှစ၍ အာဆီယံထိပ်သီးညီလာခံကျင်းပရာနေရာတိုင်းသို့ မြန်မာကိုယ်စားလှယ် ကျွမ်းကျင်ပညာရှင်များ သွားရောက်လေ့လာ၍ မြန်မာ နိုင်ငံတကာကွန်ဗင်းရှင်း ဗဟိုဌာနအသစ်ကြီးတစ်ခုကို နှစ်နှစ်အတွင်း အချိန်မီပြီးစီးအောင် ဆောက်လုပ်ခဲ့ကြပါသည်။ မြန်မာဆောက်လုပ်ရေးလုပ်ငန်းရှင်များကလည်း နိုင်ငံတော်အဆင့် ဧည့်သည်တော်များတည်းခိုမည့် ကြယ်ငါးပွင့်အဆင့် ဟိုတယ်များကို ကြိုးစားဆောက်လုပ်ပေးခဲ့ကြပါသည်။ အစိုးရဌာနအားလုံးကလည်း အာဆီယံနှင့် နိုင်ငံတကာကျွမ်းကျင်သူများ၏ အကူအညီဖြင့် လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးအတွက် ကြိုတင်ပြင်ဆင်လေ့ကျင့်ခဲ့ကြရပါသည်။ ယာဉ်မောင်း၊ လုံခြုံရေးနှင့် ဆက်ဆံရေးအရာရှိများမှအစ ပြည်ထောင်စုဝန်ကြီးအဆုံး အားလုံးပါဝင်လေ့ကျင့်ပြင်ဆင်ခဲ့ကြရပါသည်။ နိုင်ငံတကာအဆင့်မီအောင် လိုအပ်သည့်စက်ကိရိယာပစ္စည်းများကို ပြည့်စုံအောင် ဖြည့်ဆည်းရပါသည်။

"ပွဲမဝင် ပြင်ကကျင်းပ"ဆိုသလို ဆက်တိုက်လေ့ကျင့်မှုများလည်း ပြုလုပ်ကြရပါသည်။ ၂၀၁၃ ခုနှစ်နှောင်းပိုင်းတွင် အောင်မြင်စွာလက်ခံကျင်းပနိုင်ခဲ့သည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးမှာလည်း အာဆီယံထိပ်သီးအစည်းအဝေး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လက်တွေ့စမ်းသပ်သည့် အစမ်းစာမေးပွဲတစ်ခုပမာ ဖြစ်ပါသည်။

နောက်ဆုံးတွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ယူရမည့် ၂၀၁၄ ခုနှစ်သို့ ရောက်ရှိလာခဲ့ပါတော့သည်။ ၂၀၁၄ ခုနှစ်သည် တစ်ခုတည်းသော အာဆီယံအသိုက်အဝန်းကြီးထူထောင်ရမည့် ၂၀၁၅ ခုနှစ် (တိကျစွာပြောရပါလျှင် ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့) မတိုင်မီ နောက်ဆုံးကြိုတင်ပြင်ဆင်ရမည့်နှစ်ဖြစ်၍ အရေးကြီးဆုံးနှစ်ဟုလည်းဆိုနိုင်ပါသည်။ တောင်တရုတ်ပင်လယ်ကိစ္စ၊ ကိုရီးယားကျွန်းဆွယ်ကိစ္စ၊ တရုတ်- ဂျပန်ဆက်ဆံရေးကိစ္စ၊ တရုတ်- အမေရိကန်ဆက်ဆံရေးကိစ္စ စသည်ဖြင့် အလွန်အရေးပါ၍ စိတ်ဝင်စားဖွယ်ကောင်းသော နိုင်ငံတကာ နိုင်ငံရေးကိစ္စများနှင့်လည်း တိုက်ဆိုင်နေပါသည်။ အခြားသောဒေသတွင်းစီးပွားရေး၊ လူမှုရေးကိစ္စများတွင်လည်း တစ်ခုတည်းသော အသိုက်အဝန်းဖြစ်စေရေး ဆက်လက်ညှိနှိုင်းသွားရမည့် အရေးပါသောအစည်းအဝေးများစွာ ရှိနေခဲ့ပါသည်။

**မည်သို့ပင်ဖြစ်စေ နိုင်ငံတော်သမ္မတကြီး၏ ဦးဆောင်လမ်းညွှန်မှု၊ ဝန်ကြီးဌာနများနှင့် ဝန်ထမ်းများအားလုံး၏ တက်ညီလက်ညီကြိုးပမ်းမှု၊ လွှတ်တော်အသီးသီးနှင့် ပြည်သူ့ကိုယ်စားလှယ်များ၊ ပူးပေါင်းကူညီအားပေးမှု၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အနုပညာရှင်များ၊ သတင်းမီဒီယာများနှင့် ပြည်သူအားလုံးတို့၏ အားပေးထောက်ခံမှုများဖြင့် ၂၀၁၄ ခုနှစ်အတွင်းကျင်းပခဲ့သော အာဆီယံအဖွဲ့၏အစည်းအဝေးအသီးသီးနှင့် လုပ်ငန်းဆောင်တာများကို အလှည့်ကျဥက္ကဋ္ဌနိုင်ငံအနေဖြင့် အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပါပြီ။ ယခုကျင်းပသော အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ နောက်ဆုံးတာဝန်ဖြစ်သည့် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများမှာလည်း နိုင်ငံတစ်ဝန်းလုံးမှပြည်သူများ၏ အားပေးထောက်ခံပါဝင်ဆောင်ရွက်မှုဖြင့် အောင်မြင်စွာကျင်းပနိုင်တော့မည် ဖြစ်ပါသည်။**

ဤသို့ အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်နှင့် ထိပ်သီးအစည်းအဝေးများကို နုနယ်သောသက်တမ်းကာလအတွင်း အောင်မြင်စွာကျင်းပနိုင်ခြင်းမှာ နိုင်ငံတော်အစိုးရအတွက် အောင်မြင်မှုသမိုင်းမှတ်တိုင် သက်သက်မျှမဟုတ်ပေ။ စင်စစ်၌ ပြည်သူတစ်ရပ်လုံး၏ယုံကြည်အားပေးထောက်ခံပါဝင်မှုများဖြင့် ရရှိလာခဲ့သောအောင်မြင်မှုဖြစ်ပြီး "ပြည်သူအားလုံး၏အောင်ပွဲ မြန်မာတစ်နိုင်ငံလုံး၏အောင်ပွဲ" သာဖြစ်ပေသည်။ အရှေ့တောင်အာရှဒေသတွင်း၌ "မြန်မာတွေလည်း လုပ်နိုင်စွမ်းရှိသည်" ဆိုခြင်းကို လက်တွေ့ပြသနိုင်ခဲ့သော "မြန်မာ့အောင်ပွဲ" စစ်စစ်ဖြစ်သည်ဟုသာ ဆိုလိုက်ချင်ပါသည်။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ဘာဆယ်ကွန်ဗင်းရှင်းသို့ မြန်မာနိုင်ငံက အဖွဲ့ဝင်နိုင်ငံအဖြစ်ဝင်ရောက်ရေး လွှတ်တော်ကအတည်ပြု



**နေပြည်တော် နိုဝင်ဘာ ၁၀**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် **ဘာဆယ်ကွန်ဗင်းရှင်း (Basel Convention) သို့ မြန်မာနိုင်ငံက အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ရေးကိစ္စ** ကို လွှတ်တော်က အတည်ပြုခဲ့သည်။

ဘာဆယ်ကွန်ဗင်းရှင်းသို့ အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ပါက လူသားတို့၏ ကျန်းမာရေးနှင့်ပတ်ဝန်းကျင်ကို ကာကွယ်နိုင်ခြင်း၊ ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများအတွက် ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုစနစ်နှင့် ထိန်းချုပ်မှုစနစ်များကို ရရှိနိုင်ခြင်း၊ ကမ္ဘာတစ်ဝန်းဒေသတွင်းနှင့် ဒေသဆိုင်ရာလမ်းညွှန်မှုများ၊ အလေ့အကျင့်များ သဘောတူညီမှုများနှင့် လုပ်ငန်းစီမံကိန်းများ လက်ခံရရှိနိုင်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်နိုင်ခြင်း၊ လူတစ်ဦးချင်းစီ၏ အသိအမြင်နိုးကြားမှုများ တိုးတက်လာနိုင်ခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အဆင့်မြင့်အရာရှိကြီးများတွေ့ဆုံပွဲများ စသည်တို့မှတစ်ဆင့် ဒေသတွင်း အသိအမြင်နိုးကြားမှုများကို မြှင့်တင်ပေးနိုင်ခြင်း၊ လူ့စွမ်းအားအရင်းအမြစ်မြှင့်တင်မှု လိုအပ်ချက်နှင့် ဦးစားပေးလုပ်ငန်းရပ်များအကြား ဆက်စပ်မှုများကို ဖန်တီးပေးနိုင်ခြင်း၊ နယ်စပ်ဖြတ်ကျော်သော စွန့်ပစ်ပစ္စည်းများနှင့် ပတ်သက်သည့် ညီလာခံများ၊ အစည်းအဝေးများ၊ ဆွေးနွေးပွဲများ၊ သင်တန်းများကိုလည်း တက်ရောက်ခွင့်ရရှိနိုင်ခြင်း၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှု အခွင့်အလမ်းများရရှိနိုင်ပြီး ငွေကြေးနှင့် နည်းပညာအထောက်အပံ့များ ရရှိနိုင်ခြင်း၊ လုပ်ငန်းစွမ်းဆောင်ရည်များ ပိုမိုအားကောင်းလာစေခြင်း၊ ပုဂ္ဂလိကပြည်သူများနှင့် သက်ဆိုင်သည့် အခန်းကဏ္ဍများကို အခြေခံသည့် အသိအမြင်၊ ဗဟုသုတနှင့် စွမ်းဆောင်ရည်တည်ဆောက်ပေးနိုင်ခြင်းတို့ ရရှိနိုင်မည်ဖြစ်သည်။

ထို့အပြင် ဘာဆယ်ကွန်ဗင်းရှင်း၏ အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ပြီးဖြစ်သည့် အာဆီယံနိုင်ငံများနည်းတူ မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးခြင်းအားဖြင့် စွန့်ပစ်ပစ္စည်းများနှင့် ပတ်သက်သည့် အခက်အခဲများကို ဒေသအတွင်း ပူးပေါင်းဖြေရှင်းဆောင်ရွက်လာနိုင်မည့်အပြင် နိုင်ငံတကာအဖွဲ့အစည်းများမှ စီမံအုပ်ချုပ်မှုနည်းလမ်းများနှင့် နည်းပညာပိုင်းဆိုင်ရာ အထောက်အပံ့များကိုလည်း ရရှိနိုင်မည်ဖြစ်ကြောင်းသိရသည်။

ထို့နောက် **၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်း၏ ရငွေသုံးငွေများ** နှင့်စပ်လျဉ်း၍ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းကြသည်။

ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ရငွေသုံးငွေများ၏အခြေအနေ၊ ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဘတ်ဂျက်ဥပဒေနှင့်အညီ ဆောင်ရွက်နေမှု၊ ဝန်ကြီးဌာနများ၏ ငွေလုံးငွေရင်း အသုံးစရိတ်စာအုပ်များတွင်စီမံကိန်းအမည်၊ တည်နေရာ၊ ခန့်မှန်းတန်ဖိုး၊ သုံးစွဲပြီးသည့်ငွေ၊ ထပ်မံသုံးစွဲမည့်ငွေနှင့် ထပ်မံလိုအပ်ငွေ စသည့် အချက်အလက်များဖြင့် ဖော်ပြပေးထားမှုကို ရှင်းလင်းသည်။

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဝေလွင်က အသုံးစရိတ်တွင် သတ်မှတ်ထားသည့် ရှစ်ရာခိုင်နှုန်းထက်ကျော်လွန်ခြင်းအတွက် ငွေကျပ် သန်း ၁၀၀ ကို ခေါင်းစဉ်လွှဲပြောင်း သုံးစွဲရန်နှင့် ပတ်သက်၍ ကာကွယ်ရေးဝန်ကြီးဌာန၏ ဘတ်ဂျက်သုံးစွဲရသည့် သဘောသဘာဝများကို ရှင်းလင်းသည်။

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးက ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ရငွေသုံးငွေလျာထားချက်၊ ဖြည့်စွက်ရန်ပုံငွေတောင်းခံခြင်းအပေါ် စိစစ်လျှော့ချမှုအခြေအနေ၊ သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်း အသုံးစရိတ် လျှော့ချမှုအခြေအနေ၊ လုပ်ငန်းသုံးရင်းနှီး လျှော့ချမှု အခြေအနေတို့ကို ရှင်းလင်းသည်။

အလားတူ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် နေပြည်တော်ကောင်စီတို့က ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၏ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ ရှင်းလင်းကြသည်။

အစည်းအဝေးတွင် သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်းက **"ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်းအား အမေရိကန်သမ္မတ၏ အုပ်ချုပ်မှုအာဏာ EO ၁၃၄၄၈ အရ အမေရိကန်ပြည်ထောင်စု ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ပပိုင်ဆိုင်မှုများ ထိန်းချုပ်ရေးရုံး၏ ပိတ်ဆို့ကန့်သတ်ခံရသူများစာရင်းတွင် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၃၁ ရက်မှစ၍ ထည့်သွင်းလိုက်ကြောင်း သတင်းထုတ်ပြန်ချက်သည် လွှတ်တော်အသီးသီးက အလေးထားဆောင်ရွက်လျက်ရှိသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်ပေါင်းစည်းရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းစဉ်များကို ထိခိုက်စေနိုင်သည့်အပြင် လွှတ်တော်အသီးသီးနှင့် လွှတ်တော်ကော်မတီများ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ ဂုဏ်သိက္ခာနှင့် တိုးတက်ကောင်းမွန်လျက်ရှိသည့် အမေရိကန်-မြန်မာ ဆက်ဆံရေးကိုပါ ထိခိုက်စေနိုင်ပါသဖြင့် ပြည်ထောင်စုလွှတ်တော်က အဆိုပါသတင်းထုတ်ပြန်ချက်ကို ကန့်ကွက်ပါကြောင်းနှင့် ဤကဲ့သို့ ဖြစ်ရပ်မျိုး ပေါ်ပေါက်စေရန် ဖန်တီးလုပ်ကိုင်သူများနှင့် ဆောင်ရွက်မှုများကိုလည်း ရှုတ်ချပါကြောင်း"** အဆိုကို လွှတ်တော်သို့ တင်သွင်းသည်။

ယင်းအဆိုကို လွှတ်တော်က အတည်ပြုကြောင်းနှင့် ပြည်ထောင်စုလွှတ်တော်တွင် ထုတ်ပြန်ကြေညာချက် ထုတ်ပြန်သွားမည်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သည်။

**(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# သဘာဝဘေးအန္တရာယ်များအတွက် လိုအပ်လာသည့်ရန်ပုံငွေများကို ပြည်ထောင်စုအစိုးရ၏ခွင့်ပြုချက်ဖြင့် သီးသန့်ရန်ပုံငွေမှသုံးစွဲလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၀**

ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၇ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦး၏ **"ကမ်းရိုးတန်းဒေသများ၌ ကြုံတွေ့ရသော ရာသီဥတုဆိုးရွားမှု၊ လေပြင်းဒဏ်၊ မိုးဘေးဒဏ်များနှင့် ပတ်သက်၍ ရသုံးမှန်းခြေငွေစာရင်းတွင် ရေရှည်လုပ်ငန်းစီမံကိန်းအနေဖြင့် သီးသန့်ရန်ပုံငွေ ချန်လှပ်ထားမှုကို သိရှိလိုကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရအနေဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှစ၍ ကြိုတင်မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်နှင့် ဘဏ္ဍာရေးနှစ်အတွင်း မသုံးစွဲလျှင်မဖြစ်သည့် အထူးကိစ္စရပ်များအတွက် သုံးစွဲနိုင်ရန် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေ ငွေစာရင်းတွင် သီးသန့်ရန်ပုံငွေကျပ် ၁၀၀ ဘီလီယံကို နှစ်စဉ်လျာထားခဲ့ပါကြောင်း။

အဆိုပါ သီးသန့် ရန်ပုံငွေကို ကြိုတင်မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်များအတွက် အသုံးစရိတ်ဖြစ်ခြင်း၊ ဘဏ္ဍာရေးနှစ်အတွင်း မသုံးစွဲလျှင်မဖြစ်သည့် အထူးကိစ္စရပ်ဖြစ်ခြင်း၊ တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများအရ ခေါင်းစဉ်လွှဲပြောင်းကျခံရန်၊ မဖြစ်နိုင်ခြင်း သို့မဟုတ် ခေါင်းစဉ်လွှဲပြောင်းကျခံရန်အတွက် ရန်ပုံငွေမရှိခြင်း၊ သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရ ခွင့်ပြုရမည်ဖြစ်ခြင်း၊ ပြည်ထောင်စု အစိုးရအဖွဲ့သည် သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကိစ္စရပ်များကို ကိစ္စတစ်ခုချင်းအလိုက် ကျိုးကြောင်းဖော်ပြ၍ အနီးကပ်ဆုံး ကျင်းပသည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တင်ပြရမည်ဖြစ်ပါကြောင်း။

တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ကြိုတင်မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်များဖြစ်သည့် ရာသီဥတုဆိုးရွားမှုနှင့် လေပြင်းဒဏ်၊ မိုးဘေး၊ ရေဘေးနှင့် မုန်တိုင်းကျရောက်မှုများဖြစ်ပေါ်လာပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအပြင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများကို ဆက်စပ်ဆောင်ရွက်ရသည့် အခြားဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများက လိုအပ်လာသည့် ရန်ပုံငွေများကို ကျခံနိုင်ရန် ပြည်ထောင်စုအစိုးရ၏ ခွင့်ပြုချက်ဖြင့် သီးသန့်ရန်ပုံငွေကျပ် ဘီလီယံ ၁၀၀ မှ သုံးစွဲလျက်ရှိပါကြောင်း။

အမျိုးသားအဆင့် သဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများ၏ ဦးဆောင်မှုဖြင့် နိုင်ငံတော်၏ ဒေသများတွင် နှစ်စဉ်ကြုံတွေ့နေရသော ရာသီဥတု ဆိုးရွားမှု၊ ရေကြီးမှု၊ လေပြင်းဒဏ်၊ မိုးဘေးဒဏ်များနှင့် ပတ်သက်၍ နိုင်ငံတော်၏ နှစ်စဉ် ရသုံးမှန်းခြေငွေစာရင်းတွင် အဓိကတာဝန်ယူ ဆောင်ရွက်သည့် ဝန်ကြီးဌာနမှ လျာထားခြင်း၊ သီးသန့်ရန်ပုံငွေမှ သုံးစွဲခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးမြတ်ခိုင်၏ **"သက်တမ်းစေ့ အသက်ရှည်ကျန်းမာစွာ နေထိုင်နိုင်ရေးအတွက် ကျန်းမာရေးနှင့် ဆက်စပ်သော သက်ဆိုင်ရာဌာနများ အားလုံး ပူးပေါင်းညှိနှိုင်း၍ စီမံဆောင်ရွက်မည့် အစီအစဉ်ရှိ/မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က ကူးစက်ရောဂါမဟုတ်သော နာတာရှည်ရောဂါများ ကင်းဝေး၍ သက်တမ်းစေ့ အသက်ရှည်ကျန်းမာစွာ နေထိုင်ရေးအတွက် ရေရှည်အားဖြင့် ကျန်းမာရေးဝန်ကြီးဌာန တစ်ခုတည်းသာမကဘဲ ကျန်းမာရေးနှင့် ဆက်စပ်နေသော သက်ဆိုင်ရာဌာနများ အားလုံး ညှိနှိုင်းပူးပေါင်း၍ စီမံဆောင်ရွက်သွားမည့် အစီအစဉ်ရှိပါကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနသာမက နီးနွယ်ဝန်ကြီးဌာနများနှင့် အစိုးရမဟုတ်သော ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ စာတမ်းဖတ်ပွဲများပြုလုပ်ခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ ပညာပေးဇာတ်လမ်းတို၊ စကားဝိုင်းများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြားအစီအစဉ်များတွင် ထည့်သွင်းပြသ ပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားခဲ့သည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# မြန်မာနိုင်ငံ ဆေးကောင်စီဥပဒေကြမ်းနှင့် ပတ်သက်သည့် အစီရင်ခံစာတင်သွင်း

**နေပြည်တော် နိုဝင်ဘာ ၁၀**

အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၇) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး၏ တရားရေးဆိုင်ရာ မေးခွန်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးညွန့်က ရှင်းလင်းဖြေကြားသည်။

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃) မှ ဦးတင်မောင်မြင့်၏ **"လောင်းလုံမြို့နယ်အတွင်း တရားမဝင်ငွေစု၊ လေလံငွေစု/ငွေချေးလုပ်ငန်းများလုပ်ကိုင်ပြီး မပြေမလည်ဖြစ်သောအခါ မြို့နယ်တရားရုံးတွင် တရားစွဲဆိုခြင်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်အနေဖြင့် မည်ကဲ့သို့ ကြီးကြပ်ဆောင်ရွက်နေသည်ကို သိရှိလိုကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ငွေစုလုပ်ငန်းလုပ်ကိုင်ကြရာတွင် မိမိတို့စုပေါင်း၍ လစဉ်ငွေထည့်ဝင်စုဆောင်းပြီး ရရှိသည့်ငွေကို တစ်ဦးချင်း အလှည့်ကျသုံးစွဲကြရန် အားလုံးသဘောတူညီသည့် ပဋိညာဉ်အရ ဆောင်ရွက်သည့်လုပ်ငန်း ဖြစ်ပါကြောင်း။

ငွေစုလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးဦးက သဘောတူထားသည့် စည်းကမ်းချက်ပဋိညာဉ်ကို ဖောက်ဖျက်မည်ဆိုပါက နစ်နာသူက ရုံးခွန်ထမ်းဆောင်ကာ တရားမကြောင်းအရ တရားစွဲဆိုခွင့်ရှိပါကြောင်း၊ အခြားသူများက အပ်နှံထားသည့်ငွေကို လက်ခံရယူထားသူက ပြန်ပေးရမည့်အချိန်တွင် ပြန်ပေးရန် တာဝန်ရှိပါကြောင်း၊ ပြန်မပေးပါက ငွေအပ်နှံထားသူက တရားစွဲဆိုပြီး တောင်းခံခွင့်ရှိခြင်းသည် မျှတမှုရှိပါကြောင်း။

လောင်းလုံမြို့နယ်တွင် ဖြစ်ပွားခဲ့သည့် ပြစ်မှုများမှာ ငွေစုအပ်နှံသူများ ယုံကြည်အပ်နှံထားသည့် ငွေကို လက်ခံထားသည့် ငွေစုဒိုင်က ပြန်လည်ထုတ်မပေးခြင်းကြောင့် ငွေစုဒိုင်အပေါ် တရားစွဲဆိုသည့် အမှုများ၊ ဖြားယောင်းသွေးဆောင် ကတိပေး၍ ထည့်ဝင်ထားသည့်ငွေကို ငွေစုဒိုင်က ပြန်ထုတ်မပေးခြင်းကြောင့် ငွေစုဒိုင်အပေါ် ငွေစုအပ်နှံထားသူများက စွဲဆိုထားသည့် အမှုများဖြစ်ပါကြောင်း၊ တရားစွဲဆိုခြင်းခံရသူ ငွေစုဒိုင်သည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၆၊ ၄၂၀ တို့အရ ပြစ်မှုကျူးလွန်ကြောင်း၊ သက်သေထင်ရှားပေါ်ပေါက်သည့်အတွက် စုငွေလက်ခံထားသူ ငွေစုဒိုင်ကို ပြစ်မှုထင်ရှားစီရင်ခဲ့ခြင်းဖြစ်ပါကြောင်း။

တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်အနေဖြင့် အမှုများကို ဥပဒေနှင့်အညီ စီရင်ဆုံးဖြတ်ရန် သက်ဆိုင်ရာ မြို့နယ်တရားသူကြီးများကို အမြဲမပြတ်မှာကြားလျက်ရှိပါကြောင်း၊ ဥပဒေလုပ်ထုံးလုပ်နည်းများကိုလည်း ရှင်းပြပါကြောင်း၊ မြို့နယ်တရားသူကြီးများ လိုက်နာဆောင်ရွက်ရန် အချက်များကို လိုက်နာစေရန် ကြီးကြပ်ဆောင်ရွက်လျက် ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုင်းမြမောင်၏

*စာမျက်နှာ ၈ သို့*

ပြည်တွင်းသတင်း

# အာဆီယံထိပ်သီးအစည်းအဝေး ကြိုတင်ပြင်ဆင်မှုအဖြစ် အာဆီယံအဆင့်မြင့်အရာရှိကြီးများအစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၀**

(၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးအတွက် ကြိုတင်ပြင်ဆင်မှုအဖြစ် အာဆီယံ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို နိုဝင်ဘာ ၁၀ ရက်တွင် နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ ၌ ကျင်းပရာ **(ယာပုံ)** မြန်မာနိုင်ငံ၏ အဆင့်မြင့်အရာရှိကြီးဖြစ်သူ နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်လင်းက သဘာပတိအဖြစ်ဆောင်ရွက်ခဲ့ပြီး အာဆီယံ ၁၀ နိုင်ငံမှ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံ ဒုတိယအတွင်းရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင်(၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၏ အစီအစဉ်များနှင့် စပ်လျဉ်း၍ ညှိနှိုင်းမှုများပြုလုပ်ခဲ့ကြပြီး အာဆီယံအသိုက်အဝန်း ထူထောင်ရေး၊ အာဆီယံ၏ အချက်အချာကျမှုမြှင့်တင်ရေးနှင့် မိတ်ဖက်နိုင်ငံများ ဆက်ဆံမှုဆိုင်ရာတို့ကို ဆွေးနွေးခဲ့ကြ သည်။ ထို့အပြင် (၂၅) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် ထုတ်ပြန်မည့် ကြေညာချက်များ၊ စာရွက်စာတမ်းများနှင့် ပတ်သက်၍ အပြီးသတ်ညှိနှိုင်းခဲ့ကြသည်။

ညပိုင်းတွင် ညွှန်ကြားရေးမှူးချုပ် ဦးအောင်လင်းသည် အာဆီယံ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးသို့ တက်ရောက်လာကြသည့် အာဆီယံ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီးများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ကိုယ်စားလှယ်များအား နေပြည်တော်လိတ်ဂါးဒင်းဟိုတယ်၌ ညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



*အမျိုးသားလွှတ်တော်မှ*

**"ကချင်ပြည်နယ် ဗန်းမော်ခရိုင်ရှိ တရားမကြီးအမှုအမှတ် ၁၀/ ၂၀၁၁ အမှုအား အမှန်တရား ပေါ်ပေါက်နိုင်ရေးအတွက် စစ်ဆေးဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ အမှုမှာ စုကြေးဒိုင်လုပ်သူများက ပထမဆုံးအကြိမ် စုကြေးငွေများကို ခံစားပြီးနောက် ကျန်လစဉ်ဆုကြေးကို လေလံဆွဲရသူများက အလှည့်ကျထုတ်ယူခံစားကြရန် နှုတ်ကတိသဘောတူညီချက်အရ လုပ်ကိုင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ သဘောတူထားသည့် နှုတ်ကတိပဋိညာဉ်ကိုဖောက်ဖျက်သဖြင့် လျော်ကြေးတောင်းဆိုခြင်းဖြစ်၍ ကာလစည်းကမ်းသတ် အက်ဥပဒေအရ ပဋိညာဉ်ဖောက်ဖျက်သည့် အချိန်မှစ၍ သုံးနှစ်အတွင်းတရားစွဲဆိုရမည်ဖြစ်ပါကြောင်း၊ ပဋိညာဉ်ဖောက်ဖျက်သည့်နေ့ ၂၀၀၇ ခုနှစ် ဧပြီ ၁၅ ရက်မှ ၂၀၁၀ ပြည့်နှစ် ဧပြီ ၁၅ ရက်အတွင်း တရားစွဲရမည်ဖြစ်သော်လည်း ၂၀၁၀ ပြည့်နှစ် ဧပြီ ၂၂ ရက်မှ တရားစွဲဆိုခြင်းဖြစ်၍ စည်းကမ်းသတ်ကာလ ကျော်လွန်နေကြောင်း သုံးသပ်ပြီး အမှုကို ပလပ်ခဲ့ခြင်းဖြစ်ပါကြောင်း။

စုကြေးငွေများ အမှန်တကယ်ထည့်ဝင်ခဲ့ပြီး အလှည့်ကျပြန်လည်ထုတ်ယူခံစားခွင့် မရရှိသေး၍ အဆိုပါငွေများ ရရှိရန်အတွက် တရားမမှုစွဲဆိုခဲ့ခြင်းမှာ မှန်သော်လည်း စွဲဆိုသောအမှုသည် တရားစွဲဆိုရန် သတ်မှတ်ထားသည့် ကာလစည်းကမ်းသတ်အက်ဥပဒေပါ သတ်မှတ်ကာလကျော်လွန်နေခြင်းကြောင့် အယူခံရုံးအဆင့်ဆင့်တွင် အမှုရှုံးနိမ့်ခဲ့ရခြင်းဖြစ်ပါကြောင်း၊ အမှုမှန်ဖြစ်သော်လည်း စွဲဆိုရာတွင် ကာလစည်းကမ်းသတ် ကျော်လွန်ပြီးမှ တရားစွဲဆိုခဲ့ခြင်းကြောင့် အမှုရှုံးနိမ့်ခဲ့ရခြင်းဖြစ်ပြီး ၎င်းအမှုကို ပြန်လည်စစ်ဆေးဖြေရှင်းပေးနိုင်မည် မဟုတ်ပါကြောင်းဖြင့် ဖြေကြားသည်။

ယနေ့အစည်းအဝေးတွင် ပညာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် တရားရေးဆိုင်ရာ မေးခွန်း (၇)ခုကို မေးမြန်းဖြေကြားခဲ့ကြပြီး မြန်မာနိုင်ငံဆေးကောင်စီဥပဒေကြမ်းနှင့် ပတ်သက်သည့် အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့သည်။ **(သတင်းစဉ်)**

# အာဆီယံ-အမေရိကန် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ပူးတွဲထုတ်ပြန်ချက်(မူကြမ်း) ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၀**

ဒုတိယအကြိမ် အာဆီယံ-အမေရိကန်ပြည်ထောင်စု ထိပ်သီးအစည်းအဝေးတွင် ထုတ်ပြန်မည့် အာဆီယံ-အမေရိကန် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ပူးတွဲထုတ်ပြန်ချက်(မူကြမ်း)နှင့်ပတ်သက်၍ အာဆီယံနှင့် အမေရိကန်ပြည်ထောင်စု အကြား ညှိနှိုင်းမှုကို ယနေ့ညနေ ၄ နာရီခွဲမှ ၅ နာရီခွဲအထိ အာဆီယံနှင့် အမေရိကန်တို့ ဆက်လက်ဆွေးနွေးခဲ့ရာ အာဆီယံရေးရာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးအောင်ထူးနှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယ လက်ထောက်ဝန်ကြီး မိုက်ကယ်ဖုစ်တို့က ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ခဲ့ကြပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ အမေရိကန်နှင့်အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

အဆိုပါ ပူးတွဲကြေညာချက်တွင် နိုင်ငံများ၏ လူမှုဘဝ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် သာယာဝပြောမှုကို ခြိမ်းခြောက်လျက်ရှိသော ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု၏ အကျိုးသက်ရောက်မှုများကို ဖြေရှင်းရာတွင် အာဆီယံနိုင်ငံများနှင့် အမေရိကန်နိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်သွားရန်နှင့် ယင်းသို့ ဆောင်ရွက်ရာတွင် အမေရိကန်ပြည်ထောင်စုက အာဆီယံနိုင်ငံများအား ပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို ထည့်သွင်းပြောကြားသွားရန် ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တပ်မတော်(ရေ)က ပင်လယ်ပြင်တွင်မျောပါနေသော ရေလုပ်သား ၂၆ ဦးကို တတိယအကြိမ်အဖြစ် ရှာဖွေပို့ဆောင်ခဲ့ပြီး စုစုပေါင်း ပင်လယ်ပြင်မျောပါရေလုပ်သား ၄၅၂ ဦး ရှာဖွေကယ်ဆယ်ထားနိုင်

**ရန်ကုန် နိုဝင်ဘာ ၁၀**

တပ်မတော်(ရေ)က ပင်လယ်ပြင်တွင် မျောပါနေသော ကျားဖောင်ရေလုပ်သား ၂၆ ဦးကို တတိယအကြိမ်အဖြစ် ရှာဖွေပေးနိုင်ခဲ့ပြီး ယနေ့ညနေတွင် သာကေတ ရေတပ်ဆိပ်ကမ်းသို့ ပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

"ပင်လယ်ပြင်မျောပါ ကျားဖောင်ရေလုပ်သား ၂၆ ဦးကို တတိယအသုတ် ရှာဖွေပို့ဆောင်ပေးမယ်။ ဒီနေ့ညနေလောက်မှ တွဲဆွဲရေယာဉ် န၀ရတ်နဲ့ရောက်မှာဆိုတာက အပြင်မှာ ရာသီဥတု နည်းနည်းဆိုးနေလို့ပါ။ နောက်ပြီး ရှာဖွေနေတဲ့ ရေယာဉ်ငါးစင်းကလည်း တစ်စင်းနဲ့တစ်စင်း ချိတ်ဆက် ဆောင်ရွက်နေပါတယ်။ ပင်လယ်ပြင်မှာ စစ်ဆင်ရေးတာဝန်ထမ်းဆောင်နေတဲ့ တပ်မတော်(ရေ)က ရေယာဉ်တွေကတော့ ရေလုပ်သားတွေကို ဆက်လက်ကူညီရှာဖွေပေးသွားမှာပါ"ဟု တပ်မတော်ရေတပ်ဌာနချုပ်မှ ဗိုလ်မှူး ရဲမာန်ဝင်းက ပြောသည်။



**ပင်လယ်ပြင်မျောပါရေလုပ်သားများအား တပ်မတော်(ရေ)က ကျန်းမာရေးအတွက် ဆေးဝါးကုသဆောင်ရွက်ပေးစဉ်။** ဓာတ်ပုံ - Myanmar NAVY

တတိယအကြိမ် ရှာဖွေကယ်ဆယ်လာသော ပင်လယ်ပြင်မျောပါ ရေလုပ်သား ၂၆ ဦးသည် ယနေ့ညနေ ၅ နာရီတွင် သာကေတရေတပ်ဆိပ်ကမ်းသို့ ရောက်ရှိလာသည်။ တပ်မတော်(ရေ)က စစ်ရေယာဉ်များဖြင့် ပင်လယ်ပြင်မျောပါ ကျားဖောင်ရေလုပ်သားများကို နိုဝင်ဘာ ၈ ရက်တွင် ပထမအကြိမ်အဖြစ် ပင်လယ်ပြင်မျောပါ ရေလုပ်သား ၂၅၂ ဦး၊ နိုဝင်ဘာ ၉ ရက်တွင် ဒုတိယအကြိမ်အဖြစ် ပင်လယ်ပြင်မျောပါ ရေလုပ်သား ၁၄၇ ဦးတို့ကို သာကေတရေတပ်စခန်းမှ လွှဲပြောင်းပေးအပ်ခဲ့ပြီး နိုဝင်ဘာ ၁၀ ရက်တွင်မူ ပင်လယ်ပြင်မျောပါ ရေလုပ်သား ၂၆ ဦးတို့ကို ကယ်ဆယ်ထားနိုင်ခဲ့သည်။

တပ်မတော်(ရေ)မှ စစ်ရေယာဉ်များဖြင့် နိုဝင်ဘာ ၇ ရက်မှ စတင်၍ ပင်လယ်ပြင်တွင် မျောပါခဲ့သော ကျားဖောင်ရေလုပ်သားများကို ကယ်ဆယ်ရှာဖွေခဲ့ရာတွင် နိုဝင်ဘာ ၁၀ ရက်အထိ ပင်လယ်ပြင်မျောပါ ရေလုပ်သား စုစုပေါင်း ၄၅၂ ဦး ကို ရှာဖွေကယ်ဆယ်ပေးခဲ့ပြီးဖြစ်သည်။

**သတင်း-ရဲခေါင်ညွန့်**

❒ *ရှေ့ဖုံးမှ*

သံလွင်မြစ်ဖြတ် လျှပ်စစ်တာဝါတိုင်များ တည်ဆောက်ရာတွင် မော်လမြိုင်မြို့ ဘက်ခြမ်း၌ လျှပ်စစ်တာဝါ တိုင်နှစ်တိုင်၊ သံလွင်မြစ်လယ်တွင် ရေလယ်တာဝါတိုင်တစ်တိုင်နှင့် ကညော်ကျေးရွာ ဘက်ခြမ်း၌ တာဝါတိုင်နှစ်တိုင် စိုက်ထူတည်ဆောက်သွားမည်ဖြစ်သည်။

သံလွင်မြစ်ဖြတ် လျှပ်စစ်တာဝါတိုင် တည်ဆောက်မှုလုပ်ငန်းကို ၂၀၁၄ ခုနှစ် ဇွန် ၂၇ ရက်မှ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး တည်ဆောက်မှုလုပ်ငန်းကို တစ်နှစ်အတွင်း ပြီးစီးမည်ဟု ခန့်မှန်းထားသည်။ လောလောဆယ်တွင် မော်လမြိုင်မြို့ဘက်ခြမ်းမှ မုပွန်အရပ်တွင် အမြင့်မီတာ ၇၀ ရှိသော ကမ်းကပ်လျှပ်စစ်တာဝါတိုင် တည်ဆောက်နေပြီဖြစ်သည်။

လျှပ်စစ်ဓာတ်အားလိုင်း သွယ်တန်းနိုင်မှုကြောင့် ဘီလူးကျွန်းပေါ်ရှိ ချောင်းဆုံမြို့နယ် ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရန် အရှိန်အဟုန်ကောင်းများ ရရှိလာမည်ဖြစ်သည်။

**(မြန်မာ့အလင်း)**

# ပင်လယ်ပြင်မျောပါရေလုပ်သားများအား ဆေးဝါးကုသပေးမှုနှင့် ထောက်ပံ့ငွေပေးအပ်

**ရန်ကုန် နိုဝင်ဘာ ၁၀**

ပင်လယ်ပြင်၌ မုန်တိုင်းတိုက်ခတ်မှုကြောင့် ကျားပိုက်ဖောင်များပျက်စီး၍ မျောပါလာသော ရေလုပ်သား အမျိုးသား ၁၇၉ ဦးကို တပ်မတော်(ရေ) စစ်ရေယာဉ် (၅၆၄)ဖြင့် ကယ်ဆယ်လာခဲ့ပြီး သာကေတမြို့နယ် ရေတပ်ဆိပ်ကမ်းရှိ ကယ်ဆယ်ရေးစခန်းသို့ နိုဝင်ဘာ ၉ ရက် နံနက် ၆ နာရီခွဲက ရောက်ရှိလာသည်။

အဆိုပါ ရေလုပ်သားများအား ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ခင်သက်ဌေး ဦးဆောင်သော ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့က ရေလုပ်သားတစ်ဦးလျှင် ငွေကျပ် ၈၀၀၀ နှုန်းဖြင့် ငွေကျပ် ၁၄၃၂၀၀၀၊ အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က ငွေကျပ် ၁၇၀၀၀၀ ကို ထောက်ပံ့လှူဒါန်းခဲ့သည်။

ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ခင်သက်ဌေးက စခန်းဖွင့် ဆေးဝါးကုသပေးနေသော တပ်မတော်(ရေ)ဆေးတပ်ဖွဲ့ ဆေးပဒေသာပင်အတွက် ငွေကျပ်သုံးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်အေးနွယ်က ငွေကျပ်တစ်သိန်းနှင့် လုပ်ငန်းရှင် ဒေါ်မြတ်မြတ်ဦးက ငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြောက်ဥက္ကလာပမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၁၀**—နိုဝင်ဘာ ၇ ရက်က မူးယစ်တပ်ဖွဲ့စု(၄၃) ရန်ကုန်(တောင်)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံ ၂၀ ရပ်ကွက်နေ ရဲသူအောင်(ခ) ရဲသူ၏နေအိမ်ကို သတင်းအရ ရှာဖွေရာ အိပ်ခန်းအတွင်းရှိ ဗီရိုအတွင်းမှ အပြာရောင်ကပ်ခွာအိတ်ဖြင့်ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၊ အဖုံးပိတ်ပါကော်ဘူးအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၄ ပြား စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၃၆၄ ပြား သိမ်းဆည်းရမိသဖြင့် ရဲသူအောင်(ခ)ရဲသူ(၂၉နှစ်)ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(သတင်းစဉ်)**

✲ ကျောဖုံးမှ

စနစ်လည်းမှန်ကန်ရန်၊ နိုင်ငံရေး Culture အရလည်း အဆင်ပြေရန် လိုအပ်ကြောင်း၊ သို့မှသာ ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင်ရန် ခိုင်မာမည်ဟု ယူဆကြောင်း သိရသည်။

"ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ဖို့အတွက် မိမိတို့ပြည်သူတွေအပေါ်မှာလည်းအများကြီးမူတည်ပါတယ်။ ပုဂံဒေသသို့ ယဉ်ကျေးမှုအမွေအနှစ်အဖြစ် ထိန်းသိမ်းပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးမှုကိုလည်း အထောက်အကူဖြစ်စေချင်တယ်၊ ရှဉ့်လည်းလျှောက်သာ ပျားလည်းစွဲသာ ဆိုသလိုပါပဲ။ Master Plan ကို အချိန်ခြောက်လပေးပြီး အဆောက်အအုံတွေ မဆောက်လုပ်ဖို့ ယူနက်စကိုက တောင်းဆိုထားပါတယ်။ ဘယ်လို အဆောက်အအုံတွေလဲလို့ မေးတဲ့အခါ စီးပွားရေးဆိုင်ရာ အဆောက်အအုံတွေ ဖြစ်ပါတယ်။



ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်။

ဆောက်လုပ်မယ်ဆိုရင်လည်း စနစ်တကျ ခွင့်ပြုချက်တောင်းခံရမယ်။ ပညာရှင်တွေကတော့ Master Plan ခြောက်လပြီးမှ ဇုန်သတ်မှတ်ခိုင်းတာရှိတယ်။ Master Plan ပြီးရင် Management Plan ဆိုပြီး နှစ်နှစ်ပြီးမှ တင်ရမယ်၊ ဆိုလိုတာကတော့ ပြည်သူများနဲ့ ဒေသဆိုင်ရာတွေ ပေါ်မှာမူတည်ပါတယ်" ဟု ၎င်းက ဆက်လက်



ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ။

ပြောကြားသည်။

ပုဂံဒေသသည် ခရီးသွားလုပ်ငန်းအတွက် အချက်အချာနေရာတစ်ခုဖြစ်ရာ နိုင်ငံတကာ ခရီးသွားလုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်စေနိုင်သည်။ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးသည်နှင့်အမျှ စီးပွားရေးတိုးတက်မှုလည်း ရရှိနိုင်မည်။

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှု အဆောက်အအုံများ ဆောက်လုပ်ရန် မြေနေရာမရှိမည်ကို စိုးရိမ်မိကြောင်း၊ ထို့ကြောင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနေဖြင့် Protected Zone အဖြစ် ပြောင်းလဲလျှင် ဌာနေပုဂံသားများဘက်မှ ဘယ်လို အဖြေထွက်မလဲဆိုတာ မသိသေးကြောင်း ပြောကြားသည်။

"မူဝါဒ ဆုံးဖြတ်ချက်တွေပေးမယ်၊ ဒေသခံတွေရဲ့ ဆန္ဒတွေရယူမယ်၊ ရှေးဟောင်းပညာရှင်တွေရဲ့ ခံစားချက်တွေရှိတယ်၊ ဘယ်လိုဆုံးဖြတ်မလဲ မသိသေးဘူး၊ ဝန်ကြီးအနေနဲ့ ပြောရရင်တော့ Protected Zone ကို ပြောင်းလိုက်ရင် ပုဂံသားတွေအတွက် ကောင်းတာပေါ့၊ ဒါပေမယ့် စည်းကမ်းသတ်မှတ်ချက်တွေရှိပါတယ်၊ ဇရိယာသတ်မှတ်ချက်တွေ လိုက်နာရင်အကောင်းဆုံးပါပဲ" ဟု ဆက်လက်ပြောကြားသည်။

ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ရန်မှာ ယူနက်စကို၏ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိရန် လိုအပ်ကြောင်း ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်ကပြောကြားသည်။

"ကမ္ဘာ့အမွေအနှစ် စာရင်းသွင်းမယ်ဆိုရင် ယူနက်စကိုက သတ်မှတ်ထားတဲ့ Criteria ခြောက်ချက်နဲ့ကိုက်ညီမှုရှိရမယ်။ အခုမြန်မာ နိုင်ငံမှာရှိတဲ့ ပုဂံဒေသက အချက်ငါး ချက်လောက်နဲ့ ကိုက်ညီတယ်"ဟု ပြောကြားသည်။

ပုဂံယဉ်ကျေးမှုအမွေအနှစ်ဇုန်ထဲ၌ရှိသည့် ဒေသခံပြည်သူများနှင့် တာဝန်ရှိသူများ ယူနက်စကိုမှ ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်ရန်မှာအထူးပင် လိုအပ်လျက်ရှိကြောင်းလည်း သိရသည်။

သတ်မှတ်ဇုန်နယ်နိမိတ်အတွင်းရှိ မြို့ပြများ၊ ကျေးရွာများမှာရှိသည့် အဆောက်အအုံများကို ပြန်လည်ပြုပြင်မည်ဆိုပါက ပြန်ဆောက်မည့် အဆောက်အအုံပုံသဏ္ဌာန်၊ အရောင်အသွေး၊ ရှေးဟောင်းအဆောက်အအုံများနှင့် လိုက်လျောညီထွေမှုရှိရန် သတ်မှတ်ပုံစံများအတိုင်း ပြန်လည်ဆောက်လုပ်ရမည်ဖြစ်သည်။

"ယခုရှိနေတဲ့ အဆောက်အအုံတွေအနေနဲ့ကတော့ ကမ္ဘာ့အမွေအနှစ်ဝင်ဖို့ရာအတွက် အချက်ခြောက်ချက်များမှ တစ်ချက် မဟုတ်တစ်ချက်နဲ့တော့ ကိုက်ညီပါတယ်။ Management Plan နဲ့ ပတ်သက်ရင်တော့ သူတို့တွေရဲ့တိုးချဲ့ပြီးတော့မှ တည်ဆောက်လာတာတွေ၊ သာသနိကအဆောက်အအုံ ဘုရားပုထိုးတွေကြားမှာ ဈေးဆိုင်တန်းတွေ တည်ဆောက်လာတာတွေဆိုတာ မြင်ကွင်းအတွက်လည်း အနှောင့်အယှက်ဖြစ်ပါတယ်။ နောက်တစ်ခုက အန္တရာယ်ပေါ့။ အန္တရာယ်ဆိုတာ အဲဒီအမွေအနှစ်တွေနားမှာ လူနေတယ်၊ စားသောက်ဆိုင်ကြီးတွေဖွင့်တယ်၊ မီးတွေသုံးကြတယ်ဆိုရင် မတော်တဆမီးလောင်မှုတွေဖြစ်လာနိုင်ပြီး ပျက်စီးကုန်မယ်။ ပြီးတော့ အလွန်ခုန်တဲ့ကားကြီးတွေသွားမယ်ဆိုရင် အဆောက်အအုံတွေက မူလကဆွေးမြည့်နေတဲ့အတွက် ပျက်စီးနိုင်တယ်လေ။ ဒါကြောင့် အဲဒီလိုတုန်ခါမှုတွေ မဖြစ်အောင် မိမိတို့က ရှောင်ကြဉ်ရမယ်။ အဲဒီစည်းကမ်းတွေလိုက်နာဖို့လိုပါတယ်" ဟု ဒုတိယဝန်ကြီးက ထည့်သွင်းပြောကြားသည်။

# ငပုတောမြို့တွင် တောင်ကျရေတိုက်စားမှုကြောင့် တံတားနှစ်စင်းနှင့် လူနေအိမ်အချို့ပျက်စီး

**ငပုတော နိုဝင်ဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ပိုးလောင်းကျေးရွာနှင့် အာကာကျေးရွာအုပ်စုရှိ ကျေးရွာအချို့တို့၌ တောင်ကျချောင်းရေတိုက်စားမှုကြောင့် ချောင်းကူးတံတားနှစ်စင်းနှင့် လူနေအိမ်အချို့ ပျက်စီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၆ ရက် မွန်းလွဲ ၁ နာရီက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တောင်ကျချောင်းရေနှင့်အတူ မျောပါလာသော သစ်တုံးများ၏ ထိခိုက်မှုကြောင့် ပိုးလောင်းရွာနှင့် သာယာကုန်းရွာ အကြားရှိ ချောင်းကူးသစ်တားတံတား အရှည်ပေ ၃၂၀၊ အကျယ် ကိုးပေ ပျက်စီးခဲ့ပြီး သာယာကုန်းရွာရှိ လူနေအိမ် ခနိမိုး၊ ထရံကာ အိမ်သုံးလုံး အနည်းငယ်ပျက်စီးခဲ့သည်။

အလားတူ အာကာကျေးရွာအုပ်စု၊ လှည်းဆိပ်၊ ကျောက်ကြီးကျေးရွာနှင့် လှည်းဆိပ်ချောင်းကူး သစ်သားတံတား အရှည်ပေ ၃၂၀၊ အကျယ်ပေကိုးပေ တံတား ပျက်စီးခဲ့ပြီးတောင်ကျချောင်းရေစီးဆင်းမှုကြောင့် ကျေးရွာအတွင်းသို့ ရေအမြင့်ခြောက်ပေခန့် ဝင်ရောက်ခဲ့ခြင်းကြောင့် ဒေသခံပြည်သူများ ဘေးကင်းရာသို့ ရွှေ့ပြောင်းနေထိုင်လျက်ရှိပြီး သက်ဆိုင်ရာ အဖွဲ့အစည်းများက ကယ်ဆယ်ထောက်ပံ့ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။ အဆိုပါ ဖြစ်စဉ်တွင်လူ၊ တိရစ္ဆာန် သေကြေပျက်စီးမှုမရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



(၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကျင်းပမှုကို သတင်းရယူမည့် ပြည်တွင်းပြည်ပ မီဒီယာသမားများအတွက် ဖွင့်လှစ်ထားသည့် မီဒီယာစင်တာကို တွေ့ရစဉ်။ (ဓာတ်ပုံ-သတင်းစဉ်)




# ပြည်တွင်းပြည်ပမီဒီယာ ၁၃၀၀ ကျော် လာရောက် သတင်းရယူမည်



**နေပြည်တော် နိုဝင်ဘာ ၁၀**

အာဆီယံဥက္ကဋ္ဌ တာဝန်လက်ခံယူထားသော မြန်မာနိုင်ငံအနေဖြင့် (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး၊ အရှေ့အာရှထိပ်သီးအစည်းအဝေးများ အပါအဝင် ဆက်စပ်ထိပ်သီးအစည်းအဝေးများကို နိုဝင်ဘာ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်ရာ အဆိုပါ အစည်းအဝေးများ ကျင်းပနေမှုကို သတင်းရယူနိုင်ရန် ပြည်တွင်းပြည်ပ မီဒီယာအသီးသီးမှ သက်ဆိုင်ရာကဏ္ဍအလိုက် သတင်း၊ ဓာတ်ပုံနှင့် ရုပ်သံကျွမ်းကျင်သူ ၁၃၀၀ ကျော် လာရောက်သတင်းရယူမည် ဖြစ်ကြောင်း အာဆီယံ ထိပ်သီးအစည်းအဝေး ကျင်းပရေး ဆက်ဆံရေးနှင့် ပြန်ကြားရေးဆပ်ကော်မတီမှ သိရသည်။

အာဆီယံထိပ်သီးအစည်းအဝေးနှင့် အရှေ့အာရှ ထိပ်သီးအစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံ ၁၀ နိုင်ငံမှ နိုင်ငံ့အကြီးအကဲများနှင့် အမေရိကန်၊ ဂျပန်၊ တရုတ်၊ ကိုရီးယား၊ နယူးဇီလန်၊ ဩစတြေးလျ၊ အိန္ဒိယနှင့် ရုရှားနိုင်ငံတို့မှ နိုင်ငံ့ခေါင်းဆောင်များ၊ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌတို့လည်း တက်ရောက်ကြမည်ဖြစ်ရာ မြန်မာနိုင်ငံတွင် ကျင်းပသည့် နိုင်ငံတကာဆိုင်ရာ ထိပ်သီးအစည်းအဝေးများတွင် အကြီးကျယ်ဆုံး အစည်းအဝေးကြီးဖြစ်သည်။

အဆိုပါ အစည်းအဝေးများသို့ တက်ရောက်သတင်းရယူရန် ပြည်တွင်းမီဒီယာများမှ ၁၆၅ ဦး၊ ပြည်ပမီဒီယာများမှ ၈၀၁ ဦး၊ အစည်းအဝေးတက်ရောက်သော သက်ဆိုင်ရာနိုင်ငံများမှ မီဒီယာ ၃၅၁ ဦး ရှိကြောင်း သိရသည်။

အစည်းအဝေးတက်ရောက်ကြမည့် သက်ဆိုင်ရာ နိုင်ငံများ၏ မီဒီယာများပါရှိမှုတွင် အမေရိကန်နိုင်ငံမှ ၁၂၈ ဦး ပါဝင်မည်ဖြစ်ကာ ကိုရီးယားနိုင်ငံမှ ၁၄၃ ဦး ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

အစည်းအဝေးသို့ လာရောက်သတင်းရယူကြမည့် ပြည်တွင်း ပြည်ပ မီဒီယာများအတွက် မီဒီယာလက်စွဲ စာအုပ်ကို အွန်လိုင်းတွင် လွှင့်တင်ပေးထားပြီး အခြားလိုအပ်သော သတင်းအချက်အလက်ရယူခြင်းဆိုင်ရာ ကိစ္စရပ်များ ဆက်သွယ်ဆောင်ရွက်ရန် ပြန်ကြားရေးဝန်ကြီးဌာနမှ မီဒီယာဆက်သွယ်ရေးအရာရှိ ၃၃ ဦးကို ခန့်အပ်ထားသည်။ သက်ဆိုင်ရာနိုင်ငံများနှင့် ပြည်တွင်း ပြည်ပ မီဒီယာအဖွဲ့အစည်းများ ဆက်သွယ်ဆောင်ရွက်နိုင်ရန် ဆက်သွယ်ရေးအရာရှိများ အမည်စာရင်းကို ယင်းမီဒီယာလက်စွဲ စာအုပ်တွင် ဖော်ပြထားကြောင်း သိရသည်။ ယနေ့ နိုဝင်ဘာ ၁၀ ရက် နံနက်ပိုင်းမှစတင်၍ မီဒီယာဝင်ခွင့် ကတ်များကို နေပြည်တော် Sky Palace Hotel တွင် ထုတ်ပေးလျက် ရှိရာ ယနေ့ညနေအထိ မီဒီယာကတ် ၅၀၀ ကျော်ထုတ်ပေးပြီးဖြစ်ကြောင်းနှင့် နိုဝင်ဘာ ၁၁ ရက်နေ့တွင်လည်း ဆက်လက်ထုတ်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်း-မိုးသူဇာစိုး**

**မိုးလေဝသ အခြေအနေ**

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ **နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင်** ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ **မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။ **(မိုး/ဇလ)**

ပြည်တွင်းသတင်း

# ရွှေနတ်ဘုံ(Nirvana)ဟိုတယ်ဖွင့်

**နေပြည်တော် နိုဝင်ဘာ ၁၀**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဟိုတယ်ဇုန်ရှိ ရွှေနတ်ဘုံ (Nirvana) ဟိုတယ်ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၉ ရက် နံနက် ၉ နာရီက ကျင်းပရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာတင်ရွှေ နှင့် ဒေါက်တာစိုင်းကျော်အုန်း၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးသန်းကျော်ထူးနှင့် Young Investment Group Chairman ဦးသီဟအောင်တို့က ရွှေနတ်ဘုံဟိုတယ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများသည် ရွှေနတ်ဘုံဟိုတယ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။ **(အောက်ပုံ)**

ရွှေနတ်ဘုံဟိုတယ်သည် Resort group က Villa ပုံစံဖြင့် ဖွဲ့စည်းထားသည်။ အခန်းတိုင်းတွင် Individual Car Parking များပါရှိပြီး wifi Free, (24)hour Room Service အခန်းတွင်း၌ လှပတင့်တယ်ရှုချင်စဖွယ် မီးဆိုင်းများနှင့် အလှဆင်ထားကာ High Ciling များဖြစ်သည်။ ထို့အပြင် ရေသန့်များ အသုံးပြုထားကာ ဟိုတယ်တစ်ဝင်းလုံးသုံးစွဲနိုင်ရန်အတွက် ရေပူရေအေးများကိုလည်း တပ်ဆင်ပေးထားသည်။

အစားအသောက်ပိုင်းတွင်လည်း မြန်မာနိုင်ငံ၌ အကောင်းဆုံးဟု တင်စားသတ်မှတ်ထားခြင်းခံရသော L'opera Restaurant မှ Italy စားဖိုမှူးကြီးက အရသာစုံလင်သော ဟင်းပွဲများပြင်ဆင်၍ တင့်တယ်ခံ့ညားသော Barကောင်တာနှင့် ဝန်ထမ်းများဖြင့် ဝန်ဆောင်မှုပေးနေသည်။ Business Center၊ Limousine Service ကောင်တာများလည်း ဖွင့်လှစ်ထားရှိကြောင်း သိရသည်။

**(မြန်မာ့အလင်း)**






# နေပြည်တော်၌ မြန်မာ့ရိုးရာလက်မှုအနုပညာပြပွဲ ခင်းကျင်းပြသမည်

**နေပြည်တော် နိုဝင်ဘာ ၁၀**

ယခုအခါ မြန်မာနိုင်ငံသို့ ပြည်ပခရီးသွားဧည့်သည်များလာရောက်မှု ပိုမိုတိုးတက်များပြားလျက်ရှိသည်။ မြန်မာ့ရိုးရာလက်မှုအနုပညာသည် သိမ်မွေ့နက်နဲပြီး ကိုယ်ပိုင်မူ၊ ကိုယ်ပိုင်ဟန်များဖြင့် အဆင့်အတန်းမြင့်မားကြောင်း၊ ရှေးနှစ်ပေါင်းထောင်ချီကတည်းက ဖွံ့ဖြိုးတိုးတက်ပြီး ယခုထက်တိုင် စောင့်ရှောက်ထိန်းသိမ်းလျက်ရှိကြောင်း ပြည်တွင်း၊ ပြည်ပဧည့်သည်များ သိရှိလေ့လာတန်ဖိုးထားနိုင်စေရန် ရည်ရွယ်၍ မြန်မာ့ရိုးရာလက်မှုအနုပညာပြပွဲကို ဒုတိယအကြိမ်အဖြစ် နေပြည်တော် မဏိရတနာခန်းမ (ကျောက်စိမ်းအရောင်းခန်းမကြီး)၌ နိုဝင်ဘာ ၁၄ ရက်မှ ၁၅ ရက်အထိ နံနက် ၉ နာရီမှ ည ၈ နာရီအတွင်း ခင်းကျင်းပြသမည်ဖြစ်ရာ မည်သူမဆို အခမဲ့ဝင်ရောက်လေ့လာနိုင်ကြောင်း သိရသည်။

ပြပွဲ၌ မြန်မာ့ရိုးရာလက်မှုပညာများအနက် ရွှေချည်ထိုး၊ ငွေထည်၊ ယွန်းထည်များ၊ ရွှေဆိုင်းများ၊ အမရပူရချည်ထည်၊ ပိုးထည်များ၊ ထူးခြားထင်ရှားသည့် အင်းလေးကြာချည်အထည်အပါအဝင် တိုင်းရင်းသားရိုးရာ ဂျပ်ခုတ်အထည်များ၊ ကြိမ်ထည်နှင့် ပန်းချီကားများကို ပြုလုပ်ပုံအဆင့်ဆင့်နှင့်အတူ စိတ်ဝင်စားဖွယ်ဖြစ်အောင် ခင်းကျင်းပြသထားသည့်အပြင် မြန်မာ့တွင်းထွက်ကျောက်မျက်လက်ဝတ်ရတနာများနှင့် အသုံးအဆောင်ပစ္စည်းအမျိုးမျိုးကိုလည်း ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# Civil Service Training သင်တန်းဖွင့်

**မန္တလေး နိုဝင်ဘာ ၁၀**

ပြန်ကြားရေး ဝန်ကြီးဌာနနှင့် ဂျာမနီနိုင်ငံ Konrad Adenaure Foundation တို့ပူးပေါင်း၍ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် Civil Service Training သင်တန်းဖွင့်ပွဲအခမ်းအနားကို မန္တလေးမြို့ ၆၂ လမ်း ၊ ၂၆ လမ်းရှိ တိုင်းဒေသကြီးအစိုးရအဖွဲ့ သင်တန်းခန်းမ၌ ယနေ့နံနက် ၉ နာရီခွဲက ကျင်းပခဲ့သည်။

သင်တန်းတွင် ပြည်သူ့ဆက်ဆံရေး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲရေးနှင့် မူဝါဒချမှတ်ဆောင်ရွက်ခြင်း၊ အပြောင်းအလဲကာလ ခေါင်းဆောင်မှု၊ စီမံချက်ရေးဆွဲခြင်း၊ e-Government ဆိုင်ရာ ဘာသာရပ်များကို ဆွေးနွေး ပို့ချမည်ဖြစ်သည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

# ရေဝတီမြစ်အတွင်း တွန်းသဘောကျောက်ဆောင်နှင့်တိုက်မိ တွဲရေယာဉ်နစ်မြုပ်၍ ဘိလပ်မြေကျပ်သိန်း ၇၅၀ ဖိုး ဆုံးရှုံး

**မကွေး နိုဝင်ဘာ ၁၀**

နိုဝင်ဘာ ၉ ရက် နံနက် ၁၁ နာရီ မိနစ် ၂၀ ခန့်က မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ် မြင်ကွန်းကျေးရွာ အနောက်ဘက်ကပ်လျက် ဧရာဝတီမြစ်အတွင်း သဘောတစ်စင်းကျောက်ဆောင်နှင့် တိုက်မိကြောင်း သတင်းအရ မြင်ကွန်းရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။

ဖြစ်စဉ်မှာ ရန်ကုန်မှ မကွေးသို့ ထွက်ခွာလာသော ရေစကြိုမြို့နယ် ဇီးကျွန်းရွာနေ ရေယာဉ်မှူး ဦးသန်းရွှင် (၄၆ နှစ်) မောင်းနှင်သည့် ရေယာဉ်အမှတ် . . သစ္စာရှင် အမည်ရှိ တွန်းသဘောသည် ရန်ကုန်မြို့ ရွှေမေတ္တာကုမ္ပဏီပိုင် ထိုင်းနိုင်ငံလုပ်ဆင်တံဆိပ်ဘိလပ်မြေ အလုံး ၁၅၀၀၀ တန်ဖိုးငွေကျပ် သိန်း ၇၅၀ ခန့်ကို တင်ဆောင်၍ ရေစီးသန်သည့်နေရာမှ မောင်းနှင်စဉ် ကမ်းပါးကျောက်ဆောင်ကို ဝင်ရောက်တိုက်မိပြီး တွဲအမှတ် (၂၆၀) မှာ နစ်မြုပ်သွားသဖြင့် တန်ဖိုးငွေကျပ် သိန်း ၇၅၀ ခန့် ဆုံးရှုံးကာ တွန်းသဘောမှာ နစ်မြုပ်ခြင်းမရှိဘဲ သဘောပေါ်ပါရှိသည့် ရေယာဉ်မှူးပါ ငါးဦးလုံး ထိခိုက်မှုမရှိကြောင်း စစ်ဆေးသိရှိရသည်။

ရေယာဉ်ကိုပေါ့ဆစွာ မောင်းနှင်သူ ဦးသန်းရွှင်အား မကွေးမြို့နယ် မိကျောင်းရဲနယ်မြေရဲစခန်းက ပြစ်မှုဆိုင်ရာဥပဒေအရ အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ခင်မာလာ(မကွေး)**

# နမ့်ခမ်းမြို့နယ် တအာင်း(ပလောင်)ကျေးရွာသို့ မိုးပွင့်အဆင့် (၇) ကွင်းဆင်းဆောင်ရွက်

**နမ့်ခမ်း နိုဝင်ဘာ ၁၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် တအာင်း(ပလောင်) တိုင်းရင်းသားများ နေထိုင်သော ဟိုနားကျေးရွာအုပ်စုသို့ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးဘီနော်လီ ဦးဆောင်သော ရုံးအဖွဲ့သည် တအာင်းပလောင်စာပေယဉ်ကျေးမှုဥက္ကဋ္ဌ ဦးမြင့်ကျော်နှင့် ယဉ်ကျေးမှုအဖွဲ့များ ပါဝင်လျက် နိုဝင်ဘာ ၄ ရက်မှ ၇ ရက်အထိ နိုင်ငံသားလုပ်ငန်းနှင့် အိမ်ထောင်စုစာရင်းလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ရာ တအာင်းပလောင်စာပေနှင့် ယဉ်ကျေးမှုကော်မတီမှ ဦးသန်းကျော်က ကျေးရွာပြည်သူများကို မိုးပွင့်အဆင့် (၇) စီမံချက်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။



နယ်စပ်ဒေသဖြစ်သည့်အတွက် တိကျမှန်ကန်မှု ရှိစေရန်အတွက် မြို့နယ်ဦးစီးဌာနမှူး ဦးဘီနော်လီက စနစ်တကျစိစစ်လျက် ကျေးရွာပြည်သူများကို နိုင်-၃(က)-၁၁၅ ဦး၊ နိုင်-၆ (က)-၃၀၊ မွေးဖွားသူကလေးငယ် ၅၉ ဦးကို စာရင်းပေးသွင်းခဲ့ပြီး သေဆုံးသူ ခြောက်ဦးကို စာရင်းဖျက်ပေးကာ အိမ်ထောင်စုခွဲ ၇၀ စုကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ဉာဏ်မင်း(နမ့်ခမ်း)**



**စစ်တွေမြို့ ဘင်္ဂါလီအများစုနေထိုင်ရာ ဒါးပိုင်ရွာ၌ အေးချမ်းတည်ငြိမ်စွာဖြင့် ဈေးရောင်းဝယ်ဖောက်ကားနေမှုကို တွေ့ရစဉ်။**

ဓာတ်ပုံ-ဇေယျာ(မိုင်ရာ)

**ရခိုင်ပြည်နယ် စစ်တွေမြို့နယ် အနောက်စံပြကျေးရွာ(ဘာဆာရာ)တွင် ဖွင့်လှစ်ထားသည့် ဘင်္ဂါလီကယ်ဆယ်ရေးစခန်းတွင် ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်က အသိပညာပေး ဟောပြောစဉ်။**

ဓာတ်ပုံ-ဇေယျာ(မိုင်ရာ)



ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်(တံတားဦး)တွင် Mobile Team အဖွဲ့မှ ကျောက်စိမ်းတုံးများစစ်ဆေးတွေ့ရှိ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၁၀**

တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုအောက်မှ Mobile Team အဖွဲ့များဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ မန္တလေး-မူဆယ် လမ်းကြောင်း၊ ရန်ကုန်-မြဝတီ လမ်းကြောင်းနှင့် နှစ်နိုင်ငံနယ်စပ် ကုန်သွယ်ရေးစခန်းအသီးသီးရှိ တရားမဝင် ဝင်/ထွက်ပေါက်များမှ တရားမဝင်ကုန်သွယ်မှု လုပ်ငန်းများ ဖြစ်ပေါ်နေခြင်းကို စစ်ဆေးဖော်ထုတ်၍ ထိရောက်စွာ အရေးယူဆောင်ရွက်နိုင်ရန်အတွက် တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ နိုဝင်ဘာ ၁ ရက်မှစ၍ မန္တလေးတိုင်းဒေသကြီး မန္တလေး ဆိပ်ကမ်းနယ်မြေနှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ် (တံတားဦး) နယ်မြေတို့တွင် Mobile Team အဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်လျက် တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးလုပ်ငန်းများနှင့် စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ နိုဝင်ဘာ ၆ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်(တံတားဦး)ရှိ အဖွဲ့ခေါင်းဆောင်ဦးစီးအရာရှိ ဦးထွန်းဦး ဦးစီးသည့် Mobile Team အဖွဲ့နှင့် တာဝန်ကျ စစ်ဆေးရေးအဖွဲ့များမှ အဝင်/အထွက် ခရီးသည်များ စစ်ဆေးဆောင်ရွက်နေစဉ် ပြည်ပထွက်ခွာ လေယာဉ်ဖြင့် လိုက်ပါမည့် နိုင်ငံခြားသားတစ်ဦးသည် သို့ဝှက်သယ်ဆောင်ခြင်းမရှိဘဲ ပလတ်စတစ်ကြွပ်ကြွပ်အိတ်အတွင်းထည့်ပြီး ယူဆောင်လာသည့် ကျောက်စိမ်းဟု ယူဆရသော ကျောက်တုံးအပိုင်းအစကိုးတုံး အလေးချိန် လေးကီလိုခန့်ကို ပြသကာ မန္တလေးရှိ မိတ်ဆွေမှ လက်ဆောင်ပေး၍ ယူဆောင်လာကြောင်းကို Mobile Team နှင့် တာဝန်ရှိဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့သို့ သယ်ဆောင်ခွင့်ပြုရန် သတင်းပို့ခဲ့ကြောင်း၊ Mobile Team အဖွဲ့မှ ပစ္စည်းပိုင်ရှင် နိုင်ငံခြားသားအား ၎င်းကျောက်စိမ်းများသည် တရားဝင်ဝယ်ယူထားသည့် သတ်မှတ် အထောက်အထားစာရွက်စာတမ်းမပါရှိဘဲ သယ်ဆောင်ခွင့်မရှိပါကြောင်း၊ နောင်တွင်လည်း အထောက်အထား စာရွက်စာတမ်းမပါရှိပါက သယ်ဆောင်ခွင့်မရှိကြောင်း ရှင်းလင်းအသိပေးတားဆီးခဲ့ရာ အဆိုပါနိုင်ငံခြားသားမှ လက်ခံခဲ့ပြီး ကျောက်စိမ်းတုံးများကို စစ်ဆေးရေးအဖွဲ့ထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း၊ Mobile Team အဖွဲ့မှ စိစစ်တွေ့ရှိခဲ့သော ကျောက်စိမ်းဟု ယူဆရသည့် အလေးချိန် လေးကီလိုခန့်ရှိ ကျောက်တုံးအပိုင်းအစ ကိုးတုံးကို နိုဝင်ဘာ ၆ ရက်က လုပ်ထုံးလုပ်နည်းနှင့်အညီ အမှုတွဲ ဖွင့်လှစ်ပြီး အကောက်ခွန်ဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**





ရန်ကုန်မြို့၌ မော်တော်ယာဉ်များ သတ်မှတ်ယာဉ်ကြောအတိုင်း မောင်းနှင်ရန် စည်းကမ်း ချက်များ ထုတ်ပြန် ထားရာ ခရီးသည် တင်ယာဉ်များ၊ ကိုယ်ပိုင် ယာဉ်များ၊ အငှားယာဉ်များ သတ်မှတ် လမ်းကြောင်း အတိုင်း မောင်းနှင်နေမှုကို တွေ့ရစဉ်။

ဓာတ်ပုံ-သတင်းစဉ်




ရန်ကုန်မြို့၌ မြို့ပြဖွံ့ဖြိုးမှုနှင့်အတူ မော်တော်ယာဉ်များ တစ်နေ့တခြားများပြားလာပြီး လမ်းဧရိယာကျဉ်းမှုကြောင့် ယာဉ်ကြောကျပ်တည်းနေမှုကို တွေ့ရစဉ်။

ဓာတ်ပုံ-သတင်းစဉ်

ပြည့်စုံချမ်းသာ အထပ်မြင့်လူနေအိမ်ရာ အမှတ်(၂)

ဒီနေရာတွေကို (၁၀)မိနစ် အတွင်း ရောက်နိုင်ပါသည်။

- TTC(လှိုင်)
- International School of Myanmar (ISM)
- ဘုရင့်နောင်ပွဲရုံများ
- သီရိမင်္ဂလာကုန်စိမ်းဈေး
- စိန်ဂေဟာ
- City Mart
- Juction 8
- လှည်းတန်း
- ဝိတိုရိယဆေးရုံ
- သုခကမ္ဘာဆေးရုံ



- ရန်ကုန်မြို့၏အချက်အချာကျသော လှိုင်မြို့နယ်တွင် တည်ရှိခြင်း။
- တစ်ဦးတည်းပိုင် ဂရံမြေအမျိုးအစားပေါ်တွင် တည်ဆောက်ထားခြင်း။
- အင်းစိန်လမ်းမကြီး၊ ဗဟိုလမ်းမကြီး၊ ပါရမီလမ်းမကြီးတို့မှ လွယ်ကူစွာ ဝင်ထွက် သွားလာနိုင်ခြင်း။
- ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုမိန့် (Green Board) ရရှိပြီး အဆောက်အဦတစ်ခုလုံး၏ ( ၃၀ ) % ပြီးစီးနေခြင်း။
- တစ်ထပ်လျှင် (၄)ခန်း (လေးပွင့်ဆိုင်လေးခန်း) သာပါသည့် ၈ ဒ ထပ် အဆောက်အဦဖြစ်သည့် အတွက် သဘာဝအလင်းရောင် နှင့် လေဝင်လေထွက် ကောင်းစွာရရှိခြင်း။
- တစ်ခန်းလျှင် ကားတစ်စီးစာ Parking အပိုင်ရရှိခြင်း။
- တိုက်တစ်လုံးလျှင် ဓါတ်လှေခါး (၂)စင်း၊ ရိုးရိုးလှေခါး(၂)စင်းပါဝင်ခြင်း။
- အသင့်နေထိုင်နိုင်ရန် ပြင်ဆင်ပေးထားခြင်း။
- အခန်းများကို အရစ်ကျစနစ်ဖြင့် စတင်ရောင်းချပေးနေပါသည်။

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလတွင် အပြီးတည်ဆောက်ပါမည်။
KM & MST Construction Group မှ တာဝန်ယူတည်ဆောက်သည်။
အမှတ် (၆၅၁)၊ ဒေါ်မြနှစ်လမ်း နှင့် မဟာဆွေလမ်းထောင့်၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ပြည့်စုံချမ်းသာအရောင်းခန်းမ အမှတ် (၁၉)၊ အုတ်ကျင်းဘုတာရုံလမ်း၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၂၅၃ ၃၅၂ ၈၈၁၊ ၀၉-၂၅၃ ၃၅၂ ၈၈၂၊ ၀၉-၅၀၈၀၈၅၅

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# ငွေလဲနှုန်းမြင့်လာသော်လည်း ပြည်ပစားအုန်းဆီဈေးနှုန်းကျဆင်း၍ ပြည်တွင်းရောင်းဈေးပြောင်းလဲမှုနည်း

**ရန်ကုန် နိုဝင်ဘာ ၁၀**

နိုဝင်ဘာ ၇ ရက်တွင် ပြည်ပပို့ရန် ရငွေလဲနှုန်း တစ်ဒေါ်လာငွေကျပ် ၁၀၃၀ နှုန်းထိမြင့်တက်လာချိန် မလေးရှားစားအုန်းဆီ FOB တစ်တန် ဈေးနှုန်း ၇၃၅ ဒေါ်လာသို့ကျဆင်းလာ၍ ပြည်တွင်းစားအုန်းဆီဈေးကွက်တွင် DO ဆီထုတ်ယူခွင့်စာရွက် တစ်ပိဿာဈေးနှုန်းငွေကျပ် ၁၄၀၀၊ လက်ငင်းဆီလက္ကား တစ်ပိဿာ ရောင်းဈေး ၁၄၁၅ ကျပ်နှုန်းရှိကြောင်း မြစ်ဝကျွန်းပေါ်ဒေသသို့ စားအုန်းဆီ ဝယ်ယူတင်ပို့နေသူ အဝယ်တော် တစ်ဦးကဆိုသည်။

အောက်တိုဘာ ၃၁ ရက်တွင် FOB တစ်တန်ဒေါ်လာ ၇၅၀ နှုန်း၊ ငွေလဲနှုန်း ငွေကျပ် ၁၀၁၁ နှုန်းဖြင့် ဆိပ်ကမ်းရောက်တစ်ပိဿာဈေးနှုန်း (အရင်းဈေး) ၁၄၂၆ ကျပ်၊ ရန်ကုန်ဈေးတွင်လက်ငင်းဆီလက္ကား တစ်ပိဿာရောင်းဈေး ၁၄၁၅ ကျပ် နှုန်းရှိခဲ့ကြောင်း၊ နိုဝင်ဘာ ၇ ရက်တွင် ငွေလဲနှုန်းငွေကျပ် ၁၀၃၀ သို့မြင့်တက်လာချိန် FOB ပြည်ပဈေးကျ၍ တစ်ပိဿာအရင်းဈေးမှာ ၁၄၂၂ ကျပ်သာရှိကြောင်း ဆီအသင်းမှ နေ့စဉ်ထုတ်ပြန်ကြေညာသော ပြည်ပစားအုန်းဆီဈေးနှုန်းများမှ သိရသည်။

မြေပဲဆီလက္ကား တစ်ပိဿာ ရောင်းဈေးမှာ နိုဝင်ဘာ ၇ ရက်တွင် ငွေကျပ် ၄၀၀၀ နှုန်းရှိပြီး ယခင်နှစ် ၂၀၁၃ နိုဝင်ဘာ ၇ ရက်နေ့တွင်ငွေကျပ် ၃၅၀၀ သာရှိကြောင်း မြေပဲဆီရောင်းချသူ တစ်ဦးကဆိုသည်။

ယခင်နှစ် ၂၀၁၃ နိုဝင်ဘာ ၇ ရက်တွင် စားအုန်းဆီ မလေးရှား FOB တစ်တန် ၈၈၀ ဒေါ်လာနှုန်း၊ ငွေလဲနှုန်း ၉၇၃ ကျပ်နှုန်းဖြင့် တစ်ပိဿာအရင်းဈေး ၁၆၀၃ ကျပ်၊ ရန်ကုန်ဆီဈေးကွက် လက်ငင်းဆီလက္ကားတစ်ပိဿာရောင်းဈေး ၁၅၇၅ ကျပ်ရှိခဲ့ကြောင်း၊ ယခုနှစ် နိုဝင်ဘာလဆန်းတွင် ငွေလဲနှုန်းမြင့်တက်မှုရှိသော်လည်း ပြည်ပစားအုန်းဆီဈေးနှုန်း ကျဆင်းနေ၍ စားသုံးသူများအဖို့ စားအုန်းဆီဈေးနှုန်း ကြီးမြင့်မှုမရှိသေးကြောင်း မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီဈေးအနီး စားအုန်းဆီနှင့် ကုန်စုံရောင်းချသူ ဦးအောင်စိုးက ဆိုသည်။

**ခင်ဆိုင်**

# ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၀-၁၁-၂၀၁၄

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၄၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၀၇၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၄၄၂၀၀ |

**စက်သုံးဆီဈေးနှုန်း(Max/ Newday စက်သုံးဆီအရောင်းဆိုင်)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၄ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၉၃၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၉၂၅ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၁၁၈၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၄၅ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၃၂၀၀-၃၅၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၂၇၀၀-၃၀၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၅၅၀၀-၇၀၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၅၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၄၅၀၀-၇၅၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၉၀၀၀-၁၇၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၆၀၀၀-၇၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၆၀၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၅၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၂၀၀၀-၁၇၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၀၁၁-၁၀၁၅ |
| ဥရောပ | တစ်ယူရို | ၁၂၆၅-၁၂၈၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၈၂-၇၈၆ |
| ထိုင်း | တစ်ဘတ် | ၃၀-၃၀.၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၆-၁၆.၅၇၆ |
| တရုတ် | တစ်ယွမ် | ၁၆၅-၁၇၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၀-၃၂၂ |

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | |
|---|---|---|
| မိုးဆန်(ဇီယာအသစ်) | တစ်အိတ် | ၁၅၅၀၀-၁၅၈၀၀ |
| မိုးဆန်သစ် (မနောသုခ) | တစ်အိတ် | ၁၅၁၀၀-၁၅၂၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၂၉၀၀၀-၃၀၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၄၀၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၃၉၅ |
| ဆိပ်ဖြူကြက်သွန်နီ | တစ်ပိဿာ | ၁၀၀-၃၇၅ |
| ရှမ်းကြက်သွန်ဖြူ | တစ်ပိဿာ | ၁၄၀၀-၁၉၀၀ |
| ကြက်သွန်ဖြူ(ကြူကုတ်) | တစ်ပိဿာ | ၁၇၅၀ |
| အာလူး(ရှမ်း) | တစ်ပိဿာ | ၅၂၀-၇၂၀ |
| ရေတ်ရှည် (မိုးထောင်) | တစ်ပိဿာ | ၂၂၅၀-၂၃၀၀ |
| ရေတ်ပွ (စိမ်းစား) | တစ်ပိဿာ | ၄၀၀၀-၅၂၀၀ |
| သကြား | တစ်ပိဿာ | ၈၈၀-၉၂၀ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-စေ့ငုတင်ပြသည်။



## မိုးစပါးစံပြကွက် သန်လျင်၌ ရိတ်သိမ်း

**ရန်ကုန် နိုဝင်ဘာ ၁၀**

ပုလဲသွယ်စပ်မျိုးစပါးစံကွက်ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၂ရက်က ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် စစ်ပင်ကွင်းကျေးရွာ အကွက်အမှတ် (၆၆၆ A) ၁၀ ဧကတွင် (Field day) အခမ်းအနားကျင်းပရာ တစ်ဧကလျှင် ၁၃၈ ဒသမ ၃၂တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။

အဆိုပါ Field day ကျင်းပရာသို့ ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေး ဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးကျော်ကျော်၊ တောင်ပိုင်းခရိုင် ဦးစီးမှူးဦးထွန်းမြင့်၊ မြို့နယ် မြေစာရင်းဦးစီးမှူး ဦးကျော်စွာမင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးစောအောင်နှင့် ဝန်ထမ်းများ၊ သနပ္ပင်၊ စစ်ပင်ကွင်း၊ ဘယက်၊ ဆေးလုံးကြီး၊ ချောင်းစောက်ကျေးရွာတို့မှ တောင်သူ ၇၃ ဦးတို့ တက်ရောက်လေ့လာခဲ့ကြောင်း သိရသည်။ **(၀၁၉)**

## တိုက်ကြီးမြို့တွင် လူသတ်မှုဖြစ်ပွား

**တိုက်ကြီး နိုဝင်ဘာ ၁၀**

တိုက်ကြီးမြို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ မြို့မစခန်းတွင် ဒုရဲအုပ်အောင်သူစိုး တာဝန်ထမ်းဆောင်နေချိန် နိုဝင်ဘာ ၇ ရက် နံနက် ၇ နာရီခွဲတွင် အမျိုးသားတစ်ဦး သေဆုံးနေကြောင်း သတင်းရသဖြင့် မြို့မရဲစခန်းမှ နယ်ထိန်းတပ်ကြပ်ကြီး ခင်မောင်ထွန်း ၊ အင်္ဂလားရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးငွေးအောင်၊ ရာအိမ်မှူး ဦးဝင်းထွန်း တို့နှင့်အတူ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ မျိုးထွန်း (၃၅နှစ်) (ဆိုင်ကယ် ကယ်ရီ) စံပြ (၃)လမ်း ဘူတာရပ်ကွက် တိုက်ကြီးမြို့နေသူ ဖြစ်သည်။

သေဆုံးသူသည် တိုက်ကြီး အင်္ဂလားရွာသွားလမ်း တာပေါင်ဘေး မြက်ခင်းထဲ၌ ပက်လက်အနေအထား ဖြင့် ဒဏ်ရာများရရှိသေဆုံးနေသည်ကိုတွေ့ရှိရသဖြင့် တိုက်ကြီးရဲစခန်းက အမှုဖွင့်ဆောင်ရွက်ထားပြီး အမှုမှန်ဖော်ထုတ်နိုင်ရေးအတွက် စုံစမ်းစစ်ဆေးလျက်ရှိသည်။ **ထွန်းလှိုင် (မြိုင်)**

ရွှေနဂါး
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
Ph:209077, 09-73167000
209388, 09-73168000

လပြည့် 09-50-37438
532200
မြို့တွင်း/ပြင်ခရီးစဉ်မျိုးစုံနှင့်လ/နှစ်ချုပ် ကားမျိုးစုံ ငှားရန်အသင့်ရှိသည်
ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်နိုင်ပါသည်။

## ကျောင်းလှူဒါန်းခြင်း(၇)နှစ်ပြည့်ကြည်နူးသာဓုခေါ်ဆိုရန်

ရန်ကုန်မြို့၊ တောင်ဒဂုံ(၁၀၇)ရပ်ကွက်၊ မြဝတီမင်းကြီးလမ်း၊ မိဘမေတ္တာ ဓမ္မရိပ်သာကျောင်းတိုက်ကြီးအား ဖခင်(ဦးခင်စိန်)-မိခင်(ဒေါ်ဝိုင်းစိန်)၊ (ဦးထွန်းရွှေ)-ဒေါ်ရင်မေ၊ သားကြီး မောင်ယဉ်ထွန်း၊ သားငယ် ညီညီထွန်း၊ သမီးကြီး မီမီထွန်း၊ သမီးငယ် မိုးမိုးထွန်း (မိဘမေတ္တာ)မိသားစုက မိမိတို့လှူဒါန်းခဲ့သော ကျောင်းနှင့်မြေကွက်အတွက်သတိရ၍ ခုနစ်ရက်သားသမီးအပေါင်းတို့ အမျှပေးဝေပါသည်။

**သာဓု-သာဓု-သာဓု ခေါ်ဆိုကြပါ။**

## မြေစာရင်းလုပ်ငန်းစွမ်းဆောင်ရည်မြှင့် ရက်တိုသင်တန်းပို့ ချ

**ရွှေကူ နိုဝင်ဘာ ၁၀**

ရွှေကူမြို့နယ်တွင် မြေစာရင်းလုပ်ငန်းစွမ်းဆောင်ရည်မြှင့် ရက်တိုသင်တန်းဖွင့်ပွဲကို နိုဝင်ဘာလတွင် မြို့နယ်ဦးစီးဌာနမှူး ရုံးခန်းမ၌ ကျင်းပသည်။

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ခရိုင်မြေစာရင်းမှူး ဦးစန်းတင့်က အမှာစကားပြောကြားပြီး မြေစာရင်းလုပ်ငန်းနှင့်ပတ်သက်၍ ခရိုင်မြေစာရင်းရုံးမှ ဒုဦးစီးမှူး ဦးစိုးစိုးထွန်းက ရှင်းလင်းပြောကြားသည်။

ယင်းသင်တန်းသို့ မြို့နယ်မြေစာရင်းဦးစီးမှူးအပါအဝင် သင်တန်းသား စုစု ပေါင်း ၁၇ဦး တက်ရောက်ကြကြောင်း သိရသည်။

**လဘန်အောင်(ကချင်မြေ)**

## (၃၅) နှစ်မြောက် ကျောက်စိမ်းရတု မင်္ဂလာနှစ်ပတ်လည်ဆုတောင်း

ဖေဖေ ဦးထွန်းလှအောင် (ညွှန်ကြားရေးမှူးချုပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)- မေမေ ဒေါ်တင်တင်အေးတို့၏ ၁၁-၁၁-၂၀၁၄ရက်တွင် ကျရောက်သော (၃၅)နှစ်မြောက် ကျောက်စိမ်းရတု မင်္ဂလာရက်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သော သား၊ မြေးများနှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်သား၊ ချစ်မြေးများ

**ကိုနေလင်းအောင်-မတင်ဇာဇာမင်း**
**မြေး -မစုနှင်းလတ်၊ မောင်ဟိန်းဇေယျာထွန်း**
**ကိုကျော်သူထွန်း-မစုမြတ်ထွေး**
**မြေး -မောင်လင်းအောင်ကျော်ဖိုလ်**
**ကိုပြည့်ဖြိုးအောင်-မအေးချိုသရဖီကျော်**
**ကိုကျော်ဇင်ထွန်း**
**မောင်အောင်ထက်သူ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ (၁၀)မိုင်၊ ရာဇသင်္ကြန်လမ်း၊ အမှတ်(၉၅၆)ဟု ခေါ်တွင်သော ဧရိယာ ပေ(၄၀×၄၀)ရှိ ပျဉ်ထောင်အိမ်တစ်ထပ်(၂)လုံး၊ အများသုံးလမ်းအပါအဝင်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်လက်ရှိပိုင်ဆိုင်သူ ဒေါ်စန်းစန်း ၁၂/အစန(နိုင်)၀၅၅၇၄၆ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် အတွက် ကျွန်ုပ်မိတ်ဆွေမှ စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
**ဦးအေးမင်း LL.B အထက်တန်းရှေ့နေ**
**အမှတ်(၇၃၄)၊ ဗိုလ်တေဇလမ်း၊ (၁၀)မိုင်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၃၀၉၃၄၇၀**




ရှမ်းသက္ကရာဇ် ၂၁၀၉ခုနှစ်၊ ခရစ်နှစ် ၂၀၁၄ခုနှစ်၊ နိုဝင်ဘာလ(၂၂)ရက်နေ့တွင်ကျရောက်မည့် ရှမ်းရိုးရာနှစ်သစ်ကူးပွဲတော်အား ရှမ်းပြည်နယ်၏မြို့တော် တောင်ကြီးမြို့တွင်စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါသဖြင့် ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ ကြွရောက်ချီးမြှင့်ပေးနိုင်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

အလှူငွေများလှူဒါန်းလိုပါက ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်-၀၀၁၁၂၂၀၀၅၀၃၇၃၊ ဖုန်း-၀၉၅၂၄၁၂၇၃၊ ၀၉၅၂၁၃၆၈၂ သို့ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ရှမ်းနှစ်သစ်ကူးကျင်းပရေးဦးစီးကော်မတီ
တောင်ကြီးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် လျှောက်ထားခြင်း

ယာဉ်အမှတ် ၂၉ယ/၂၃၁၀ Honda Wave M/C ဆိုင်ကယ် လက်ဝယ်ရှိသူ ဦးမျိုးမြင့်ဦး ၃/ဘအန(နိုင်) ၀၁၀၈၉၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ရုံး(ဘားအံမြို့)**

အရိပ်လည်းရ
ဝန်းကျင်လှ
သစ်ပင်စိုက်ပျိုးကြ

နိုင်ငံတကာအားကစားနှင့် ကျော်ငြာ

## အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်(၁၁)အပြီး ရပ်တည်မှု သိဟ

| စဉ် | အသင်း | ပွဲစဉ် | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|---|
| ၁ | ချယ်လ်ဆီး | ၁၁ | ၉ | ၂ | ၀ | ၂၉ |
| ၂ | ဆောက်သမ်တန် | ၁၁ | ၈ | ၁ | ၂ | ၂၅ |
| ၃ | မန်စီးတီး | ၁၁ | ၆ | ၃ | ၂ | ၂၁ |
| ၄ | ဝက်စ်ဟမ်း | ၁၁ | ၅ | ၃ | ၃ | ၁၈ |
| ၅ | ဆွမ်ဆီး | ၁၁ | ၅ | ၃ | ၃ | ၁၈ |
| ၆ | အာဆင်နယ် | ၁၁ | ၄ | ၅ | ၂ | ၁၇ |
| ၇ | မန်ယူ | ၁၁ | ၄ | ၄ | ၃ | ၁၆ |
| ၈ | နယူးကာဆယ် | ၁၁ | ၄ | ၄ | ၃ | ၁၆ |
| ၉ | စတုတ်စီးတီး | ၁၁ | ၄ | ၃ | ၄ | ၁၅ |
| ၁၀ | အဲဗာတန် | ၁၁ | ၃ | ၅ | ၃ | ၁၄ |
| ၁၁ | လီဗာပူး | ၁၁ | ၄ | ၂ | ၅ | ၁၄ |
| ၁၂ | စပါး | ၁၁ | ၄ | ၂ | ၅ | ၁၄ |
| ၁၃ | ဝက်စ်ဘရွန်း | ၁၁ | ၃ | ၄ | ၄ | ၁၃ |
| ၁၄ | ဆန်းဒါးလန်း | ၁၁ | ၂ | ၆ | ၃ | ၁၂ |
| ၁၅ | ဟားလ်စီးတီး | ၁၁ | ၂ | ၅ | ၄ | ၁၁ |
| ၁၆ | အက်စ်တွန်ဗီလာ | ၁၁ | ၃ | ၂ | ၆ | ၁၁ |
| ၁၇ | ခရစ္စတယ်ပဲလေ့စ် | ၁၁ | ၂ | ၃ | ၆ | ၉ |
| ၁၈ | လက်စတာ | ၁၁ | ၂ | ၃ | ၆ | ၉ |
| ၁၉ | ကျူပီအာ | ၁၁ | ၂ | ၂ | ၇ | ၈ |
| ၂၀ | ဘန်လေ | ၁၁ | ၁ | ၄ | ၆ | ၇ |

### နိုဝင်ဘာ ၉/၁၀ ဂိုးရလဒ်များ

| | | |
|---|---|---|
| ဝုဖ်ဘတ် | ၂-၀ | ဟမ်းဘတ် |
| ဒေါ့မွန် | ၁-၀ | မိုချန်ဂလက်ဘတ် |
| ကက်ဂလီယာရီ | ၁-၁ | ဂျီနိုအာ |
| ချီယေဗို | ၂-၁ | ဆီစီနာ |
| အမ်ပိုလီ | ၂-၁ | လာဇီယို |
| ဂျူဗင်တပ်စ် | ၇-၀ | ပါးမား |
| ပါလာမို | ၁-၁ | အူဒီးနိစ် |
| ဖီအိုရင်တီးနား | ၀-၁ | နာပိုလီ |
| အင်တာမီလန် | ၂-၂ | ဗီရိုနာ |
| ရိုးမား | ၃-၀ | တိုရီနို |
| ဆီဗီလာ | ၁-၁ | လီဗန်တေး |
| အက်စ်ပန်ညို | ၁-၁ | ဗီလာရီးရဲလ် |
| ဗလင်စီယာ | ၀-၀ | ဘီလ်ဘာအို |

# တောင်အမေရိကအသင်းအများစုပါတဲ့ နိုင်ငံတကာခြေစမ်းပွဲ

နိုင်ငံတကာခြေစမ်းပွဲတွေ ဆက်တိုက်ဆင်နွှဲနေတဲ့ ဒီတစ်ပတ်ကြားရက်မှာတော့ နိုဝင်ဘာ ၁၄ ရက်မှာ တောင်အမေရိကအသင်းအများစု ပါဝင်ဆင်နွှဲကြဖို့ရှိနေပါတယ်။ ဒီပွဲတွေထဲမှာ အာရှထိပ်သီးအသင်းအချို့ရဲ့ ခြေစမ်းပွဲတွေလည်း ပါဝင်နေတာမို့ ရသစုံခံစားရမယ့်ပွဲစဉ်တွေ ဖြစ်နေပါတယ်။

### ဥရုဂွေးနှင့် ကော်စတာရီကာ

ဥရုဂွေးရဲ့ခြေစွမ်းက ပုံစံကောင်းရနေပေမယ့် ရလဒ်တွေက အားရစရာမရှိသေးပါဘူး။ ဒီနှစ်သင်းရဲ့နောက်ဆုံးခြေစမ်းပွဲရလဒ်ကိုကြည့်ရင် ဥရုဂွေးက နိုင်ပွဲရတာများပေမယ့် ခက်ခက်ခဲခဲကျော်ဖြတ်ခဲ့ရတာပါ။ ကော်စတာရီကာဟာ အသင်းလိုက်ကစားကောင်းတာမို့ ဥရုဂွေးတို့ပေါ့ဆဆကစားလို့မရပါဘူး။ အိမ်ကွင်းဖြစ်နေတဲ့အတွက် ဥရုဂွေးပရိသတ်တွေ ပျော်ရွှင်ရမယ့်ပွဲပါ။

### ချီလီနှင့် ဗင်နီဇွဲလား

တောင်အမေရိကနှစ်သင်း ထိပ်တိုက်ဆုံတွေ့မှုဖြစ်ပါတယ်။ ချီလီအသင်းဟာ အဝင်အထွက်ရဲရဲနဲ့ ကစားတတ်ပြီး နိုင်ပွဲလိုစိတ်လည်း ပြင်းထန်နေတာမို့ အခုပွဲမှာ ဗင်နီဇွဲလားတို့ ခက်ခဲနိုင်ပါလိမ့်မယ်။ ဗင်နီဇွဲလားအသင်းဟာ လောလောဆယ်မှာ ရလဒ်ကောင်းတွေရနေတာမို့ ချီလီတို့အလွယ်တကူတော့ နိုင်ပွဲမရနိုင်ပါဘူး။ အားသာချက်ကတော့ ချီလီတို့ပါပဲ။

### ပါရာဂွေးနှင့် ပီရူး

ပါရာဂွေးနဲ့ ပီရူးတို့ရဲ့ နောက်ဆုံးသုံးပွဲရလဒ်ကိုကြည့်ရင် ပါရာဂွေးတို့ နိုင်ပွဲရခဲ့တာချည်း ဖြစ်ပါတယ်။ ဒါပေမယ့် အနိုင်ပြတ်သားမှုမရှိဘဲ အောင်ပွဲခံနိုင်ခဲ့တဲ့ဖြစ်ရပ်ကို ပါရာဂွေးတို့ သတိပြုရပါလိမ့်မယ်။ လောလောဆယ်မှာ ပါရာဂွေးတို့ ပုံမှန်ခြေစွမ်းရဖို့ ကြိုးစားနေရတာမို့ ဒီပွဲကသရေရလဒ်ကို ဦးတည်သွားနိုင်ပါတယ်။

### အမေရိကန်နှင့် ကိုလံဘီယာ

တစ်လှည့်စီအနိုင်ယူနေတဲ့ ဒီနှစ်သင်းရဲ့ ပြိုင်ဆိုင်မှုက ဒီပွဲမှာတော့ အိမ်ရှင်တို့က ဖိအားပေးကစားဖို့များနေပါတယ်။ အမေရိကန်ဟာ နောက်ဆုံးသုံးပွဲကစားခဲ့တဲ့ရလဒ်ကို ကြည့်ရင် ရှုံးပွဲတော့မရှိပါဘူး။ ကိုလံဘီယာတို့ကလည်း အခုတစ်လော ရလဒ်ကောင်းအောင်ကစားနိုင်နေတာမို့ သရေကျဖို့များနေပါတယ်။

### ဂျပန်နှင့် ဟွန်ဒူးရပ်စ်

ဂျပန်နဲ့ ဟွန်ဒူးရပ်စ်တို့နောက်ဆုံး ဆုံတွေ့ခဲ့တဲ့ ၂၀၀၅ ခုနှစ်ရလဒ်ကိုကြည့်ရင် ဂျပန်က ငါးဂိုး-လေးဂိုးနဲ့နိုင်ပွဲရရှိထားပါတယ်။ ဒါပေမယ့် ဟွန်ဒူးရပ်စ်ရဲ့လက်ရှိ ခြေစွမ်းက အမေရိကန်ကိုတစ်ဂိုးစီသရေ၊ မက္ကဆီကိုကိုနှစ်ဂိုးပြတ်ရှုံးပြီး နီကါရာဂွာကို တစ်ဂိုး-ဂိုးမရှိနဲ့နိုင်ထားပါတယ်။ ဂျပန်ရဲ့အားထုတ်မှုကလည်း လက်ရှိအနေအထားမှာ ကောင်းမွန်နေတာမို့ အိမ်ကွင်းမှာဂျပန်တို့ ကပ်ပြီးအနိုင်ရသွားနိုင်ပါတယ်။

**မိုးမြင့်လင်းလက်**

## အာဆင်နယ် ဒုတိယမြောက်ရှုံးပွဲကြုံ

ပရီမီယာလိဂ်ပွဲစဉ် ၁၁ တနင်္ဂနွေနေ့ညပြိုင်ပွဲတွင် ဆွမ်ဆီးက အာဆင်နယ်ကို တန်ပြန်တိုက်စစ်ကစားပြီး နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရလိုက်သည်။ အာဆင်နယ်က ဆန်ချက်ဇ်၏ဦးဆောင်ဂိုးဖြင့် ဆွမ်ဆီးကို အသာစီးဖြင့်ကစားခဲ့သည်။ လွန်ခဲ့သည့်လေးပွဲတွင် ဆန်ချက်ဇ်က ခြောက်ဂိုးမြောက်အဖြစ်သွင်းယူခဲ့သည်။ အာဆင်နယ်အသင်းသည် ယခုနှစ်ရာသီအတွင်း ဒုတိယမြောက်ရှုံးပွဲကြုံရခြင်းဖြစ်သည်။ လူစားဝင်လာသူ ဆစ်ဂတ်ဆင်နှင့် ဂိုမစ်တို့က ဆွမ်ဆီးအတွက် နောက်ကျဂိုးများသွင်းယူပေးခဲ့သည်။ ဆန်းဒါးလန်းနှင့် အဲဗာတန်တို့ပွဲတွင် လာဆင်က ဆန်းဒါးလန်းအတွက် ဦးဆောင်ဂိုးသွင်းခဲ့သော်လည်း လေတန်ဘိန်းစ်ကပယ်နယ်တီမှလိုက်လံချေပခဲ့၍ တစ်ဖက်တစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားသည်။ ဝက်စ်ဘရွန်းအိမ်ကွင်းတွင် နယူးကာဆယ်က ပီယက်စ်နှင့် ကိုလိုနီရာတို့၏ ဂိုးများဖြင့် ဇယားနံပါတ် ၈ တက်လာခဲ့သည်။ စပါးအိမ်ကွင်းတွင် စတုတ်က အနိုင်ကစားခဲ့သည်။



**ကောင်းမြတ်သူ-စုစည်းသည်**

## ချန်ပီယံ အက်သလက်တီကို ရှုံးနိမ့်

စပိန်လာလီဂါပွဲစဉ် ၁၁ တနင်္ဂနွေနေ့ပွဲတွင် လက်ရှိချန်ပီယံ အက်သလက်တီကိုသည် ဆိုစီဒက်အိမ်ကွင်း၌ နှစ်ဂိုး-တစ်ဂိုးဖြင့်ရှုံးနိမ့်ခဲ့သည်။ အက်သလက်တီကိုအသင်းမှာ တစ်ယောက်အထုတ်ခံရပြီးနောက် နည်းပြမရှိသော ဆိုစီဒက်က အနိုင်ကစားခဲ့သည်။ အက်သလက်တီကိုအတွက် အဖွင့်ဂိုးကို မန်ဇူကစ်က သွင်းယူခဲ့သည်။ ယင်းဂိုးကိုဗီလာက ပြန်လည်ချေပခဲ့သည်။ အက်သလက်တီကို နောက်ခံလူဆစ်ကွာရာ နှစ်ဝါတစ်နီဖြင့်ထွက်ခဲ့ရပြီး အာရီရေစီက ခေါင်းတိုက်ဂိုးဖြင့် ဆိုစီဒက်အတွက် အနိုင်ဂိုးသွင်းခဲ့သည်။ သို့သော်လည်း ချန်ပီယံအက်သလက်တီကိုသည် ထိပ်ဆုံးရောက် ရီးရဲမက်ဒရစ်နှင့် လေးမှတ်ကွာနေဆဲဖြစ်သည်။


### Happy Birthday “ ဦး ”

တူ ၊ တူမ များအပေါ် သားသမီးရင်းနှင့် မခြား ကျွေးမွေးပြုစုစောင့်ရှောက်ပေးခဲ့ပါသောကျေးဇူးရှင် “ ဦး ” ၏(၁၁.၁၁.၂၀၁၄)ရက်နေ့တွင်ကျရောက်သော မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင် မွေးနေ့ ပေါင်းများစွာတိုင်စိတ်ချမ်းသာ၊ကိုယ်ကျန်းမာစွာဖြင့် လောကီလောကုတ္တရာနှစ်ဖြာသောအကျိုးကို ဆောင်ရွက်နိုင်ပြီး ချစ်သော မိသားစုနှင့်အတူ ပိုမိုသာယာပျော်ရွှင်ပြည့်စုံသော ဘဝကို ပိုင်ဆိုင်နိုင်ပါစေလို့ ဂါရဝပြု ဆု မွန် ကောင်းတောင်းလျက်..........

ချစ်သော တူ/တူမများ
သားသား+စုစု၊အောင်သက်ဦး+မီးမီး
ငြိမ်းချမ်း+ရည်မွန်၊မွှေးမွှေး
ဂျဲဂျဲ ၊ ကဲကဲ ၊ ကုကု ၊ သုသု ၊ တုံတုံ

### Happy Birthday “ ဖေဖေ ”

သား လေးစားရဆုံး ဖေဖေ ရဲ့ (၁၁.၁၁.၂၀၁၄) မှာ ကျရောက်တဲ့ မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင်ဖေဖေ ချစ်တဲ့ မေမေ “ဖြူ” နဲ့အတူ အသက်ရှည် ကျန်းမာ၊ချမ်းသာစွာနဲ့တိုင်းပြည်အကျိုး၊ဘာသာသာသနာအကျိုး ဆတက်ထမ်းပိုးသယ်ပိုးနိုင်ပါစေလို့ဆုတောင်းလိုက်ပါတယ်....

ချစ်သော တစ်ဦးတည်းသောသား
ဖိုးသား




ကြော်ငြာ


10-15th November 2014
SOFT LAUNCH
10% DISC!
PYAY
TOWER & RESIDENCES
AVAILABLE OFFICE AND RETAIL SPACES
Time : 09:00 AM - 09:00 PM
Venue: Sule Shangri-La | Room: Inwa - Taung-Ngu
FOR MORE INFORMATION PLEASE CONTACT US:
0997 400 8222 0997 400 8333
0925 450 8082
www.nobletwindragons.com
NOBLE TWIN DRAGONS
MEGA REALTY
WIKA
JMT
DPA
K T P
ARUP
ARCADIS
LangdonSeah
EC HARRIS
TSM
T & Associates
Structural Engineers
WEG
OKCE

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

# အလုပ်အကိုင်အခွင့်အလမ်း ပိုမိုပေါ်ထွန်းလာရေးအတွက် ရင်းနှီးမြှုပ်နှံလိုသူများအား ဖိတ်ခေါ်ကြိုဆိုလျက်ရှိ

သတင်း - ရီရီမြင့်
ဓာတ်ပုံ - ရဲထွဋ်

**နိုဝင်ဘာ ၈ ရက် နံနက်ပိုင်းက မြန်မာနိုင်ငံမှ Myanmar Integrated Communication Trading Co., Ltd. နှင့် ကိုရီးယားသမ္မတနိုင်ငံမှ K. Won Co., Ltd. တို့ အကျိုးတူပူးပေါင်းဆောင်ရွက်သည့် K. Won & MICC အထည်ချုပ်စက်ရုံဖွင့်ပွဲကို ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။ စက်ရုံဖွင့်ပွဲနှင့်စပ်လျဉ်း၍ မြန်မာ့သတင်းစဉ်သတင်းအဖွဲ့က သိလိုသည်များကို မေးမြန်းခဲ့မှုများ ဖော်ပြလိုက်ရပါသည်။**



ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်



ဦးငြိမ်းအောင်



ကိုဇော်ဇော်



မနှင်းသီတာဝေ



မစန်းစန်းဝင်း

**ဦးမောင်မြင့် (ပြည်ထောင်စုဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)**

မြန်မာနိုင်ငံမှာစပြီး ရင်းနှီးမြှုပ်နှံသူတွေကို လုပ်သားအထူးပြုလုပ်ငန်းတွေမှာ လာရောက်ပြီး ရင်းနှီးမြှုပ်နှံဖို့ ဖိတ်ခေါ်ခဲ့တယ်။ အခု ဒီစက်ရုံက MICC ကို ငှားထားတယ်။ ကိုရီးယား K. won နဲ့ ပူးပေါင်းပြီး လုပ်သားအထူးပြုတဲ့ အထည်ချုပ်စက်ရုံတစ်ခုကို တည်ထောင်တဲ့အတွက် ကျွန်တော်တို့က အားပေးတယ်။ ကျွန်တော်တို့ဆီမှာ အခြားအထည်ချုပ်စက်ရုံတွေဖွင့်ဖို့ ကျန်သေးတယ်။ ဒါတွေဖွင့်ဖို့ ပူးပေါင်းဆောင်ရွက်ဖို့ ဆက်လက်ဖိတ်ခေါ်ပါတယ်။ အလားတူပါပဲ၊ ကျွန်တော်တို့ စက်မှုဝန်ကြီးဌာနအောက်မှာ မရှိဘဲနဲ့ သီးသန့် CMP Industry မှာ လာရောက်ရင်းနှီးမြှုပ်နှံသူအားလုံးကိုလည်း နိုင်ငံတော်အစိုးရက နွေးထွေးလှိုက်လှဲစွာ ကြိုဆိုနေတယ်ဆိုတာကို ပြောပြချင်ပါတယ်။ အစိုးရရဲ့ထောင်စုနှစ် ရည်မှန်းချက်အရ ဆင်းရဲမှုလျှော့ချရမယ်။ လျှော့ချဖို့အတွက် လူတိုင်းအလုပ်အကိုင်အခွင့်အလမ်းရှိရမယ်။ ဒါမှ အလုပ်အကိုင်အခွင့်အလမ်းတွေများများရမယ်။ ရရှိလာတဲ့အလုပ်အကိုင်တွေကလည်း သင့်တင့်လျောက်ပတ်တဲ့ လုပ်ခလစာတွေရမယ်ဆိုရင် ဆင်းရဲမှုကို အတိုင်းအတာတစ်ခုအထိ လျှော့ချနိုင်မယ်လို့ ယုံကြည်ပါတယ်။ ဒါကြောင့်မို့ လူတိုင်းအလုပ်အကိုင်ရရှိနိုင်မယ့် အခုလိုလုပ်သားအထူးပြုလုပ်ငန်းတွေကို လာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်ဖို့ ကြိုဆိုနေပါတယ်။

**ဦးငြိမ်းအောင်** ( MICC Co., Ltd. **မန်နေဂျင်းဒါရိုက်တာ)**

ဒီစက်ရုံကို နိုင်ငံတော်ကနေ ကျွန်တော်တို့ ငှားတယ်။ ပြီးတော့မှ K.Won နဲ့ JV လုပ်တယ်။ အခု K. Won က ငွေကြေးရော၊ အဆောက်အအုံပါ စက်တွေနဲ့ရင်းနှီးမြှုပ်နှံတယ်။ အခု မြင်တဲ့အတိုင်းပဲ အလုပ်သမားတွေ အလုပ်ရတယ်။ နောက်စက်က ကုတ်တွေချုပ်တယ်။ အဲဒီအခါ နည်းပညာတွေရတယ်။ နှစ်ဦးနှစ်ဖက်၊ သုံးဦးသုံးဖက် အကျိုးရှိတယ်လို့ ကျွန်တော်မြင်ပါတယ်။ အခုလက်ရှိ အလုပ်သမား ၁၂၀၀ ရှိတယ်။ နောက်ထပ် ၆၀၀ ထပ်ခန့်မယ်။ ၁၈၀၀ ဖြစ်သွားမယ်။ နောက်ထပ် နိုင်ငံတကာနဲ့ ပူးပေါင်းပြီး စက်ရုံတွေ၊ စိုက်ပျိုးရေးတွေလုပ်ဖို့ ရှိပါတယ်။ စိုက်ပျိုးရေးနည်းပညာတွေ၊ သိုလှောင်မှုတွေစသဖြင့် အထွက်နှုန်းတိုးလာအောင် လုပ်လာနိုင်မယ်။ အဲဒါဆိုရင် တိုင်းပြည်အတွက် အများကြီးတိုးတက်လာမယ်။ နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်သွားဖို့ အစီအစဉ်တွေရှိပါတယ်။ ကုတ်အင်္ကျီတွေချုပ်တာဖြစ်တဲ့အတွက် လုပ်ခလစာပိုများတယ်။ ပညာလည်းရတယ်။ အကျိုးခံစားခွင့်တွေလည်းရှိတယ်။ အဲဒီအတွက် အများကြီးဝမ်းသာပါတယ်။

**ကိုဇော်ဇော် (အင်္ကျီဒီဇိုင်း မန်နေဂျာ)**

ကျွန်တော့်အနေနဲ့ အင်္ကျီပုံစံ ဒီဇိုင်း၊ နမူနာပုံစံတွေ ရောက်လာရင် ကြည့်ပြီး ပုံစံဒီဇိုင်းတွေ ထုတ်ပေးရတယ်။ အလုပ်လုပ်ရတာ အစစအရာရာအဆင်ပြေပါတယ်။

**မစန်းစန်းဝင်း (လိုင်စင်နှင့် ထုတ်ကုန်ပိုင်းတာဝန်)**

ကျွန်မက ရွှေဘိုက လာရတော့ အဆောင်ပေးပါတယ်။ နေရေးထိုင်ရေး အဆင်ပြေပါတယ်။ ရန်ကုန်က ဝေးတဲ့သူတွေအတွက်တော့ ကြို/ပို့ ရှိပါတယ်။

**မနှင်းသီတာဝေ (စက်ရုံ အော်ပရေတာ)**

အလုပ်လုပ်ရတာ အဆင်ပြေပါတယ်။ လူကြီးတွေကလည်း တိုင်တိုင်ပင်ပင်ရှိပါတယ်။ အဆင်မပြေတာတွေရှိရင် တိုက်ရိုက်ပြောလို့ရတယ်။ လက်ရှိလစာက တစ်သိန်းကျော်တယ်၊ အချိန်ပိုဆင်းရင် အချိန်ပိုလုပ်ခရတယ်။ ပုံမှန်အလုပ်ချိန် ၈ နာရီလုပ်ရတယ်။

## တောင်ငူခရိုင်ချင်းဆက်လမ်းအမှတ်(၂) သစ်ကြိမ်း-ထုံးဘိုကြီးတံတားများ တည်ဆောက်

**တောင်ငူ နိုဝင်ဘာ ၁၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်နှင့် ရေတာရှည်မြို့နယ်များကို ဖြတ်သန်းကာ ဖောက်လုပ်ထားသည့် ခရိုင်ချင်းဆက်လမ်း အမှတ်(၂)ရှိ တံတားများကို ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ပြုပြင်တည်ဆောက်လျက်ရှိရာ လမ်းနှင့်တံတားများ ပြီးစီးသွားပါက ဒေသခံပြည်သူများ ရာသီမရွေးသွားလာနိုင်ကြတော့မည်ဖြစ်သည်။ စစ်တောင်းမြစ် အရှေ့ဘက်ကမ်းတွင် နေထိုင်ကြသည့် ဒေသခံပြည်သူများမှာ အဆိုပါ ခရိုင်ချင်းဆက်လမ်းတစ်လျှောက် နေ့စဉ်လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စများတွင်အသုံးပြုကာ သွားလာနေကြရပြီး မိုးရာသီရောက်တိုင်း အခက်အခဲများဖြင့် ကြုံတွေ့ရလေ့ရှိကြောင်း၊ ကရင်ချောင်းကျေးရွာနေ ဦးမြင့်ဦးကပြောပြသည်။ သစ်ကြိမ်း-ထုံးဘိုကြီးလမ်းပိုင်းရှိ မိုင်တိုင်(၃၃/၆) တံတားပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၏ ၂၀၁၄-၂၀၁၅ ခွင့်ပြုရန်ပုံငွေကျပ်သန်း ၁၈၇၁ ဒသမ ၁၃၂ ဖြင့် ခရိုင်ချင်းဆက်လမ်းတစ်လျှောက်တွင် ပျက်စီးယိုယွင်းနေသည့် ကတ္တရာလမ်း ၁၁ ဒသမ ၂ မိုင်ကိုပြုပြင်၊ ကျောက်ချောလမ်း ၁၆ ဒသမ ၇၅ မိုင်၊ တံတား ၂၀ စင်းကို ပြုပြင်သွားမည်ဖြစ်ကာ လုပ်ငန်းများအားလုံးပြီးစီးသွားပါက ရေတာရှည်မြို့နယ်အတွင်း ခရိုင်ချင်းဆက်လမ်းတစ်လျှောက်ရှိ ကန်လှ၊ လယ်သာ၊ ရေဖြူမြောင်၊ ငွေးသဲ၊ ရေတာရှည်လေး၊ ရေငံ၊ ပိတောက်ကုန်း၊ ဒေါင့်အင်းကုန်း၊ တပ်စိုး၊ ကျွန်းကုန်း၊ နဂျပ်(အထက်၊ အောက်) ကျေးရွာများနှင့် တောင်ငူမြို့နယ်အတွင်းရှိ ကရင်ချောင်း၊ ထုံးဘိုကြီး၊ ထုံးဝါးချောင်း၊ ကွမ်းပင်၊ မွန်ကုန်း၊ ရွာသစ်၊ ကျောက်လုံးကြီးကျေးရွာများအပြင် လယ်ဝေးမြို့နယ်၊ သစ်ကြိမ်း၊ ကြာကန်ကျေးရွာနေ ဒေသခံပြည်သူများ အလွယ်တကူအဆင်ပြေသွားလာနိုင်ကြတော့မည်ဖြစ်သည်။

ယခုအခါ လုပ်ငန်းများအချိန်မီပြီးစီးနိုင်ရန် ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးသိန်းလွင်၊ တောင်ငူခရိုင်ဦးစီးအရာရှိ ဦးအောင်သန်းလွင်နှင့် တာဝန်ရှိသူများက နိုဝင်ဘာ ၈ ရက် နံနက်ပိုင်းတွင် လိုက်လံစစ်ဆေးခဲ့ရာ သက်ဆိုင်ရာ မြို့နယ်အလိုက်ဦးစီးအရာရှိများက လုပ်ငန်းပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

## ပူတာအိုမြို့နယ် အုပ်ချုပ်ရေးမှူးဖလား မိုးရာသီဘောလုံးပြိုင်

**ပူတာအို နိုဝင်ဘာ ၁၀**

ကချင်ပြည်နယ် ပူတာအိုခရိုင် ပူတာအိုမြို့နယ်၏ ၂၀၁၄ ခုနှစ် မြို့နယ်အုပ်ချုပ်ရေးမှူးဖလား မိုးရာသီဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၈ ရက်မှ နိုဝင်ဘာ ၇ ရက်အထိ ပြိုင်ပွဲဝင်အသင်းပေါင်း ၂၀ ဖြင့် ပူတာအိုမြို့ ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

ဗိုလ်လုပွဲကို နိုဝင်ဘာ ၇ ရက်မွန်းလွဲ ၂ နာရီတွင် ကျင်းပရာ လေယာဉ်ကွင်းရပ်ကွက် ဘောလုံးအသင်းနှင့်မြို့မရပ်ကွက် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြပြီး လေယာဉ်ကွင်းရပ်ကွက်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ပထမဆုရ လေယာဉ်ကွင်းရပ်ကွက်အသင်းအား ငွေသားဆုငါးသိန်းနှင့် တံခွန်စိုက်ဖလားကို မြို့နယ်အုပ်ချုပ်ရေးမှူးဦးစိုးမြင့်သိန်းတို့က ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဖုန်ကန် (iprd)**

(၁၄)ကြိမ်မြောက် မော်လမြိုင်စက်မှုလက်မှု အ.ထ.က အာစရိယပူဇော်ပွဲကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ကြောင်း ကြေညာခြင်း

အစီစဉ် (၁) ➢ ၁၃.၁၂.၂၀၁၄ စနေနေ့ နံနက် (၈း၀၀)နာရီမှ (၁၂း၀၀)နာရီထိ ရွှေတိဂုံဘုရားတောင်ဖက်မုခ်၌ မော်လမြိုင်ဓမ္မာရုံတွင် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကျင်းပခြင်း။

အစီစဉ် (၂) ➢ ၁၃.၁၂.၂၀၁၄ ညနေ (၆း၀၀) နာရီတွင် မော်လမြိုင်သို့ ထွက်ခွာ၍ ၁၄.၁၂.၂၀၁၄ တွင် မော်လမြိုင်နည်းပညာအထက်တန်းကျောင်းတွင် ည (၆း၀၀) နာရီ၌ နယ်ခံကျောင်းသားများနှင့် ဒုတိယအကြိမ် ပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကျင်းပခြင်း။

သို့ပါ၍ ကန်တော့ခံဆရာကြီး/ ဆရာမကြီးများနှင့် ကျောင်းသားဟောင်းများ မပျက်မကွက်တက်ရောက် ကြပါရန်နှင့် အောက်ပါပုဂ္ဂိုလ်များထံ အလှူငွေများ ဆက်သွယ်လှူဒါန်းကြပါရန် နှိုးဆော်လိုက်ပါသည်။

ဆက်သွယ်ရန် ....

➢ ရန်ကုန်
၁။ ဆရာဦးဉာဏ်ထွန်း (၀၁-၆၄၁၈၄၆)၊
၂။ ဦးထွန်းလွင် (၀၉-၅၀၇၃၈၉၂)
၃။ ဦးကြည်မြင့် (၀၉-၅၁၄၀၉၁၆)
၄။ ဦးဆန်းဦး (၀၁-၅၇၂၃၇၅)
၅။ ဦးရွှေဝင်း (၀၉၈-၄၅၀၀၅၅၈၇၂၊ ၀၁-၆၈၀၂၆)
၆။ ဦးစိုးမြင့် (၀၁-၆၀၀၆၂၈၊ ၀၉-၇၃၁၀၁၀၈၁)
၇။ ဦးပေစိုး (၀၉-၂၅၀၄၉၀၁၈)
၈။ ဦးထွန်းဝေ (၀၉-၅၀၇၃၃၅၂)
၉။ ဦးမြင့်သန်း (၀၉-၄၉၂၁၃၇၁၁)။

➢ မော်လမြိုင်
၁။ ကိုခင်မောင်လွင် (၀၉-၃၁၁၉၂၂၇၀)
၂။ ကိုအောင်မြင့် (ကျားတံတား၊ ကားပစ္စည်းဆိုင်(၀၅၇-၂၂၈၂၃၊ ၀၉-၄၉၈၀၁၂၆၇)
➢ မုဒုံ
၁။ ဦးစောစိန်သောင်း (၀၅၇-၇၀၆၃၄)
➢ သံဖြူဇရပ်
၁။ ဦးရွှေရင် (၀၉-၄၉၈၂၀၄၈၄)
➢ မိတ္ထီလာ
၁။ ဦးကျိုက်ကူးမား (ကညန)

➢ တောင်ငူ
၁။ စိုးနိုင်ဦး (သာရ)၊ တောင်ငူ၊ ၀၉-၄၂၈၁၃၃၉၉၆
၂။ ကိုအောင်ကျော်ဦး (၀၉-၄၉၂၁၃၃၇၂)
➢ ကညွတ်ကွင်း
၁။ ဦးစိုးလွင် (၀၉-၄၂၈၁၃၅၆၂၅၊ ၀၅၄-၅၀၄၀၉)

**မြေကြီးအပိုရှိသည်**
**ကိုကျော်စိုး**
**မြေကြီးတူးဖော်ရေးလုပ်ငန်း**

ရန်ကုန်မြို့တွင်း မြေကြီး ကျင်း(၁)သိန်း အပိုရှိသည်။
စက်ရုံ၊ မြေကွက်မြေကြီးလိုအပ်သူများ ဆက်သွယ်နိုင်ပါသည်။
ဖုန်း-၀၉-၄၂၀၀၁၀၈၈၈၊ ၀၉-၅၀၅၆၃၀၇၊
၀၉-၂၅၄၆၉၄၇၀၀၊ ၀၉-၈၇၀၀၇၈၉
မြေကြီးသယ်ရန် ကားများငှားလိုသည်။ ကားများငှားရန်ရှိလျှင် ဆက်သွယ်ပါ။

**မွေးသက္ကရာဇ်အမှန်**

ဦးစိုးလွင်၏သမီး လားရှိုးမြို့၊ UHT ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း(B)မှ မစိုးစန္ဒာထွန်း၏ မွေးသက္ကရာဇ်အမှန်မှာ ၁၇-၁၁-၁၉၉၈ ဖြစ်ပါသည်။

**ကန့်ကွက်နိုင်ပါကြောင်း**

နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/မြို့တောင်ရပ်၊ မင်္ဂလာဒီပရပ်ကွက်ရှိမြေကွက်အမှတ်(ပ-၁၂၉၉)၊ ဧရိယာ ၀ဒသမ ၁၄၆ဧက ဦးခင်မောင်စန်း အမည်ပေါက်နှစ် ၃၀ အငှားဂရန်မြေကွက်အား နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ် လွှဲစာအမှတ်-၁၇၃/၂၀၁၄ ဖြင့် ဦးခင်မောင်စန်း၏ အထူးကိုယ်စားလှယ်ရရှိထားသူ ဦးနန္ဒကျော် ၈/မတန(နိုင်)၀၀၄၉၄၅ (ဘ) ဦးမြအေးမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**အသိပေးကြော်ငြာ**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၈ U9၊ မြေကွက်အမှတ် ၄၅၀+၄၅၁၊ မြေကွက်တည်နေရာအမှတ် (၄၅၀+၄၅၁)၊ ၄၈ U9 ရပ်ကွက် ဦးထွဋ်အောင်ကြည် B/RGN-၀၁၄၆၈၉ အမည်ပေါက် နှစ် ၆၀ ဂရန် ဒဂုံမြောက်မြေအား အမည်ပေါက် ဦးထွဋ်အောင်ကြည်မှ ဂရန်ပျောက်ဆုံးကြောင်းကို ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရာ ကန့်ကွက်သူမရှိသဖြင့် ဂရန်မိတ္တူထုတ်ပေးပြီးဖြစ်၍ မူလထုတ်ပေးထားသည့် ဦးထွဋ်အောင်ကြည် အမည်ပေါက် နှစ် ၆၀ မြေငှားစာချုပ်(ဂရန်မူရင်း)စာအုပ်အား မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ကန့်ကွက်နိုင်ပါကြောင်း**

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁-အနော်မာ)၊ မြေကွက်အမှတ်(၅၃၁/ခ)၊ မြေကွက်တည်နေရာအမှတ်(၅၃၁/ခ)၊ အနော်မာ ၁၂လမ်း၊ (၁)ရပ်ကွက်၊ သာကေတမြို့နယ် ဒေါ်လုံးအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်လုံး(မိခင်)နှင့် ဦးမောင်စိန်(ဖခင်)တို့ကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသော (၁) ဦးလှထွန်း ၁၂/သကတ(နိုင်)၁၁၉၅၂၄၊ (၂) ဦးလှအေး ၁၂/သကတ(နိုင်)၀၄၁၂၄၃၊ (၃) ဒေါ်ခွေးမ ၁၂/သကတ(နိုင်)၁၁၈၇၄၀၊ (၄) ဒေါ်ထွေး ၁၂/သကတ(နိုင်)၀၂၈၅၁၃၊ (၅) ဦးစန်းအောင် ၁၂/သကတ(နိုင်)၀၉၇၉၀၅ တို့အနက်မှ(၁၊၂၊၃)တို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၉၃၉၉/၁၄)နှင့် (၄၊၅)တို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၉၃၉၈/၁၄)ရသူ ဦးကျော်ဝင်း ၁၂/မဂတ(နိုင်)၀၃၁၄၂၈မှ သေစာရင်းနှင့် ကျမ်းကိုန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

# ချင်းတိုင်းရင်းသားဇိုလူမျိုးတို့၏ရိုးရာ ဇိုခွာဒိုပွဲ ရန်ကုန်၌ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၀**

မြန်မာနိုင်ငံတွင်တိုင်းရင်းသားပေါင်းစုံ ချစ်ကြည်ရင်းနှီးစွာအတူလက်တွဲနေထိုင်ပြီး ရိုးရာဓလေ့ထုံးတမ်းပွဲတော်များကိုလည်း ကျင်းပလျက်ရှိသည်။ ဘိုးဘေးဘီဘင်များ၏ရိုးရာဓလေ့ထုံးတမ်းများ မကွယ်ပျောက်စေရန်နှင့် လူငယ်မျိုးဆက်များလက်ဆင့်ကမ်းပြီး ရိုးရာဓလေ့များ ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် မြေပြန့်ရောက် ချင်းတိုင်းရင်းသား ဇိုလူမျိုးများကြီးမှူးကျင်းပသည့် ဇိုရိုးရာဇိုခွာဒိုပွဲကို နိုဝင်ဘာ ၈ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ အေးရှားပလာဇာဟိုတယ်၌ ပြုလုပ်ခဲ့သည်။ **(ယာပုံ)**

ဇိုခွာဒိုပွဲမှာ ဇိုလူမျိုးတို့၏ ကောက်ရိတ်သိမ်းပြီးချိန် နတ်ပူဇော်ပသသည့်ပွဲဖြစ်ပြီး နွေရာသီကောက်မစိုက်မီတွင်လည်း အသီးအနှံများအထွက်ကောင်းစေရန် နတ်ပူဇော်ပသသည့် ပွဲဖြစ်ကြောင်းလည်း သိရသည်။

ဇိုခွာဒိုပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ပွဲဖြစ်မြောက်ရေးမှ ဦးကမ်းခင်းဒါးက "မြေပြန့်မှာရောက်နေတဲ့ ဇိုလူမျိုးလူငယ်တွေအနေနဲ့ ဘိုးဘေးဘီဘင်တွေရဲ့ ရိုးရာဓလေ့ထုံးတမ်းတွေကို မေ့သွားမှာစိုးလို့ ပွဲတော်လုပ်ရခြင်းဖြစ်ပါတယ်။ ဒီပွဲက တိုင်းရင်းသားအချင်းချင်း ရိုင်းပင်းကူညီတဲ့ပွဲ၊ အသီးအနှံတွေ အောင်အောင်မြင်မြင်ဖြစ်ထွန်းအောင် ဘိုးဘေးတွေကိုးကွယ်ခဲ့တဲ့နတ်ကိုပူဇော်ပသပြီး ကျေးဇူးတင်တဲ့ပွဲဖြစ်ပါတယ်" ဟု ပြောသည်။

ကောက်သစ်ရိတ်သိမ်းပြီးချိန် ချင်းတိုင်းရင်းသား ဇိုလူမျိုးတို့၏ ဇိုခွာဒိုပွဲကို ချင်းပြည်နယ် တီးတိန်နှင့် တွန်းဇံမြို့များတွင် ပြုလုပ်ခဲ့ရာမှ မြေပြန့်ရောက် ဇိုလူမျိုးများက ၎င်းတို့၏ မျိုးဆက်များအား ဓလေ့ထုံးတမ်းများကို မမေ့မလျော့မကွယ်ပျောက်စေရန်အတွက် ရန်ကုန်မြို့တွင် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ရန်ကုန်ရောက် ဇိုလူမျိုး အသက် ၈၆ နှစ်အရွယ် အဘိုးအိုတစ်ဦးကလည်း " ရန်ကုန်မှာလုပ်တာနဲ့ ချင်းပြည်နယ်မှာလုပ်တာ သိပ်မထူးခြားပါဘူး။ ပျော်ရွှင်မှုကတော့ အတူတူပါဘဲ၊ ဇိုလူမျိုး မျိုးဆက်သစ်တွေအနေနဲ့ သစ္စာရှိမယ်၊ ရိုးသားမယ်၊ နှိုးကြားမယ်ဆိုရင် ရိုးရာဓလေ့ဟာ လုံးဝပျောက်ကွယ်သွားမှာ မဟုတ်ပါဘူး"ဟု ပြောသည်။

"ချင်းတောင်မှာဆိုရင်တော့ ခေါင်ရည်အိုးတွေ စီပြီးတော့ စုပ်ရတဲ့ဟာကိုတော့ အရမ်းကိုသတိရတယ်။ ဒီမှာကတော့ ဖျော်ရည်ပဲသောက်ရတာပေါ့"ဟု ချင်းပြည်နယ် တွန်းဇံ၌ ၂၀၁၃ခုနှစ်တွင် ကျင်းပခဲ့သည့် ဇိုခွာဒိုပွဲကိုပြန်လည်၍ အမှတ်တရ ဦးကမ်းခင်းဒါးက ပြောပြသည်။



ရန်ကုန်တွင်ပြုလုပ်သည့် ချင်းတိုင်းရင်းသား ဇိုလူမျိုးတို့၏ ဇိုခွာဒိုပွဲတော်တွင် ဇိုရိုးရာယဉ်ကျေးမှု အကများ တေးသီချင်းများဖြင့်သီဆိုဖျော်ဖြေခဲ့ကြောင်း သိရသည်။

**သတင်း-နေလင်း၊ ဓာတ်ပုံ-မင်းသစ်**

# မြန်မာနိုင်ငံသား ၁၂ ဦး ထိုင်းနိုင်ငံက လွှဲပြောင်းပေးအပ်

**တာချီလိတ် နိုဝင်ဘာ ၁၀**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ရှိ မြန်မာ- ထိုင်းအမှတ် (၁) ချစ်ကြည်ရေးတံတား၌ နိုဝင်ဘာ ၇ ရက် မွန်းလွဲ ၁ နာရီက ခရိုင်/မြို့နယ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဝင်များဖြစ်သည့် မကဖ(၈)မှ ဦးစီးအရာရှိ ဦးဇော်မင်းမြင့်၊ ခေတ္တဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လင်းထွန်း၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ရဲအုပ်မင်းအောင်နှင့် ဌာနဆိုင်ရာများ ပါဝင်သောအဖွဲ့သည် ထိုင်းနိုင်ငံ လဝကဦးစီးအရာရှိ Saesiton၊ မယ်ဆိုင်ခရိုင် လဝကမှူး Kanlayar Phommalin တို့က တရားမဝင် မြန်မာအလုပ်သမားအမျိုးသား ရှစ်ဦးနှင့် အမျိုးသမီးလေးဦး တို့ကို လာရောက်လွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။

လွှဲပြောင်းပေးသည့် မြန်မာနိုင်ငံသား ၁၂ ဦးတို့ကို မကာဟိုခမ်းရပ်ကွက်ရှိ မဟာမြတ်မုနိကျောင်းဝင်း အတွင်း၌ အခြေပြုပြီး ပူးပေါင်းအဖွဲ့ဖြင့်စစ်ဆေးခဲ့ရာ ထိုင်းနိုင်ငံအတွင်း တာချီလိတ်-မယ်ဆိုင် ချစ်ကြည်ရေးတံတားအမှတ်(၁)မှ တံတားကူးလက်မှတ်ဖြင့် ဝင်ရောက်ပြီး တရားမဝင် နေထိုင်အလုပ်လုပ်ကိုင်ခြင်း၊ တရားမဝင်ဝင်ရောက်ခြင်း၊ တံတားကူးကတ်(နယ်စပ်ဖြတ်သန်းခွင့်) ခုနစ်ရက်ကျော်လွန်ခြင်းတို့ကြောင့် ရှောင်တခင်စစ်ဆေးချက်အရ ဖမ်းဆီးခံရခြင်းဖြစ်ပြီး ၎င်းတို့မှာ လူကုန်ကူးခံရခြင်းမရှိကြောင်း၊ ၎င်းတို့အား အခကြေးငွေရယူကာ စည်းရုံးပို့ဆောင်ပေးသူများမရှိဘဲ ၎င်းတို့၏သဘောအလျောက် ကိုယ်တိုင်သွားရောက်အလုပ်ရှာဖွေ လုပ်ကိုင်နေကြသူများဖြစ်ကြောင်း၊ ၎င်းတို့သည် ရှမ်းပြည်နယ်(အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း)မှ ၁၀ ဦးနှင့် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၊ ဥက္ကံမြို့မှ နှစ်ဦးတို့ဖြစ်ကြောင်း စိစစ်သိရှိရ၍ လွှဲပြောင်းအလုပ်သမား ၁၂ ဦးကို မြို့နယ်အုပ်ချုပ်ရေးမှူး၏အစီအစဉ်ဖြင့် ၎င်းတို့၏ မိဘဆွေမျိုးများထံ ညနေ ၄နာရီခွဲတွင် အပ်နှံပေးခဲ့ကြောင်း သိရသည်။

အဆိုပါ လွှဲပြောင်းပေးအပ်သည့် မြန်မာအလုပ်သမားများမှာ ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာ ၁၉ရက်မှ၂၀၁၄ခုနှစ် နိုဝင်ဘာ ၇ရက်အထိ လွှဲပြောင်းပေးအပ်သည့် မြန်မာအလုပ်သမား အမျိုးသား ၅၆၉၈ ဦး၊ အမျိုးသမီး ၁၉၃၈ စုစုပေါင်း ၇၆၃၆ ဦးရှိကြောင်း သိရသည်။ **မြင့်မိုရ်(တာချီလိတ်)**

# ပြည်သူ့ဗဟိုပြု ရဲလုပ်ငန်းစဉ်များ အောင်မြင်မှုဆွေးနွေး

**ရန်ကုန် နိုဝင်ဘာ ၁၀**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များမှ ပြည်သူများသို့ ဝန်ဆောင်မှုပေးရာတွင် တိုးတက်မှုရှိစေရန် EU အစီအစဉ်ဖြင့် စမ်းချောင်းမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့ ရဲကျော်စွာခန်းမ၌ ဖွင့်လှစ်ထားသည့် Service Delivery Course သင်တန်းသို့ နိုဝင်ဘာ ၃ ရက် မွန်းလွဲပိုင်းက United Kingdom နိုင်ငံ BEDFOR DSHIPF Police မှ Chiep Constable Coletle Paul နှင့် အဖွဲ့ဝင်များက လာရောက်၍ သင်တန်းသားများနှင့်တွေ့ဆုံကာ ပြည်သူ့ဗဟိုပြု ရဲလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုအောင်မြင်မှုအခြေအနေများကို မေးမြန်းဆွေးနွေးခဲ့ကြသည်။ **ကိုကြီးတင်**

# ဆိုင်ကယ်ယာဉ်မောင်းလိုင်စင်များ ဖြူးတွင်ဆောင်ရွက်ပေး

**ဖြူး နိုဝင်ဘာ ၁၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်တင်ဦးနှင့် ဝန်ထမ်းများသည် ဖြူးမြို့သို့ ကွင်းဆင်းလာရောက်ကြပြီး နိုဝင်ဘာ ၇ ရက်မှ ၉ ရက်အထိ သုံးရက်တိုင်တိုင် ဆိုင်ကယ်ယာဉ်မောင်း လိုင်စင်များကို လုပ်ကိုင်ဆောင်ရွက်ပေးလျက်ရှိရာ နိုဝင်ဘာ ၇ ရက်တွင် ဆိုင်ကယ်ယာဉ်မောင်း လိုင်စင် လူဦးရေ ၉၀၀ နှင့် နိုဝင်ဘာ ၈ ရက် မွန်းတည့် ၁၂ နာရီအထိ လူဦးရေ ၇၀၀ စုစုပေါင်း ၁၆၀၀ တို့ကို လုပ်ကိုင်ဆောင်ရွက်ပေးပြီး နိုဝင်ဘာ ၉ ရက် ညနေပိုင်းအထိ ဆိုင်ကယ်ယာဉ်မောင်းလိုင်စင်များကို ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများက လုပ်ကိုင်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ဖြူး-မြင့်ဦး**

# မိဘဆရာအသင်း နှစ်ပတ်လည်စည်းဝေး

**ရန်ကုန် နိုဝင်ဘာ ၁၀**

ရန်ကုန်အရှေ့ပိုင်းခရိုင် သယ်န်းကျွန်းမြို့နယ် အမှတ်(၂)အခြေခံ ပညာအလယ်တန်းကျောင်း၌ နိုဝင်ဘာ ၇ရက်က ၂၀၁၃-၂၀၁၄ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပရာ အဌမတန်းပညာရည်ချွန် ပထမဆုရမောင်ထက်နိုင်အား ကျောင်းအုပ် ဆရာမကြီး ဒေါ်မြင့်မြင့်အေးက ဆုချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **တင်မောင်လတ်**


## ငှားမည်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မနော်ဟရီလမ်း၊ ၆၂×၆၄လမ်းကြား၊ အိမ်အမှတ် ဃ-၂၊ အကွက်(၆+၇)၊ အရှေ့မျက်နှာစာ ၈၀၊ တိုက်သုံးထပ်ခွဲ၊ ရေ၊ မီးအစုံ ငှားမည်။

**စုံစမ်းရန်ဖုန်း-၀၉-၂၀၀၇၈၁၈၊ ၀၉-၂၀၀၃၈၂၁**

## အသိပေးကြေညာခြင်း

ဗိုလ်တထောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉ကေ၊ ၉အယ်လ်၊ ၉အယ်လ် ၁)ရှိ (ယခင်စီအိုဒီဝင်း) Botataung Time Square အိမ်ရာစီမံကိန်းမြေနေရာနှင့် ပတ်သက်၍ အထောက်အထားတင်ပြ လျှောက်ထားလာသူများအား သင့်လျော်သော လျော်ကြေး/ခံစားခွင့်များပေးနိုင်ရေး စိစစ်ရေးအဖွဲ့မှ စိစစ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ၃-၁၀-၂၀၁၄ရက်ထုတ် နိုင်ငံပိုင်သတင်းစာများဖြစ်သော မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့တွင် ထည့်သွင်းကြေညာခဲ့ပြီးဖြစ်ပါသည်။ အကြောင်းအမျိုးမျိုးကြောင့် မသိရှိသေးသူများမှ ယခုအခါ ထပ်မံလျှောက်ထားလျက်ရှိရာ အဆိုပါမြေတိုင်းရပ်ကွက်အတွင်းရှိ မြေနေရာနှင့်ပတ်သက်၍ ထပ်မံလျှောက်ထားလိုပါက ၁၀-၁၂-၂၀၁၄ရက်နောက်ဆုံးထား၍ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၂၂၈/၂၃၄)ရှိ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ မြေနှင့်အခွန်ဌာနရှိ စိစစ်ရေးအဖွဲ့သို့ ခိုင်လုံသောအထောက်အထားများနှင့်တကွ လာရောက်လျှောက်ထားပါရန်နှင့် သတ်မှတ်ရက်ထက် ကျော်လွန်ပါက အရေးယူဆောင်ရွက်ပေးမည်မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**စိစစ်ရေးအဖွဲ့၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း

ယာဉ်အမှတ် ၂၂ယ/၇၂၁၃၉ Jialing 90, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခိုင်စုလှိုင် ၉/မသန(နိုင်)၁၀၉၃၀၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း

ယာဉ်အမှတ် ၉င/၈၆၃၇၊ LIFAT LFJ 3053 F1, DUMP TRUCK (4 × 2)L ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေး ၅/ဝသန(နိုင်)၀၅၃၄၉၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀ယ/၈၉၁၆၆ Hensim HS 110 A, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သူဇာဝင်း ၉/ပကမ(နိုင်)၀၁၂၁၄၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/ထူပါရုံ)၊ မြေကွက်အမှတ် ၁၃၆၅၊ မြေကွက်တည်နေရာအမှတ် ၁၃၆၅၊ ထူပါရုံ ၁၀ လမ်းအရှေ့၊ သာကေတမြို့နယ် (ဒေါ်တင်တင်ဝင်း၊ ဒေါ်ခင်မြဝင်း၊ ဒေါ်အေးအေးမြင့်)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၌ ဦးထွန်းထွန်းဝင်း+၂ မှ ၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ် ၃၃၄ဖြင့် ဒေါ်တင်တင်ဝင်း+၂ အား ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးရန် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီနှင့် ၂၀၁၄ခုနှစ် တရားမဇာရီမှုအမှတ် ၁၃၁ အမိန့်တို့တင်ပြ၍ တရားရုံးကိုယ်စား ဘိလစ်ဒေါ်မင်းမင်းကြိုင် ၉/ခမစ(နိုင်)၀၀၄၆၂၁မှ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားတစ်ရပ်ရပ်ဖြင့် ကြော်ငြာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်

| စဉ် | လျှောက်ထားသူ | မှတ်ပုံတင်အမှတ် | မြို့နယ် | အကွက်အမှတ် | ဦးပိုင်အမှတ် | မြေဧရိယာ (ဧက) | မြေဂရန်အမည်ပေါက် | လိပ်စာ | လျှောက်ထားသည့်အကြောင်းအရာ |
|---|---|---|---|---|---|---|---|---|---|
| ၁။ | ဒေါ်ဝင်း | ၁/ဗမန(နိုင်)၀၄၀၀၇၁ | ဗန်းမော် | ၁၁ | ၂၇/၂၃ | ၀.၃၂၃ | ဦးပေါလ်နော်တောင် | သာစည် | အမည်ပြောင်း |
| ၂။ | ဦးကျော်နိုင်-<br>ဒေါ်အေးခို | ၁/မမန(နိုင်)၀၁၂၄၆၃<br>၁/မမန(နိုင်)၀၀၇၄၄၁ | ဗန်းမော် | ၃၁ | ၆၇ | ၀.၁၂၁ | ဒေါ်သန်းတင် | သာစည် | အမည်ပြောင်း |
| ၃။ | ဦးစိုးဝင်း | ၁/ဗမန(နိုင်)၀၄၂၄၃၂ | ဗန်းမော် | ၃၁ | ၁၂၉ | ၀.၁၂၃ | ဒေါ်ဖာတီ | သာစည် | အမည်ပြောင်း |
| ၄။ | ဦးဇော်နိုင်-<br>ဒေါ်မရန်ဘောက်ဂျာ | ၁/ဗမန(နိုင်)၀၆၆၃၉၂<br>၁/ဗမန(နိုင်)၀၂၀၈၄၅ | ဗန်းမော် | ၈၇-ခ | ၁၉ | ၀.၃၂၃ | ဦးဇော်နိုင်-<br>ဒေါ်မရန်ဘောက်ဂျာ | ဟန်းဟဲ | မိတ္တူကူး |

**ဗန်းမော်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဗန်းမော်မြို့ (ဖုန်း-၀၇၄-၅၀၀၆၈၊ ၀၇၄-၅၀၀၈၁)**

## ပြည်တွင်းသတင်းနှင့် ကြော်ငြာ



တို့မြို့တို့ရွာသန့်ရှင်းရေး ပြည်သူအားလုံးဆောင်ရွက်ပေးဟူသော ကြွေးကြော်သံနှင့်အညီ တာချီလိတ်မြို့ သန့်ရှင်းသာယာလှပရေးအတွက် အပတ်စဉ် စနေနေ့တိုင်း ပြည်သူလုပ်အားဖြင့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၈ ရက် နံနက်ပိုင်းက မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်း၊ မြို့မိမြို့ဖ ဦးမောင်လေး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးစိုင်းကျော်ဇံတို့ ဦးဆောင်ကာ ဆရာ ဆရာမများ၊ ကင်းထောက်လူငယ်များ၊ သန္တေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာ ဝန်ထမ်းများ၊ တိုင်းရင်းသားပြည်သူများက တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက်အတွင်းရှိ သာသနိကအဆောက်အအုံများနှင့် နမ့်ယွန်းချောင်းဝဲယာတို့တွင် စုပေါင်းသန့်ရှင်းရေး လုပ်အားပေးကြစဉ်။

မောင်ယဉ်ကျေး

# ကလေး-မန္တလေး-ရန်ကုန် ခရီးစဉ်ပြေးဆွဲသည့် ခရီးသည်တင်ယာဉ်များ ယခင်ကထက်များလာ

**ကလေး နိုဝင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကလေး-မန္တလေးခရီးစဉ်တွင် ခရီးသွားဦးရေ ပိုမိုများပြားလာသည့်အတွက် ခရီးသည် တင်ယာဉ် ဘတ်စ်ကားလိုင်းများ ယခင်ကထက် ပိုမိုများပြားလာကြောင်း တင့်တိုင်းအောင် ဘတ်စ်ကားမှ ကားဆရာတစ်ဦးက ပြောသည်။

"ခရီးသည်တွေ နည်းနည်းများလာပါတယ်။ ပွင့်လင်းရာသီရောက်လာလို့ရယ်၊ နောက်ပြီး သီတင်းကျွတ်ရာသီရယ်ကြောင့်ထင်တယ် ခရီးအသွားအလာများလာတယ်လို့ ပြောလို့ရပါတယ်" ဟု ကားဆရာတစ်ဦးက ပြောသည်။

"ကလေးမြို့မှာဆိုရင် ကားအသင်းလေးတွေ များလာတယ်။ အရင်တလောကပဲ ရဲဝင့်အောင်ပါဂျဲရိုးကားအသင်း ပေါ်လာတယ်။ ခရီးသည် ရမှု၊ မရမှုဆိုတာ ဂိတ်မှူးတွေ အပေါ်မှာ မူတည်သွားပြီး ဆက်ဆံရေးကောင်းတယ်၊ တိကျတယ်ဆိုရင် ကားဂိတ်ကတော့ အောင်မြင်မှာပဲ" ဟု မန္တလေး-ကလေး ကားဆရာတစ်ဦးက ပြောသည်။

ယခင်နှစ်များက ကုန်းလမ်းခရီးမှ ရန်ကုန်၊ နေပြည်တော်သွားလျှင် မန္တလေးကို သွားကြရပြီး ထိုမှတစ်ဆင့် ခရီးဆက်ကြရာ လမ်းတွင် ညအိပ်ရသည့်အတွက် ငွေကြေးကုန်ကျမှုများခဲ့ရသည်။

ယခုအခါ ပွင့်လင်းရာသီရောက်လာပြီဖြစ်၍ တမူး-ကလေး-မုံရွာ-မန္တလေး-ရန်ကုန် ယာဉ်လိုင်းများတိုးပွားလာသည်ဖြစ်ရာ ခရီးသွားများ အဆင်ပြေလာပြီဖြစ်ကြောင်း သိရသည်။

ယခုပွင့်လင်းရာသီတွင် တမူး-ကလေး-မန္တလေး-ရန်ကုန် ခရီးစဉ်တွင် ခရီးသွားဦးရေ များလာသည့်အတွက် ကလေးမြို့နယ်အခြေစိုက် ကားအသင်းများ တိုးပွားလာနေပြီဖြစ်ကြောင်း သိရသည်။ **သျှင်နေမင်း**

# မြန်မာ့ရိုးရာ လက်မှုအနုပညာ ပြပွဲကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၁၀**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ရာဇသင်္ဂဟလမ်းမရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဒုတိယအကြိမ် မြန်မာ့ရိုးရာလက်မှုအနုပညာပြပွဲကို နိုဝင်ဘာ ၁၄ ရက်မှ ၁၅ ရက်အထိ ခင်းကျင်းပြသမည်ဖြစ်ရာ ပြပွဲရက်များအတွင်း နံနက် ၉ နာရီမှ ည ၈ နာရီအထိ မည်သူမဆို အခမဲ့ (အခမဲ့) ဝင်ရောက်လေ့လာကြည့်ရှုဝယ်ယူအားပေးနိုင်ပါသည်။ ပြပွဲတွင် မြန်မာမှုငွေထည်ပစ္စည်းများ၊ ရွှေချည်ထိုး၊ ရွှေပြားခတ်၊ ကြိမ်ထည်နှင့်ယွန်းထည်ပစ္စည်းများ၊ ပန်းချီကားများ၊ ယက္ကန်းချည်ထည်၊ ပိုးထည်၊ ကြာချည်ထည်နှင့် ဂျပ်ခုပ်ထည်များ၏ ထုတ်လုပ်ပုံအဆင့်ဆင့်ကိုပါ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **သက်ထက်**

# မြို့အုပ်ချုပ်ရေးမှူးရုံးဖွင့်

**ပန်းတောင်း နိုဝင်ဘာ ၁၀**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့၌ မြို့အုပ်ချုပ်ရေးမှူးရုံး ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၈ ရက်နံနက် ၉ နာရီက အဆိုပါရုံးတွင် ကျင်းပရာ ပန်းတောင်းမြို့နယ်အုပ်ချုပ်ရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းဇော်ထွေးနှင့် ဥသျှစ်ပင် မြို့အုပ်ချုပ်ရေးမှူး ဦးကျော်သာမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက ဥသျှစ်ပင် ကျေးရွာအုပ်စုအား ဇွန် ၂၇ ရက်တွင် ဥသျှစ်ပင်မြို့အဆင့်သို့ တိုးမြှင့်သတ်မှတ်ပေးခဲ့ပြီး မြို့အုပ်ချုပ်ရေးမှူးရုံးကို ယနေ့မှ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း အမှာစကာ ပြောကြားပြီး မြို့အုပ်ချုပ်ရေးမှူး ဦးကျော်သာမောင်က ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများအကြောင်း ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ရပ်ကွက်အုပ်ချုပ် ရေးမှူးများ၊ အထောက်အကူပြုအဖွဲ့နှင့် ဆယ်အိမ်စုမှူးများ၊ စခန်းမှူး ရဲအုပ် ဝင်းဆန်းနှင့် သတင်းမီဒီယာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(၀၀၈)**

# ဝက်သည်းကန်တော်ကြီး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**စလင်း နိုဝင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး စလင်းမြို့ရှိ ရှေးဟောင်းသမိုင်းဝင် ဝက်သည်းကန်တော်ကြီးမှာ အလောင်းစည်သူမင်းကြီး၏ ကိုယ်လုပ်တော် ရှင်စောဝကတူးဖော်ပေးခဲ့သည့် ကန်ကြီးဖြစ်သည်။ ကန်၏အကျယ်အဝန်းမှာ ၁၀၈၈ ဧကရှိပြီး နှစ်ပေါင်း ၈၁၉ နှစ် ရှိပြီဖြစ်သည်။ မကွေးတိုင်းဒေသကြီး၏ ကျက်သရေဆောင်ကန်ဖြစ်သည်။

အဆိုပါကန်တော်ကြီးမှာ သက်တမ်းကြာမြင့်ပြီး စောင့်ရှောက်မှုအားနည်းနေ၍ ကန်အတွင်းတွင် အလေ့ကျပေါက်နေသော ပိတ်စွယ်တောကြီးအား နိုဝင်ဘာ ၈ ရက် နံနက် ၇ နာရီက ဒုရဲမှူးဦးဝင်းတင့် ဦးစီးသည့် ရဲတပ်ဖွဲ့ဝင် ၂၀ ဦး၊ မီးသတ်ဦးစီးမှူး ဦးငွေမော် ဦးစီးသည့် သန္တေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၄၀၊ သစ်တောဦးစီးဌာနမှ ၁၀ ဦး၊ မြို့နယ်စည်ပင်မှ ၁၀ ဦး စုစုပေါင်း ၈၀ တို့က စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **စစ်ကြည်(စလင်း)**


**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ကချင်ပြည်နယ် ပူတာအိုမြို့၏အနောက်တောင်ဘက် (၇)မိုင်ခန့်အကွာ နမ့်ထွမ်ချောင်းပေါ်တွင် တည်ဆောက်မည့် အထက်နမ့်ထွမ်ရေအားလျှပ်စစ်စီမံကိန်း (၃.၂ မဂ္ဂါဝပ်)၏ တည်ဆောက်ရေးလုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၇-၁၁-၂၀၁၄ ရက်
**တင်ဒါပုံစံအရောင်းပိတ်ရက်** - ၂၀-၁၁-၂၀၁၄ ရက်၊ ၁၆း၃၀ နာရီ
**Company Profile အပါအဝင် Technical Proposal နှင့် Price Proposal တင်သွင်းရမည့်ရက်** - ၄-၁၂-၂၀၁၄ ရက်၊ ၁၅း၀၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**ရုံးအမှတ် ၂၇၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၂၅၇၊ ၄၁၀၄၃၁၊ ဖက်စ်-၀၆၇-၄၁၀၄၃၁**



**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အမှတ်(၁)တည်ဆောက်ရေး၊ အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်း၏ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း (၁၇၉၀ ကျင်း)အား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

၂။ **တင်ဒါစတင်ရောင်းချမည့်ရက်** - ၅-၁၁-၂၀၁၄ ရက်
**တင်ဒါအရောင်းပိတ်မည့်ရက်** - ၁၄-၁၁-၂၀၁၄ ရက် ၁၆း၃၀ နာရီ
**Company Profile, Technical Proposal နှင့် Financial Proposal များလက်ခံမည့်ရက်** - ၁၉-၁၁-၂၀၁၄ ရက် ၁၆း၃၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**ရုံးအမှတ် ၂၇၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၄၃၁၊ ဖက်စ်-၀၆၇-၄၁၀၄၃၁**



**ဖြူးဆရာတော်တပည့် မြိုင်ဆရာတော်တရားပွဲ**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၅)ရပ်ကွက်၊ မြင်သာ ၁ လမ်း၊ မြိုင်မဟာစည်သာသနာ့ရိပ်သာ၊ ပဓာနနာယက မြိုင်ဆရာတော် အရှင်ပညာဇောတ (ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ၊ နယ်လှည့်ဓမ္မကထိက) အရှင်သူမြတ်သည် နိုဝင်ဘာ ၁၁ ရက်တွင် ပဲခူးမြို့ ပိတောက်မြိုင် ဆွမ်းလောင်းအသင်းဓမ္မသဘင်၊ (၁၂၊ ၁၃)ရက်တွင် မင်းဘူးမြို့ ကထိန်အောင်ပွဲဓမ္မသဘင်၊ (၁၆)ရက်တွင် မကွေးမြို့ နာရေးကူညီမှုအသင်းကြီး၏ ဓမ္မသဘင်တို့၌ ညစဉ် ၇ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားမည်ဖြစ်ပါသည်။



**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ မော်လမြိုင်တက္ကသိုလ် ပင်မနယ်မြေနှင့် သံဖြူဇရပ်မြို့နယ် စက်စဲကမ်းခြေနယ်မြေရှိ အဆောက်အအုံများပြုပြင်ခြင်းအတွက် အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ပြည်ထောင်စုမြန်မာနိုင်ငံသားတိုင်းရင်းသား လုပ်ငန်းရှင်များအား ဖိတ်ကြားပါသည်။

၂။ တင်ဒါပုံစံများကို မော်လမြိုင်တက္ကသိုလ် နယ်မြေအင်ဂျင်နီယာဌာနတွင် ၁၇-၁၁-၂၀၁၄ ရက်မှစ၍ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းကို ပြသလျက်ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါစည်းကမ်းချက်များနှင့် အခြားအသေးစိတ်သိလိုသည့်အချက်အလက်များကို မော်လမြိုင်တက္ကသိုလ်နယ်မြေ အင်ဂျင်နီယာဌာနတွင် စုံစမ်းသိရှိနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၅-၁၂-၂၀၁၄ရက်မွန်းတည့် ၁၂း၀၀နာရီ နောက်ဆုံးထား၍ မော်လမြိုင်တက္ကသိုလ်၊ နယ်မြေအင်ဂျင်နီယာဌာနသို့ လာရောက်တင်သွင်းရပါမည်။

၄။ တင်ဒါတင်သွင်းရန် သတ်မှတ်ထားသောရက်နှင့် အချိန်ကိုကျော်လွန်ပြီး လာရောက်တင်သွင်းသောတင်ဒါများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

**အိတ်ဖွင့်တင်ဒါရွေးချယ်ရေးကော်မတီ**
**မော်လမြိုင်တက္ကသိုလ်၊ မော်လမြိုင်မြို့**



**တတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ**

**ညောင်ကိုင်း (အထက)**

မိတ္ထီလာမြို့နယ်၊ ညောင်ကိုင်းအထက်တန်းကျောင်းတွင် ပညာသင်ပေးခဲ့ကြသော အငြိမ်းစားဆရာကြီး ဆရာမကြီးများအား ၂၈-၁၂-၂၀၁၄ရက် (တနင်္ဂနွေနေ့)တွင် မြတ်ဆရာပူဇော်ပွဲအား ကျင်းပမည်ဖြစ်ပါသဖြင့် မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်လှူဒါန်းလိုသူများ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ပါသည်။

| | |
|---|---|
| **ဦးစိုးတင်** | ဖုန်း-၀၉-၄၃၀၁၅၇၇၈ |
| **ဦးလှမျိုးသွင်** | ဖုန်း-၀၉-၄၀၂၇၉၀၂၂၁ |
| **ဦးခင်မောင်အေး** | ဖုန်း-၀၉-၆၈၁၆၇၅၅ |
| **ဦးဇော်မောင်** | ဖုန်း-၀၉-၂၀၃၄၅၄၂ |
| **ဦးနေမျိုးလှိုင်(ဆ.မ)** | ဖုန်း-၀၉-၂၅၆၀၀၂၄၀၀ |
| **ဦးမျိုးမြင့်ထွန်း** | ဖုန်း-၀၉-၃၃၇၄၈၈၉၁ |

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# ရိုးရာယဉ်ကျေးမှုပဒေသာကပွဲကြီး မန္တလေး၌ကျင်းပ

**မန္တလေး နိုဝင်ဘာ ၁၀**

မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာများကို ထိန်းသိမ်းရန်၊ မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုများကို တန်ဖိုးထားလေးစားတတ်ရန်နှင့် ရှေးအစဉ်အလာကြီးမားသည့် မြန်မာတို့၏ ယဉ်ကျေးမှုအမွေအနှစ်များကို တိုင်းတစ်ပါး နိုင်ငံခြားသားများသိရှိပြီး တန်ဖိုးထားတတ်ရန် ရည်ရွယ်၍ မြန်မာ့ရိုးရာယဉ်ကျေးမှုပဒေသာကပွဲကြီးကို မန္တလေးမြို့ အမျိုးသားကဇာတ်ရုံကြီးတွင် နိုဝင်ဘာ ၈ ရက်က တင်ဆက်ကပြဖျော်ဖြေလျက်ရှိသည်။

ပဒေသာကပွဲကြီးတွင် ပဏာမဆည့်ခံဂီတသံ၊ ပုဂံဆီမီးခွက်ယိမ်း၊ ရုပ်သေးအစီအစဉ်(နှစ်ပါးသွား)၊ မျိုးဆက်သစ်အမွေ၊ မဏိစန္ဒာ(ဟာသတေးသရုပ်ဖော်)၊ နာဂတိုင်းရင်းသားများ၏ ဖျော်ဖြေတင်ဆက်မှု၊ ချိန်တွင်းဆည်းဆာ တို့တောရွာ၊ မြန်မာ့ခြင်းလုံး(မစာဥအဖွဲ့)၊ ဦးချစ်စရာ၏ လွတ်လပ်သွားကြသူများ ဟာသတစ်ခန်းရပ်၊ မျက်လှည့်ဖျော်ဖြေတင်ဆက်မှု၊ နတ်တို့ဖန်တဲ့ ပန်းကြာအိုင်၊ ပြည်သူချစ်သောအနုပညာစသည့် အစီအစဉ်အမျိုးမျိုးဖြင့် ဖျော်ဖြေတင်ဆက်ခဲ့သည်။

လာရောက်ကြည့်ရှုသူ ဝါသနာရှင်တစ်ဦးက "ဒီနေ့ကပြဖျော်ဖြေမှုအနေနဲ့ မျိုးဆက်သစ်အမွေ ဖျော်ဖြေသွားတဲ့ စည်သူဦးရွှေနန်းတင်၊ အခြေခံပညာ(၅-၁၀)နှစ် မန္တလေးတိုင်းဒေသကြီး ရွှေတံဆိပ်ဆုရတဲ့ အကဟံသာဖြိုးတို့ရဲ့ ဖျော်ဖြေတင်ဆက်မှုကို အားရကျေနပ်မိတယ်။ တိုင်းရင်းသားရိုးရာအကတွေ ဖော်ထုတ်ပေးတဲ့အတွက် တစ်ပွဲနဲ့တစ်ပွဲမတူဘဲ တစ်မူထူးခြားတာ တွေ့ရတယ်။ ဒီနေ့ဆိုရင် နာဂတိုင်းရင်းသားများရဲ့ ဖျော်ဖြေတင်ဆက်မှုက စိတ်နှလုံးကို ဆွဲဆောင်စေခဲ့တယ်။ ဟာသတေးသရုပ်ဖော်၊ တစ်ခန်းရပ်ဟာသ၊ မျက်လှည့်ဖျော်ဖြေတင်ဆက်မှုနဲ့ ပန်းကြာအိုင်အကအလှတွေကလည်း ကြည့်ရှုသူပရိသတ်တစ်ဦးအနေနဲ့ ကျေနပ်အားရမိတယ်"ဟု ပြောသည်။

ပဒေသာကပွဲကြီးကို မန္တလေးမြို့သဘင်ပညာရှင်များအစည်းအရုံး၊ မန္တလေးမြို့ခံဒါရိုက်တာ မောင်ယဉ်အောင်နှင့် အကယ်ဒမီများရှင် ဦးစိန်မွတ္တားတို့က ကြီးကြပ်စီစဉ်ပေးခဲ့ပြီး အမျိုးသားယဉ်ကျေးမှုတက္ကသိုလ်(မန္တလေး)နှင့် မန္တလေးအနုပညာကျောင်းမှ အနုပညာရှင်များက ကပြဖျော်ဖြေခဲ့ကြကာ လာမည့် နိုဝင်ဘာ ၂၂ ရက် ညတွင်လည်း အမျိုးသားဇာတ်ရုံကြီး၌ ထူးခြားသည့် တင်ဆက်မှုများဖြင့် ထပ်မံဧည့်ခံဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



# ပုသိမ်မြို့ ဆီမီးတစ်သိန်း ရေမျှောပူဇော်ပွဲ ပြန်လည်ကျင်းပမည်

**ပုသိမ် နိုဝင်ဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ မိုးလေဝသကြောင့် ရပ်ဆိုင်းလိုက်ရသော တန်ဆောင်တိုင် ရှင်ဥပဂုတ္တမထေရ်မြတ်အား ဆီမီးတစ်သိန်းရေမျှောပူဇော်ပွဲကို နိုဝင်ဘာ ၁၅ ရက် (တန်ဆောင်မုန်းလပြည့်ကျော် ၉ရက်) စနေနေ့ ညနေ ၅ နာရီတွင် ယခင်အစီအစဉ်အတိုင်း ပုသိမ်မြို့ ရွှေခင်းသာရင်ပြင်၌ ပြန်လည်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ တန်ဆောင်မုန်း လပြည့် နိုဝင်ဘာ ၆ ရက်က မမျှော်လင့်သော မိုးလေသဝကြောင့် ရပ်ဆိုင်းခဲ့ရသော ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့က စတုတ္ထအကြိမ်မြောက် ကျင်းပမည့် တန်ဆောင်တိုင် ရှင်ဥပဂုတ္တမထေရ် ဆီမီးတစ်သိန်း ရေမျှောပူဇော်ပွဲနှင့် စူဠာမဏိစေတီတော် မီးရှူးမီးပန်း၊ မီးပုံးပျံများ လွှတ်တင်ပူဇော်ပွဲများ၊ ခြောက်ခရိုင်လှေလှော်ပြိုင်ပွဲ၌ ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော အမျိုးသား၊ အမျိုးသမီးလှေလှော် အသင်းများနှင့် မြန်မာ့ရိုးရာကူးတို့ လှေပြိုင်ပွဲများ၊ တက်ခုတ်ယိမ်း အဖွဲ့များ၊ ငဝန်မြစ်ရိုးတစ်လျှောက် ယှဉ်ပြိုင်ကြမည့် အစီအစဉ်များအပြင် ပုသိမ်မြို့ပေါ်ရှိ ရပ်ကွက် အသီးသီးက အိုးစည်၊ ဒိုးပတ်ဝိုင်းများ၊ တေးဂီတ အဖွဲ့များ၊ ကျောက်ဆည်မြို့မှ ဆင်အက အဖွဲ့များကလည်း အပြိုင်အဆိုင် ပါဝင်ဆင်နွှဲကြမည်။ ပုသိမ်ကမ်းနားလမ်းတစ်လျှောက် စတုဒိတာအလှူမဏ္ဍပ်ပေါင်း ၅၀ ကျော်ကလည်း အရပ်လေးမျက်နှာမှ ရောက်ရှိလာကြသူများအား မြန်မာ့ရိုးရာ မုန့်အမျိုးမျိုးဖြင့် ကျွေးမွေးလှူဒါန်းကြမည့် အစီအစဉ်များလည်းပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**ပုသိမ်လှကြည်**



# ခရိုင်စီမံခန့်ခွဲမှုကော်မတီနှင့် ဒေသတွင်းမီဒီယာများတွေ့ဆုံ

**ကလေး နိုဝင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့တွင် ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် မီဒီယာများ၊ လူမှုရေးအသင်းအဖွဲ့များ နိုဝင်ဘာ ၈ ရက်က ခရိုင်စီမံခန့်ခွဲမှုကော်မတီရုံးခန်း၌ တွေ့ဆုံခဲ့ကြသည်။

"မီဒီယာအဖွဲ့တွေရော၊ လူမှုရေးအသင်းအဖွဲ့တွေရော၊ ဒေသအုပ်ချုပ်ရေးအဖွဲ့တွေရော တွေ့ဆုံတာ ပထမဆုံးအကြိမ်လို့ ပြောလို့ရပါတယ်။ ဒေသတည်ငြိမ်တိုးတက်ဖို့၊ တရားဥပဒေစိုးမိုးဖို့တွေကို အတူတူလက်တွဲ လုပ်ကြဖို့ ပြောပါတယ်။ မီဒီယာတွေဘက်ကလည်း အရှိကိုအရှိအတိုင်း ပွင့်ပွင့်လင်းလင်း ပြောဖို့၊ အပြုသဘောနဲ့ရေးသားကြဖို့ပြောသွားပါတယ်"ဟု တက်ရောက်လာသော လူမှုရေးအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

တက်ရောက်လာသော သတင်းထောက်တစ်ဦးကလည်း "ဒေသအုပ်ချုပ်ရေးအဖွဲ့တွေရယ်၊ မီဒီယာတွေရယ်၊ လူမှုရေးအဖွဲ့တွေရယ်တွေ့တာ ကောင်းပါတယ်။ အားလုံးရင်းရင်းနှီးနှီးဖြစ်သွားတာပေါ့။ ဒေသတွင်းသတင်းတွေကိုလည်း လွတ်လွတ်လပ်လပ်မေးမြန်းရယူခွင့်တွေ ပြောသွားပါတယ်။ နောက်ပြီး ဒေသတိုးတက်ရေးနဲ့ တည်ငြိမ်ရေးအတွက်လည်း ကူညီပေးကြဖို့ ပြောသွားပါတယ်"ဟု ပြောသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးနှင့် အဖွဲ့ဝင်များဖြစ်ကြသော ခရိုင်ရဲတပ်ဖွဲ့မှူး၊ ခရိုင်စီမံကိန်းဦးစီးဌာနမှူး၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အထောက်အကူပြုကော်မတီအဖွဲ့နှင့် ဒေသတွင်း မီဒီယာအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သျှင်နေမင်း**

# ကသာမြို့ ဘိုးဘွားရိပ်သာသို့ အလှူငွေပေးအပ်

**ကသာ နိုဝင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့ရှိ မင်းပြည်သူဘိုးဘွားရိပ်သာကျောင်းသို့ မန္တလေး၊ ရန်ကုန်ရောက် ကသာမြို့သူ မြို့သားများအသင်းမှ အလှူငွေပေးအပ်ပွဲကို နိုဝင်ဘာ ၈ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အလှူငွေပေးအပ်ပွဲတွင် ဘိုးဘွားရိပ်သာအကျိုးတော်ဆောင်အဖွဲ့က ဘိုးဘွားရိပ်သာနေရာနှင့် အဆောက်အအုံဖြစ်ပေါ်လာအောင် တည်ထောင်ခဲ့မှုနှင့် ဘိုးဘွားရိပ်သာတွင် ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားကာ မန္တလေး၊ ရန်ကုန်ရောက် ကသာမြို့သူ မြို့သားများအသင်းက မင်းပြည်သူဘိုးဘွားရိပ်သာဥက္ကဋ္ဌ ဦးမြတ်စံထံသို့ လိုအပ်နေသော နေရာများတွင် အသုံးပြုရန် အလှူငွေကျပ်သိန်း ၃၀ ကို ပေးအပ်လှူဒါန်းခဲ့သည်။ ဆက်လက်၍ ကသာမြို့ရှိ မေတ္တာကြယ်စင်လူမှုကူညီရေးအသင်းသို့လည်း အလှူငွေကျပ် တစ်သိန်းနှစ်သောင်းကို စေတနာရှင်များက လှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ငွေအိုး(ကသာ)**

**ခြံအမြန်ရောင်းမည်**

အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ ရဲဘော် ၅ လမ်း၊ ခြံအကျယ်(၄၅ပေ× ပေ၁၅၀)၊ အဆောက်အအုံနှစ်လုံးပါဝင်ပြီး ပိုင်ဆိုင်မှုခိုင်မာသောခြံ အမြန်ရောင်းမည်။

**ဆက်သွယ်ရန်**
**ဖုန်း-၀၉-၄၅၀၆၆၁၆၃၆၊**
**၀၉-၂၁၁၀၉၈၀**

**မွေးနေ့မင်္ဂလာဆုတောင်း**

၁၁-၁၁-၂၀၁၄ရက်တွင် ကျရောက်သည့် ချစ်သောမောင်လေးCow Boy ၏ (၅၃)နှစ် မြောက်မွေးနေ့မှသည် နောင်နှစ်ပေါင်း များစွာတိုင် ဘေးရန်ကင်းရှင်းပြီး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်....

**ချစ်သောမမနှင့်အစ်မကြီးခင်စန်းမြင့်**
**မလှလှဌေး၊ မန္တယ် (၁၉၈၁-၁၉၈၂)**

**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုရန် လိုအပ်သော စက်ယန္တရား(၆)မျိုးကို အမေရိကန်ဒေါ်လာဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူ၍ ဝယ်ယူလိုပါသည်-

| Sr.No | Description | Qty | Remarks |
|---|---|---|---|
| 1. | Mobile Asphalt Plant (30-50)TPH | 5 Nos | |
| 2. | Asphalt Paver (16 Tons) | 5 Nos | Country of |
| 3. | Tyre Roller (16 Tons) | 5 Nos | Origin |
| 4. | Bitumen Sprayer Truck (4000L) | 5 Nos | (China) |
| 5. | Two Wheel Roller (10 Tons) | 9 Nos | (DDP) |
| 6. | Soil Paver (14-16) Tons | 1 No | |

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၂-၁၁-၂၀၁၄ ရက်
၃။ **တင်ဒါပိတ်မည့်ရက်** - ၂၆-၁၁-၂၀၁၄ ရက်
၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၆း၀၀ နာရီ
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**ဆောက်လုပ်ရေးဝန်ကြီးဌာန၊**
**တည်ဆောက်ရေးပစ္စည်းများစိစစ်ရွေးချယ်ဝယ်ယူရေးအဖွဲ့**
**စက်မှုဦးစီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရုံးအမှတ် (၁၁)ဝင်း၊**
**နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၇၁၇၆၊ ၀၉-၂၀၂၂၃၆၇၊ ၀၉-၈၆၃၆၁၈၅**

**မိတ္ထီလာတက္ကသိုလ်**
**(၁၃)ကြိမ်မြောက်ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်းနှင့်**
**ကျင်းပမည့်ရက် ကြေညာခြင်း**

မိတ္ထီလာတက္ကသိုလ်၏ (၁၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်တက်ရောက်ရန် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန် လျှောက်ထားနိုင်သည်။

**ဘွဲ့လျှောက်ထားနိုင်သူများမှာ-**

(၁) ၂၀၁၃ ခုနှစ် စက်တင်ဘာလနှင့် ဒီဇင်ဘာလတွင် ကျင်းပခဲ့သော တတိယနှစ် (ပြင်ပဖြေဆိုအောင် မြင်သူများအပါအဝင်)နှင့် ဒုတိယနှစ်ဂုဏ်ထူးတန်းစာမေးပွဲ (နောက်ဆက်တွဲအပါအဝင်) များကို အောင်မြင်ခဲ့ကြသည့် ကျောင်းသားကျောင်းသူများ။

(၂) ၂၀၁၄ ခုနှစ် မတ်လတွင် ကျင်းပခဲ့သော မဟာဒုတိယနှစ်နှင့် မဟာသုတေသနသင်တန်းစာမေးပွဲများကို အောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများ။

**လျှောက်လွှာတင်သွင်းရမည့်ရက်** - ၁၀-၁၁-၂၀၁၄ ရက်မှ ၉-၁၂-၂၀၁၄ ရက်ထိ
**ဘွဲ့နှင်းသဘင်ကျင်းပမည့်ရက်** - ၂၀၁၅ ခုနှစ် ဇန်နဝါရီ (၁၀၊၁၁၊၁၇၊၁၈)ရက်နှင့်
**အစမ်းလေ့ကျင့်မည့်ရက်** - ၂၀၁၅ ခုနှစ် ဇန်နဝါရီ (၉၊ ၁၆) ရက်

အသေးစိတ်အချက်အလက်များကို စာမေးပွဲနှင့်ဘွဲ့နှင်းဌာန ဖုန်း-၀၆၄-၂၃၄၂၆ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**မွေးနေ့ဆုမွန်လွှာ**

ဒေါက်တာဒေါ်ပို အထူးကုဆရာဝန် (ဆေးပညာ)မုံရွာမြို့၏ နိုဝင်ဘာ ၁၁ရက်တွင် ရောက်ရှိသော မွေးနေ့မှစ၍

'ပို'၍ **ကျန်းမာ**၊ အသက်ရှည်စွာ၊ အနာရောဂါကင်းပါစေ။
'ပို'၍ **ချမ်းသာ**၊ ပြည့်စုံစွာ၊ လိုရာဆန္ဒပြည့်ပါစေ။
'ပို'၍ **လန်းဖြာ**၊ ပန်းပမာ၊ ပညာဂုဏ်သတင်းသင်းပါစေ။
'ပို'၍ **စမ်းပမာ**၊ ရေသီတာ ကြည်သာ ချမ်းမြအေးပါစေ။

**"ရွှေကံသာ"ညီအစ်မများ**
**မုံရွာမြို့**

**ဖခင် အမည်မှန်**

မြစ်ကြီး၊ အထက၊ ဆဋ္ဌမတန်း (A)မှ မအိမြတ်နိုး၏ ဖခင်အမည်မှန်မှာ ဦးဇော်မျိုးနိုင် ၁၃/လရန(နိုင်)၁၀၃၇၄၅ဖြစ်ပါသည်။

**ကန့်ကွက်နိုင်ပါကြောင်း**

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁ဘီ၊ မြေကွက်အမှတ် ပဋ္ဌမတန်းစား ၄၇၁အေ၊ မြေကွက်တည်နေရာ (၆၆)၊ လမ်း ၁၂၀၊ ရေတွင်းကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် (ဦးမောင်မောင်) အမည်ပေါက် နှစ် ၉၀ဂရန်မြေအား အမည်ပေါက် ဦးမောင်မောင်ထံမှအရောင်းအဝယ်စာချုပ် (၁၈၇၂/၁၇-၅-၀၇)အရ ဦးဘရွှေမှ ပိုင်ဆိုင်လာပြီး ဦးဘရွှေကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်အဘီဒါဘီဘီ၁၂/မဂတ(နိုင်)၀၇၅၉၆၄နှင့် သားသမီးများ မောင်ဘထွန်း ၁၂/မဂတ(နိုင်)၀၈၉၆၆၃၊ မခိုင်ရွှေဝင်း ၁၂/မဂတ(နိုင်)၀၉၄၀၉၉၊ မနီလာဝင်းရွှေ၁၂/မဂတ(နိုင်)၀၉၉၅၃၃တို့မှ ဇနီးနှင့်သားသမီးများတော်စပ်ကြောင်း ကတိသစ္စာပြုလွှာနှင့် သေစာရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## တိရစ္ဆာန်ကုသရေးဆေးပစ္စည်းများ လွှဲပြောင်းပေးအပ်

**ကန့်ဘလူ နိုဝင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးရန်ပုံငွေမှ ထောက်ပံ့မှုဖြင့် ဖွင့်လှစ်ခဲ့သည့် အခြေခံတိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးအထောက်အကူပြု သင်တန်းသားများအား ဖြန့်ဝေပေးသော တိရစ္ဆာန်သုံးဆေးဝါးများနှင့် ဆေးပစ္စည်းများလွှဲပြောင်းပေးအပ်ပွဲကို ကန့်ဘလူမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံးခန်းမ၌ နိုဝင်ဘာ ၈ ရက်က ကျင်းပသည်။

ဆေးပစ္စည်းလွှဲပြောင်းပေးအပ်ပွဲတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးဦးမင်းဇေယျာထိုက်က နိုင်ငံ၏လူဦးရေအများစုသည် ကျေးလက်ဒေသနေပြည်သူများဖြစ်၍ ကျေးလက်ဒေသစီးပွားရေးအထောက်အကူပြု လယ်ယာလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများတွင် တိရစ္ဆာန်မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိရစ္ဆာန်ဆေးကုသမှုများကို ကျေးလက်ဒေသအရောက် ဆောင်ရွက်ပေးနိုင်ရန် ဆေးဝါးပစ္စည်းများထောက်ပံ့ပေးအပ်ခြင်းဖြစ်ပြီး မိမိတို့ကျေးရွာများတွင် အကျိုးရှိရှိအသုံးပြုကြရန် အမှာစကားပြောကြားပြီး တာဝန်ရှိသူများက ကျေးရွာ၂၀မှ သင်တန်းသားများအား ဆေးနှင့်ဆေးပစ္စည်း ၁၅ မျိုးကို ပေးအပ်ခဲ့သည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## အင်တာနက်သုံးရန် ဝိုင်ဖိုင်အခမဲ့လွှင့်ပေး၍ ဂန့်ဂေါမြို့ လက်ဖက်ရည်ဆိုင်များ စားသုံးသူကိုဆွဲဆောင်

**ဂန့်ဂေါ နိုဝင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့တွင် လက်ဖက်ရည်ဆိုင်များ တိုးချဲ့ဖွင့်လှစ်လာကြပြီး လက်ဖက်ရည်ဆိုင်အချို့က စားသုံးသူများကို ပိုမိုဆွဲဆောင်နိုင်ရန် အလို့ငှာ ဆိုင်အတွင်း အင်တာနက်အခမဲ့အသုံးပြုနိုင်သည့် WiFi Free ဝန်ဆောင်မှုများ ပေးလာကြကြောင်း သိရသည်။

"အရင်ဆိုရင် ဂန့်ဂေါမြို့မှာ WiFi Free ပေးတဲ့ လက်ဖက်ရည်ဆိုင်တွေမှာ လူစည်ကားတယ်။ ခေတ်ကာလအခြေအနေက အရင်ကလို လက်ဖက်ရည်ဆိုင်အတူတူထိုင်ကြတဲ့ မိတ်ဆွေသူငယ်ချင်း အချင်းချင်းစကားစမြည်ထိုင်ပြောကြတာမျိုး နည်းပါးလာတယ်။ WiFi Free ပေးတဲ့လက်ဖက်ရည်ဆိုင်မှာထိုင်ပြီး လက်ကိုင်ဖုန်းကိုယ်စီနဲ့ အလုပ်များနေကြတော့တာပဲ။ ဖုန်းမျက်နှာပြင်ကို လက်နဲ့ပွတ်နေကြတာနဲ့ပဲ လက်ဖက်ရည်ဆိုင်မှာ အချိန်ကုန်သွားပြီး တစ်ယောက်နဲ့တစ်ယောက် စကားတောင်မပြောဖြစ်ဘဲ ထပြန်ခဲ့ကြရတာများနေတယ်" ဟု ဒေသခံအမျိုးသားတစ်ဦးက ပြောသည်။

ဂန့်ဂေါမြို့တွင် ၂၀၁၃ ခုနှစ် အောက်တိုဘာ ၁၄ ရက် ညမှစတင်၍ မဟာဓာတ်အားလိုင်းစနစ်ဖြင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးချိန်မှစတင်၍ လက်ဖက်ရည်ဆိုင်အချို့တွင် စားသုံးသူများအား WiFi Free ဝန်ဆောင်မှုပေးလာနိုင်ကြခြင်းဖြစ်ပြီး လက်ကိုင်ဖုန်းများ၏ ဘက်ထရီဓာတ်ခဲများ လျှပ်စစ်ဓာတ်အားကုန်ခန်းသွားပါက လျှပ်စစ်ဓာတ်အားပြန်လည်ဖြည့်သွင်းနိုင်ရန် ဆိုင်အတွင်း လျှပ်စစ်မီးပလပ်ပေါက်များ တပ်ဆင်ပေးထားကာ ဝန်ဆောင်မှုတိုးမြှင့်လျက် စားသုံးသူများကို ပိုမိုဆွဲဆောင်လျက်ရှိကြကြောင်း သိရသည်။

ဂန့်ဂေါမြို့ရှိ လက်ဖက်ရည်ဆိုင်များတွင် သတင်းစာ၊ ဂျာနယ်များထားရှိ၍လည်းကောင်း၊ တီဗွီထားရှိ၍လည်းကောင်း၊ WiFi Free ဝန်ဆောင်မှုဖြင့် လည်းကောင်း ဝန်ဆောင်မှုမျိုးစုံပေးအပ်၍ စားသုံးသူများကို ဆွဲဆောင်လျက်ရှိရာတွင် သတင်းစာ၊ ဂျာနယ်ဖတ်ရှုသူနှင့် တီဗွီကြည့်ရှုသူဦးရေထက် WiFi Free ဝန်ဆောင်မှုကို နှစ်သက်သူဦးရေက ပိုမိုများပြားလျက်ရှိနေကြောင်း လက်ဖက်ရည်ဆိုင်များမှ သိရသည်။

**ကြီးမြင့်နိုင်(လှိုင်ကော်)**

## သတင်းတို

### အထူးအထွက်တိုး ချည်မျှင်ရှည်ဝါစံပြစိုက်ခင်း ကွင်းပြပွဲကျင်းပ

တစ်ဧကဝါပိဿာ တစ်ထောင်ကျော်ထွက်ရှိနိုင်သည့် ရွှေတောင်(၈)နှင့် ငွေချည် (၉) အထူးအထွက်တိုး ချည်မျှင်ရှည်ဝါမျိုးသစ် စံပြစိုက်ခင်း တောင်သူပညာပေးကွင်းပြပွဲကို မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် တောင်ဦးကျေးရွာအုပ်စု ရေငံကျေးရွာတွင် နိုဝင်ဘာ ၄ ရက်က ကျင်းပခဲ့ပြီး မြို့နယ်စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာဝါဝါခင်နှင့် ဝန်ထမ်းများက ရွှေတောင်(၈)နှင့်ငွေချည်(၉) ချည်မျှင်ရှည်ဝါမျိုးသစ်၏ထူးခြားကောင်းမွန်သော အရည်အသွေးများနှင့် တစ်ဧကဝါပိဿာ တစ်ထောင်နှုန်းထွက်ရှိရေး လိုက်နာဆောင်ရွက်ရမည့် သိပ္ပံနည်းကျစိုက်နည်းစနစ်ပါ အချက် ၁၀ ချက်ကို တောင်သူများအား အစုအဖွဲ့ခွဲ၍ လက်တွေ့ပညာပေးရှင်းလင်းခဲ့ကြကြောင်း သိရသည်။

**နေအောင်**

## မသိုးသက်န်းဆက်ကပ်လှူဒါန်းပွဲနှင့် ဆုချီးမြှင့်ပွဲ မြဝတီ၌ကျင်းပ

**မြဝတီ နိုဝင်ဘာ ၁၀**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ ကျက်သရေဆောင် ရွှေမြင်းဝန်စေတီတော်မြတ်ကြီးတွင် မသိုးသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းနှင့် မသိုးသင်္ကန်းရက်ပြိုင်ပွဲတွင် ဆုရရှိသည့်အသင်းများအား ဆုချီးမြှင့်ပွဲကို နိုဝင်ဘာ ၆ ရက်က ကျင်းပသည်။

မသိုးသင်္ကန်းဆက်ကပ်လှူဒါန်းပွဲတွင် ဘုရားကြီးကျောင်းဆရာတော်ထံမှ ငါးပါးသီလခံယူကြပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်မြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်နှင့် တာဝန်ရှိသူများက မသိုးသင်္ကန်းများအား ဆရာတော်များထံ ဆက်ကပ်ခြင်းနှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးနှင့် တာဝန်ရှိသူများက မသိုးသင်္ကန်းများကိုကိုင်ဆောင်၍ စေတီတော်တစ်ပတ်လက်ယာရစ် လှည့်လည်ပူဇော်ကာ ရွှေမြင်းဝန်စေတီတော်ကြီးနှင့် ရုပ်ပွားတော်မြတ်များထံ ဆက်ကပ်လှူဒါန်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် မသိုးသင်္ကန်းရက်ပြိုင်ပွဲတွင် ဆုရရှိသည့်အသင်းများအား ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူးက ပထမဆုရရှိသည့် အမှတ် (၅) ရပ်ကွက် သုမိတ္တာအသင်းအားလည်းကောင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး အောင်မြင့်က ဒုတိယဆုရရှိသည့် အမှတ်(၂) ရပ်ကွက် သုနန္ဒာ အသင်းအားလည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးက တတိယဆု ရရှိသည့် အမှတ် (၁) ရပ်ကွက် သုမေတ္တာ အသင်းအားလည်းကောင်း၊ ခရိုင်လဝကဦးစီးဌာနမှူး ဦးအောင်ဝင်းသိန်းနှင့် ရွှေမြင်းဝန်စေတီတော်ဂေါပကဥက္ကဋ္ဌ ဦးရင်ဟိန်တို့က နှစ်သိမ့်ဆုရရှိသည့် အသင်းများအားလည်းကောင်း ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်**



## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပ

**မြင်းခြံ နိုဝင်ဘာ ၁၀**

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ နှစ်ပတ်လည်နေ့အခမ်းအနားကို နိုဝင်ဘာ ၇ ရက်က မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဖြစ်ပေါ်လာပုံ သမိုင်းကို ပြောကြားပြီး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မြင့်စိုးက ရပ်ကွက်၊ ကျေးရွာအုပ်စု ရုံးဝန်ထမ်း သုံးဦးကို ဆုချီးမြှင့်ခြင်းအကြောင်း ရှင်းလင်းပြောကြားကာ ဝန်ထမ်းသုံးဦးကို ဆုများချီးမြှင့်သည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးက ဝန်ထမ်းများအား တူညီဝတ်စုံများ ထောက်ပံ့ပေးအပ်ခဲ့သည်။ ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများသည် မြင်းခြံမြို့ ဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများကို အာဟာရဒါနပြုလုပ် ကျွေးမွေးခြင်း ၊ အဘိုးအဘွားများ၏ အိပ်ဆောင်များကို သန့်ရှင်းရေးပြုလုပ်ခြင်းစသည့် ကုသိုလ်ကောင်းမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**


(၃၈)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည် ဆုတောင်း

ချစ်ဖေဖေ ဦးတင်ဝင်း (CHAIRMAN, TIN WIN TUN GROUP OF COMPANIES) - ချစ်မေမေ ဒေါ်ခင်ဆွေဝင်းတို့၏ ၁၁-၁၁-၂၀၁၄ရက်တွင် ကျရောက်သော (၃၈)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သော သား၊ သမီး၊ မြေးများနှင့်အတူ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းပြည့်စုံစွာဖြင့် လောကီ၊ လောကုတ္တရာ နှစ်ဖြာသောအကျိုးတို့ကို ဆောင်ရွက်လျက် ယခုထက်ပို၍ အလှူဒါနပြုနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်သား - ကိုကျော်သန့်ဇင်-မဖြိုးဖြိုးထွန်း
ချစ်သမီး - ကိုမျိုးမင်းတင်ထွန်း-မတင်တင်မိုး
ချစ်မြေးများ - ခင်ခင်ချစ်(ခ)ဂင်ဂျန်ချစ်
- ရွှေရည်ရွှန်းမျိုးမင်း(ခ)ရွှေချိုဝမ်
- ခန့်ဟိန်း(ခ)ဂူဝျန်ဖြိုး
- မြမြထက်(ခ)ချစ်ရွှန်းမြသာ

(၃၈)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်ဆုတောင်း

ဦးတင်ဝင်း (CHAIRMAN, TIN WIN TUN GROUP OF COMPANIES) -ဒေါ်ခင်ဆွေဝင်းတို့၏ ၁၁-၁၁-၂၀၁၄ရက်တွင် ကျရောက်သော (၃၈)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည် ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သောသား၊ သမီး၊ မြေးများနှင့်အတူ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းပြည့်စုံစွာဖြင့် လောကီ၊ လောကုတ္တရာ နှစ်ဖြာသောအကျိုးတို့ကို ဆောင်ရွက်လျက် ယခုထက်ပို၍ အလှူဒါနပြုနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

တင်ဝင်းထွန်းကုမ္ပဏီမှ
ဝန်ထမ်းများ

မြို့ SEVEN စံ
မြေကွက်ရောင်းဝယ်ရေး

ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်းရှိ မြေကွက်များ ရောင်းလို/ဝယ်လိုပါသလား ? SEVEN စံနဲ့ ဆက်သွယ်လိုက်ပါ။ အိမ်အရောက် ငွေပေးချေသည်။
* ပွဲခလုံးဝမယူပါ *
ဖုန်း-၀၁-၂၀၅၇၄၈
၀၉-၃၃၃၃၃၅၁၄
၀၉-၃၁၉၅၈၉၅၈

အသိပေးကြေညာခြင်း

ဒဂုံအရှေ့ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂၊ မြေကွက်အမှတ် ၄၀၁၊ မြေကွက်တည်နေရာအမှတ်-၄၀၁၊ (၁၂)ရပ်ကွက်၊ ဒဂုံအရှေ့ပိုင်းမြို့နယ်၊ ဒေါ်ဖြူဖြူခိုင်(ခ)ဒေါ်ခင်ဖြူ B/RGN-၀၀၀၉၂၈ အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်ဖြူဖြူခိုင်(ခ)ဒေါ်ခင်ဖြူထံမှ SP ရရှိသူ ဦးသက်နိုင်လွင် ၁၂/အလန(နိုင်)၀၀၇၈၁၈မှ ဂရန်ပျောက်ဆုံးကြောင်းတင်ပြ၍ ဂရန်မိတ္တူ လျှောက်ထားလာခြင်းအား ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီး ကန့်ကွက်သူ မရှိသဖြင့် ဂရန်မိတ္တူထုတ်ပေးပြီးဖြစ်၍ မူလထုတ်ပေးထားသော ဒေါ်ဖြူဖြူခိုင်(ခ)ဒေါ်ခင်ဖြူ အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်ဂရန် မူရင်း ဒဂမ/၁၂/ကသရ/၉၅/၁၇၄အား မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားခြင်း

ယာဉ်အမှတ် 3G/5619, Lifan ၊ Dump Truck (4×2)L ယာဉ်လက်ဝယ်ရှိသူ Khit Thit Ngwe Kyei Co.,Ltd. က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (တောင်ပိုင်း)၊
မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၀ယ/၇၆၆၉၂ Jialing.90, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဖိုးတာ ၈/မမန(နိုင်)၀၅၈၀၂၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ပခုက္ကူ)

ယာဉ်မှတ်ပုံတင်စာအုပ် လျှောက်ထားခြင်း

ယာဉ်အမှတ် ၇ဃ/၈၂၂၃ NISSAN MR 18 STATION WAGON (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးခင်ဇော် ၁၂/ကမတ(နိုင်)၀၂၀၅၂၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# ညောင်ဦးမြို့ ရွှေစည်းခုံစွယ်တော်မြတ်စေတီတော်ကြီး၏ (၉၅၅)ကြိမ်မြောက် ဗုဒ္ဓပူဇနိယတန်ဆောင်တိုင်ပွဲတော် စည်ကားစွာကျင်းပ

**ညောင်ဦး နိုဝင်ဘာ ၁၀**

အနော်ရထာမင်းကြီး တည်ထားကိုးကွယ်တော်မူခဲ့သည့် စွယ်တော်လေးဆူအနက် တစ်ဆူအပါအဝင်ဖြစ်သည့် ညောင်ဦးမြို့ ရွှေစည်းခုံစွယ်တော်မြတ် စေတီတော်ကြီး၏ (၉၅၅)ကြိမ်မြောက် ဗုဒ္ဓပူဇနိယတန်ဆောင်တိုင်ပွဲတော်ကို နှစ်စဉ်နှစ်တိုင်း စည်ကားသိုက်မြိုက်စွာကျင်းပလျက်ရှိရာ နိုဝင်ဘာ ၆ ရက်က ညောင်ဦးမြို့ပေါ်ရပ်ကွက်များမှ ဒေသခံပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ ကုသိုလ်ကောင်းမှုပြုကြသူများက ရွှေစည်းခုံစွယ်တော်မြတ်စေတီတော်ကြီးအား ဆွမ်းသပိတ်လုံးများနှင့်ရွှေသင်္ကန်းများ ဆက်ကပ်ခြင်း၊ ဆရာတော်၊ သံဃာတော်များအား ဝတ္ထုငွေပဒေသာပင်များ ကုသိုလ်ပြု လှူဒါန်းကြသူများဖြင့် အထူးပင်စည်ကားလျက်ရှိသည်။

ညောင်ဦးတွင် လအလိုက်ဘုရားပွဲများကို မြို့ပေါ်ရပ်ကွက်များတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသော်လည်း ရွှေစည်းခုံစွယ်တော်မြတ် စေတီတော်ကြီး၏ ဗုဒ္ဓပူဇနိယ တန်ဆောင်တိုင် ပွဲတော်လောက် စည်ကားမှုမရှိသည်ကို တွေ့ရသည်။ ရွှေစည်းခုံစွယ်တော်မြတ်စေတီတော်ကြီး၏ ဗုဒ္ဓပူဇနိယတန်ဆောင်တိုင်ပွဲတော်သည် အနယ်နယ်အရပ်ရပ်မှ ၁၂ ပွဲဈေးသည်များကလည်း ဈေးဆိုင်ခန်းများ အပြိုင်အဆိုင်လာရောက်ဖွင့်လှစ်ရောင်းချကြရာ ဘုရားဖူးလာရောက်ကြသူများနှင့် ဒေသခံပြည်သူများ မိမိတို့အိမ်အတွက် လိုအပ်သည့်လူသုံးကုန်ပစ္စည်းမျိုးစုံကိုလည်း တစ်နေရာတည်း၌ ဈေးနှုန်းချိုသာစွာ ဝယ်ယူရရှိနိုင်၍ အဆင်ပြေလျက်ရှိသည်။

ထို့အပြင် ဖျော်ဖြေရေးအစီအစဉ်များဖြစ်သော ဗလာဇာတ်များငှားရမ်း၍ ကပြဖျော်ဖြေခြင်း၊ ခြင်းဝိုင်္ဂ္ဂ်ုများ၏ ခြင်းအလှခတ်ပွဲများ ထည့်သွင်းကျင်းပခြင်း၊ ကလေးငယ်များ ပျော်ရွှင်စွာ ဆော့ကစားနိုင်မည့် ကလေးကစားကွင်းများကိုလည်း စီးပွားဖြစ်လာရောက် ဖွင့်လှစ်ခြင်းများဖြင့် တစ်နှစ်ထက်တစ်နှစ် ပို၍ပင် စည်ကားလျက်ရှိကြောင်း တန်ဆောင်တိုင်ဈေးပွဲတော်သို့ နှစ်စဉ်လာရောက်ဈေးလာဝယ်သည့် ညောင်ဦးမြို့နယ်အတွင်းရှိ ကျေးရွာများမှ ဒေသခံများနှင့် ဘုရားပွဲကျင်းပရေးကော်မတီတာဝန်ရှိသူများ၏ ပြောကြားချက်အရ သိရသည်။

**ရဲဝင်းနိုင်(iprd)**

# မိုးနှမ်းနှင့် ဝါများထွက်ရှိချိန် ဈေးကောင်းရရန် ဝမ်းတွင်းမြို့နယ်တောင်သူများ မျှော်လင့်

**မိတ္ထီလာ နိုဝင်ဘာ ၁၀**

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် သီးကုန်းကျေးရွာတွင် မိုးနှမ်းနှင့် ဝါသီးနှံများအောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး သီးနှံထွက်ရှိချိန် ရောင်းချရာတွင် ဈေးကောင်းရရန် စိုက်ပျိုးသည့် ဒေသခံတောင်သူများက မျှော်လင့်လျက်ရှိကြောင်း သိရသည်။

“ဒီနှစ်က မိုးဦးမကောင်းဘူးဆိုပေမယ့် မိုးလယ်မှာရွာတဲ့မိုးကြောင့် သီးကုန်းကျေးရွာနဲ့ အနီးပတ်ဝန်းကျင်မှာ စိုက်ပျိုးတဲ့ မိုးနှမ်းနဲ့ ဝါသီးနှံတွေ အောင်မြင်ဖြစ်ထွန်းပါတယ်။ သီးနှံမျိုးစရိတ်၊ လုပ်သားစရိတ်၊ စိုက်ပျိုးရေးဆေးသွင်းအားစုစရိတ်တွေ များပြားတော့ သီးနှံထွက်တဲ့အချိန် ရောင်းချတဲ့အခါ ဈေးကောင်းရဖို့ မျှော်လင့်တယ်။ ဒီဘက်ခေတ်မှာ တောင်သူတွေအနေနဲ့ သီးနှံစိုက်ပျိုးရတာ ထိထိုးရသလိုပဲ။ သီးနှံစိုက်ပျိုးတိုင်း အကျိုးအမြတ်မရှိဘူး။ သီးနှံအောင်မြင်ဖို့ မိုးကောင်းဖို့လိုတယ်။ မိုးကောင်းလို့သီးနှံအောင်မြင်ရင်လည်း သီးနှံထွက်ချိန် ဈေးကောင်းရဖို့လိုတယ်။ ဈေးကောင်းရဦးတော့ သီးနှံအထွက်နှုန်းကောင်းဖို့ကလည်းလိုသေးတယ်။ ဘာပဲဖြစ်ဖြစ် မိရိုးဖလာစိုက်ပျိုးရေးလုပ်ငန်းဆိုတော့ တောင်သူကတော့ ရှုံးရှုံးမြတ်မြတ် စိုက်ရမယ့်ရာသီဆို သီးနှံစိုက်ပျိုးရေးလုပ်ငန်းတော့ လုပ်နေရတာပဲ”ဟု ဒေသခံတောင်သူတစ်ဦးက ပြောသည်။

လက်ရှိအချိန်၌ ဒေသဝါသီးနှံဈေးကွက်တွင် အမျိုးအစားအလိုက် ဈေးနှုန်းကွာခြားနေသော်လည်း အမျိုးအစားကောင်း ဝါထိပ်စ တစ်ပိဿာ ငွေကျပ် ၈၅၀ မှ ၉၀၀၊ လတ်စ ငွေကျပ် ၇၅၀ ၊ အောက်စ ငွေကျပ် ၆၅၀ အထိရှိကာ ဈေးနှုန်းလျော့ကျလျက်ရှိပြီး နှမ်းဈေးမှာမူ နှမ်းညို တစ်တင်း ငွေကျပ် ၃၅၀၀၀ မှ ၃၇၀၀၀ အထိ ဈေးကောင်းရလျက်ရှိသည်။

**ချမ်းသာ(မိတ္ထီလာ)**

# ဘိုးဘွားများအား စုပေါင်းပူဇော်ကန်တော့ပွဲ ကျင်းပ

**မော်လမြိုင်ကျွန်း နိုဝင်ဘာ ၁၀**

မော်လမြိုင်ကျွန်းမြို့နယ် ထီပါလယ်ကျေးရွာတွင် အသက် ၈၁ နှစ်မှ ၁၀၀ အထိ သက်ကြီးဘိုးဘွားများအား မတည်အလှူရှင်နှင့် ရွာသူရွာသားများက တတိယအကြိမ်မြောက် စုပေါင်းပူဇော်ကန်တော့ပွဲကို နိုဝင်ဘာ ၇ ရက်က ကျင်းပခဲ့သည်။




ဘိုးဘွားများအား ပူဇော်ကန်တော့ပွဲတွင် ထီပါလယ်ကျေးရွာ အောင်မင်္ဂလာကျောင်းတိုက် နာယကဆရာတော်က ဘိုးဘွားများအား ကန်တော့ခြင်း၏ အကျိုးကို ဩဝါဒချီးမြှင့်ပြီး မတည်အလှူရှင် ဘဒ္ဒန္တဓမ္မရက္ခိတ (ထီပါလယ်)က ဘိုးဘွားပူဇော်ကန်တော့ပွဲ ကျင်းပရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ထီပါလယ်ကျေးရွာနှင့် ရွာသစ်စုကျေးရွာတို့မှ ဘိုးဘွား ၁၆ ဦးတို့အား ဝတ်စုံတစ်စုံစီနှင့် ငွေကျပ်နှစ်သောင်းကျော်တန်ဖိုးရှိ အသုံးအဆောင်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ခဲ့ကြသည်။ ထို့အပြင် အသက် ၁၀၀ ပြည့် အဘိုး ဦးတင်ရွှေ၊ အသက် ၉၈ နှစ်ရှိ အဘိုး ဦးဖိုးလက်မနှင့် အသက် ၉၇ နှစ်ရှိ အဘွား ဒေါ်သိန်းညွန့်တို့ကိုလည်း မတည်အလှူရှင်နှင့် ရွာသူ ရွာသားများက လူသုံးကုန်မျိုးစုံနှင့် လှူဖွယ်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ခဲ့ကြကြောင်း သိရသည်။

**မော်ကျွန်းမြင့်အောင်**

## သတင်းတိုများ

### ဂန့်ဂေါတွင် ကျေးရွာအရောက်ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်

ဂန့်ဂေါမြို့ပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာအောင်မြင့်ဦး ဦးဆောင်သည့် လက်ထောက်ဆရာဝန် ဒေါက်တာရဲထွဋ်မျိုး၊ သွားဘက်ဆိုင်ရာ ဆရာဝန် ဒေါက်တာကျော်ကျော်တို့ပါဝင်သည့် အဖွဲ့သည် ဂန့်ဂေါမြို့နယ် ပိုဦးကျေးရွာ မူလတန်း (လွန်) ကျောင်း၌ ကျန်းမာရေးပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၇ ရက်က ကျင်းပခဲ့ပြီး ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုလုပ်ငန်း၊ ကာကွယ်ဆေးထိုးလုပ်ငန်း၊ ကူးစက်ရောဂါများအကြောင်း၊ သွေးတိုး၊ ဆီးချို၊ အီဘိုလာရောဂါ၊ သွားနှင့်ခံတွင်း ကျန်းမာရေးဆိုင်ရာများကို ရှင်းလင်းဟောပြောကာ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(၁၀၁)**

### အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှစ်ပတ်လည်နေ့ကျင်းပ

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့အခမ်းအနားကို ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်၌ နိုဝင်ဘာ ၇ ရက်က ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ထွန်းက နှစ်ပတ်လည်နေ့ ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား ကံစမ်းမဲ လက်ဆောင်ပစ္စည်းများ မဲဖောက်ပေးခဲ့ကြောင်း သိရသည်။ **(၀၂၈)**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ထီလုံအခြေခံပညာအထက်တန်းကျောင်း ပဥ္စမတန်း(ခ)မှ နန်းသက်မွန်မြင့် ၃/လဘန(နိုင်)၁၇၁၂၁၄၏ဖခင် ဦးအောင်ကြည်သိန်း(ခ)ဦးခွန်ကြည်သိန်းသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**

ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ထီလုံအခြေခံပညာအထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း(က)မှ နော်သန်းဝင်းချို ၃/လဘန(နိုင်)၁၃၇၅၆၇၏ ဖခင်အမည်မှန်မှာ ဦးအောင်မြင့် ၃/ဘအန(နိုင်)၁၇၇၉၂၈ဖြစ်ပါကြောင်း။

**GEO-FRIENDS**
**Engineering & Construction Co.,Ltd.**
အမှတ် ၁၁၃၆(B)သုမင်္ဂလာလမ်း၊ ဖရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့
Ph:01-561431,09-420107757,09-420107767
email:service@geo-friends.com

1. Admin Manager မ (1) Post
   - အသက်(၃၅)နှစ်အထက်ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
   - အင်္ဂလိပ်စာနှင့် ရုံးကွန်ပျူတာ ကျွမ်းကျင်မှုရှိရမည်။
   - သက်ဆိုင်ရာရာထူးဖြင့် လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၃)နှစ်ရှိရမည်။
   - လုပ်ငန်းအား စနစ်တကျ စီမံခန့်ခွဲနိုင်သူ ဖြစ်ရမည်။
2. Computer ကျွမ်းကျင် ကျား/မ (2) Post
   - Pagemaker,MS Office,Photoshop
   - Auto CAD 2D,3D
   - Power Point Presantation ကျွမ်းကျင်သူဖြစ်ရမည်။
3. ရုံးအကူ/သန့်ရှင်းရေး မ (1) Post
   - မြန်မာစာကို ရေးနိုင်၊ ဖတ်နိုင်ရမည်။
   - အကျင့်စာရိတ္တကောင်းမွန်ပြီး စိတ်ရှည်သည်းခံနိုင်သူဖြစ်ရမည်။

လျှောက်ထားလိုသူများသည် CV(၁)စုံ (မျှော်မှန်းလစာဖော်ပြပေးပါရန်)မှတ်ပုံတင် မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ရပ်ကွက်ထောက်ခံစာ၊ ပြစ်မှုကင်းရှင်းကြောင်း ရဲစခန်းထောက်ခံစာ၊ ပညာအရည်အချင်း မိတ္တူများနှင့်အတူ ကြော်ငြာပါသည့် ၁၁ရက် ၂၀၁၄ မှ ၁၇ရက်၂၀၁၄အထိ တစ်ပတ်အတွင်း လူကိုယ်တိုင်(သို့မဟုတ်) Email ဖြင့်လျှောက်ထားနိုင်ပါသည်။

**သံသရာခရီးသည်၏ ပထမထွက်ရပ်လမ်း(၁၈)ရက် အထူးအလုပ်ပေးတရားစခန်း**

အရှင်အာဒိစ္စရံသီ (စာရေးဆရာဆန်းလွင်)ပျံလွန်ခြင်း(၁၂)နှစ်ပြည့်နှင့် (၁၈)ရက် အထူးအလုပ်ပေးတရားစခန်းကို ၂၅-၁၁-၂၀၁၄ ရက် ညနေ ၅း၀၀နာရီမှ ၁၄-၁၂-၂၀၁၄ ရက် နံနက် ၉း၀၀နာရီအထိ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ စက်မှုလက်မှု(၄)လမ်း၊ သဒ္ဓမ္မကာရီဓမ္မာရုံ၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။ တရားစခန်းဝင်ရောက်လိုသူများ ၂၅-၁၁-၂၀၁၄ ရက် ညနေ ၅း၀၀ နာရီအရောက် လာရောက်ကြရန်နှင့် ဖုန်း-၅၆၉၉၇၈၊ ၀၉-၂၅၀၃၅၈၂၅၃၊ ၀၉-၅၁၅၇၃၃၉၊ ၀၉-၇၃၂၃၈၈၃၄၊ ၀၉-၇၃၂၀၇၅၉၅ တို့သို့ ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းနိုင်ပါသည်။

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် ယ/၃၁၈၇၂ဟွန်ဒါ ၁၂၅ ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းဝင်း ၁၃/ရစန(နိုင်) ၁၀၃၀၆၂၈ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
**ကညန၊ တောင်ကြီး**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 1G/2537 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

**အများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (၁၁)ရပ်ကွက်၊ ဒု၌ဝတီလမ်း၊ အမှတ် ၅၈၄၊ မြေအကျယ်ပေ (၄၂×၆၀)ရှိ ဦးဘိုလေးအမည်ပါ နှစ်၆၀ မြေငှားဂရန်မူရင်းနှင့် ဆက်စပ်စာချုပ်မူရင်းများအားလုံးတို့မှာ ၁၀-၄-၂၀၁၄ရက်တွင် ခိုးယူခံရသဖြင့် ပျောက်ဆုံးသွားပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးတင်အောင်၏ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဝေခိုင်(ခ)ဒေါ်မြမြဌေး(စဉ်-၆၆၀၅)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် (ဃ/၃၀၄)၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ဖုန်း-၀၉-၅၄၀၇၂၂၉**

**ငြင်းချက်ထုတ်ရန်သမ္မန်စာ**
**(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်**
**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၅၁၉**

ဦးစိုးမြင့် နှင့် ၁။ ဒေါ်ချိုပြုံး
၂။ ဦးအေးမင်းထွန်း
၃။ ဦးရဲနိုင်
၄။ မနှောင်းနှောင်းထွေး

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြောက်ဥက္ကလာပစက်မှုဇုန်၊ ဘောဂဗလလမ်း၊ အမှတ်-၁၀၁ နေ ဦးအေးမင်းထွန်း နှင့် မနှောင်းနှောင်းထွေး (ယခုနေရပ်လိပ်စာမသိ) တို့သိစေရမည်။

သင့်အပေါ်၌ တရားလိုက ဟန်ဆောင်စာချုပ်ဖြစ်ကြောင်း မြွက်ဟကြေညာ၍ စာချုပ်ပယ်ဖျက်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၂၄ရက် (၁၃၇၆ခုနှစ် နတ်တော် လဆန်း ၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် နိုဝင်ဘာ ၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

(ဉမ္မာတင်)
ဒုတိယခရိုင်တရားသူကြီး(၁)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

**အမည်ပြောင်း**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့ အမှတ် (၁)အထက၊ သတ္တမတန်း(ဂ)မှ ဦးဝင်းလှိုင်၏သမီး မသဲစုဝင်းလှိုင်အား မဆုရတီထက်ဟု ပြောင်းလဲခေါ်ပါရန်။
**ဦးဝင်းလှိုင်**

## စီးပွားရေးနှင့် လူမှုရေးကြော်ငြာ

## ဝမ်းနည်းကြေကွဲခြင်း

**ဦးမြိုင်သန့် (၈၃)နှစ်**

**အငြိမ်းစား ပါမောက္ခ၊ မြန်မာစာဌာန၊ မော်လမြိုင်တက္ကသိုလ်**
**မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့၊ အမှုဆောင်အဖွဲ့ဝင်**

ရန်ကုန်မြို့ ၊ လှိုင်သာယာမြို့နယ်၊ နဝဒေးဥယျာဉ်အိမ်ရာ၊ အကွက်(၈၁)၊ အမှတ်(၃+၄) နေ ဒေါ်ခင်ဝေထွေး၏ ခင်ပွန်း ဦးမြိုင်သန့် သည် ၇.၁၁.၂၀၁၄ (သောကြာနေ့) တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစု နှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်၊ အမှုဆောင်အဖွဲ့**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးစိန်မိုး**
**အသက် (၅၄)နှစ်**

မြန်မာ့ရိုးရာခြင်းလုံးအားကစား ဖွံ့ဖြိုးတိုးတက်ရေးအတွက် (၁/၂၀၁၁)အပြည်ပြည်ဆိုင်ရာ ဒိုင်/နည်းပြသင်တန်းကို အောင်မြင်စွာ တက်ရောက်ခဲ့ပြီးသော သူငယ်ချင်း ကွယ်လွန်သွားပြီဖြစ်ကြောင်း ကြားသိရသည့်အတွက် အထူးပင် ကြေကွဲဝမ်းနည်းရပါသည်။

**မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်**
**၁/၂၀၁၁ အပြည်ပြည်ဆိုင်ရာ ဒိုင်/နည်းပြများ**

## ငွေချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ကြို့ပင်ကောက်မြို့နယ်တရားရုံး၌**
**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၅၁**

| | | |
|---|---|---|
| ဦးခင်ဇော်ဦး | နှင့် | ကိုမင်းဇော်(ခ)ကိုမင်း |
| **တရားလို** | | **တရားပြိုင်** |

ကြို့ပင်ကောက်မြို့နယ်၊ သာယာဝတီခရိုင်၊ ကြို့ကုန်းကျေးရွာအုပ်စု၊ အိုးဘိုစုရွာနေ (ယခုလိပ်စာမသိ) တရားပြိုင် ကိုမင်းဇော်(ခ)ကိုမင်း သိစေရမည်။

သင့်အပေါ်၌ တရားလိုက စပါးဖိုးကျန်ငွေ ၁၆၅၄၆၀၀/- (ကျပ်တစ်ဆယ့်ခြောက်သိန်း ငါးသောင်းလေးထောင့်ခြောက်ရာကျပ်တိတိ) ရလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၂၀ ရက် (၁၃၇၆ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် နိုဝင်ဘာ ၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ပေးလိုက်သည်။

**စိုးလင်းအောင်**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ကြို့ပင်ကောက်မြို့နယ်တရားရုံး**

## မြေကွက်ပိုင်ရှင်ဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ အမှတ်(၁၄၀)၊ မြန်မာ့ဂုဏ်ရည်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဒေါ်ကြူကြူသွင် ၁၂/မဂတ(နိုင်)၀၄၅၄၇၈ သည်ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အမှတ်(၂၁)၊ လက်ယက်စမ်းကျေးရွာအုပ်စု၊ ကညင်ပင်ချောင်းထောင်၊ ဦးပိုင်အမှတ် (N/၂)၊ ကွင်းအမှတ် (၆၆၅-D)၊ မြေအမျိုးအစား Gဧရိယာ ဒသမ၇၃ နှင့် ၎င်းမြေ၏ အကျိုးခံစားခွင့် အရပ်ရပ်အား လက်ရှိအမည်ပေါက်ပိုင်ဆိုင်သူဖြစ်ပါသည်။

ဒေါ်ကြူကြူသွင်၏ သဘောတူခွင့်ပြုချက်မရှိဘဲ အထက်ဖော်ပြပါမြေကွက်အား ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ ငှားရမ်းခြင်းနှင့် အခြားတစ်နည်းနည်း လွှဲပြောင်းခြင်းတို့မပြုလုပ်ရန် အသိပေးကြေညာအပ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ဒေါ်ကြူကြူသွင်သာလျှင် အမည်ပေါက်လက်ရှိပိုင်ရှင်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ကြူကြူသွင်**

## ဒေါ်ချယ်ရီနှင့် အများပြည်သူသိရှိစေရန် သတိပေးတားမြစ်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ(၂/က)၊ စံပြရပ်ကွက်၊ ပိတောက် လမ်း၊ အမှတ် (၆၂)နေ ဦးဝင်းဦး ၈/နမန(နိုင်)၀၆၈၆၁၀ ၏လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်ချယ်ရီနှင့် အများပြည်သူသိရှိစေရန် သတိပေးတားမြစ်ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ (၂/က) စံပြရပ်ကွက်၊ ပိတောက်လမ်း၊ အမှတ် (၆၂)ဟု ခေါ်တွင်သော ပေ(၄၀×၆၀)အကျယ်အဝန်းရှိ ခြံမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် နှစ်ထပ်တိုက် (RC)အဆောက်အအုံသည် ကျွန်ုပ်၏မိတ်ဆွေ ဦးဝင်းဦးမှ တရားဝင်ပိုင်ဆိုင်လက်ရှိထားရှိပြီး မိသားစုတစ်စုအတူတကွ ယနေ့တိုင်နေထိုင်ပိုင်ဆိုင်လျက်ရှိပါသည်။

ကျွန်ုပ်၏မိတ်ဆွေ တရားဝင်နေထိုင်ပိုင်ဆိုင်သော အထက်ဖော်ပြပါခြံမြေကွက်နှင့် နှစ်ထပ်တိုက် (RC)အဆောက်အအုံကို ကျွန်ုပ်မိတ်ဆွေအနေဖြင့် ဒေါ်ချယ်ရီထံသို့လည်းကောင်း၊ အခြားသူတစ်ဦးဦးကိုလည်းကောင်း ရောင်းချထားခြင်းလုံးဝ(လုံးဝ)မရှိပါ။

ကျွန်ုပ်မိတ်ဆွေဦးဝင်းဦး၏ တရားဝင်ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ ကျွန်ုပ်မိတ်ဆွေ လက်ရှိ နေထိုင်ပိုင်ဆိုင်သည့် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ (၂/က)စံပြရပ်ကွက်၊ ပိတောက်လမ်း၊ အမှတ် (၆၂)ဟုခေါ်တွင်သော ခြံမြေကွက်နှင့် နှစ်ထပ်တိုက် (RC) အဆောက်အအုံကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းစွန့်ကြဲခြင်း၊ အာမခံတင်သွင်းခြင်း၊ အခြားနည်းတစ်စုံတစ်ရာမှအစ မပြုလုပ်ရန် ဒေါ်ချယ်ရီနှင့် အများပြည်သူသိရှိစေရန် သတိပေးတားမြစ်အပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ၏သတိပေးတားမြစ်ချက်များကို လိုက်နာခြင်းမရှိ၊ ပျက်ကွက်ခဲ့ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထည့်သွင်းသတိပေးတားမြစ်ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးဝင်းဦး** | |
| **ဦးတင်ကိုစော(ထီလာ)** | **ဒေါ်နွယ်နွယ်ထွေး** |
| **LL.B** | **LL.B, D.B.L, Dip in Eng:** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၇၁၀၈)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၈၀၄၅)** |

**အမှတ် (၅)၊ (၁)လမ်း၊ အိမ်ခြေ (၁၀၀)၊ ပ-လ-ရရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်**

## အထူးကျေးဇူးတင်ရှိခြင်း

**ဗိုလ်မှူးကျော်စိန့်(စစ်ကိုင်း)(ငြိမ်း) ကြည်း-၆၂၈၆**
**ဗိုလ်သင်တန်းအမှတ်စဉ်(၇)**
**မော်ကွန်းဝင်(ဒုတိယဆင့်)**
**ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)၊ မြန်မာ့သစ်လုပ်ငန်း**
**အသက်(၈၄)နှစ်**

ကွယ်လွန်သူ ဗိုလ်မှူးကျော်စိန့်အတွက် ဝမ်းနည်းကြောင်း ကြော်ငြာဖော်ပြပေးပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် တယ်လီဖုန်းဖြင့်သော်လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း သတင်းမေးမြန်းနှစ်သိမ့်အားပေးသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်အဖွဲ့ဝင်များအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## ဒေါက်တာမောင်ဒီ

**ပါမောက္ခချုပ်(ငြိမ်း)၊ ရန်ကုန်တက္ကသိုလ်**
**ဒုတိယဝန်ကြီး(ငြိမ်း)၊ ပညာရေးဝန်ကြီးဌာန**
**အသက်(၈၂)နှစ်**

ကန့်ဘလူမြို့နယ်(ဦးပုံ-ဒေါ်ကြိုင်)တို့၏သား၊ (ဦးရှန်-ဒေါ်တင်မိ)တို့၏ညီ၊ (ဦးသာလွင်)-ဒေါ်လှခင်၊ ဒေါက်တာမောင်နု-ဒေါ်ခင်စိုးနိုင်တို့၏အစ်ကို၊ ရန်ကုန်မြို့၊ အမှတ် ၂၃၊ သစ်ရာပင်လမ်းသွယ်(၂)သုဝဏ္ဏနေ ဒေါ်စောနွယ်ဦး၏ခင်ပွန်း၊ ဦးကုသလ၊ ဒေါက်တာဒေါ်စိုးမိုး၊ ဗိုလ်မှူးကောင်းထက်(ရေ-ငြိမ်း)၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်-(ဒေါ်ခင်ဥမ္မာရှိန်)တို့၏ဖခင်၊ မခင်ဖြူစင်ထက်၊ မခင်အေးမြတ်ထက်တို့၏ အဘိုးသည် ၉-၁၁-၂၀၁၄ရက်(တနင်္ဂနွေနေ့) နံနက် ၁၁း၅၅နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၁၁-၂၀၁၄ရက်(အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

**ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**

## ဒေါ်ဝင်းတင်

**ABM ကျောင်းသူဟောင်း၊ အထက(၁)ကြည့်မြင်တိုင် ဆရာမဟောင်း**
**အသက်(၈၀)**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ စကားဝါပင်လမ်း၊ အမှတ် ၁၀၆(B)နေ (ဦးလူကလေး-ဒေါ်လှစိန်)တို့၏သမီးလတ်၊ (ဦးကြင်စွမ်-ဒေါ်ကျင်ကြွ)၊ (ဦးရွှေလေး-ဒေါ်ကြင်စန်း)တို့၏ညီမ၊ ဦးအောင်ကျော်ဝင်း-(ဒေါ်ခင်ထားရီ)တို့၏ အစ်မသည် ၉-၁၁-၂၀၁၄ရက်(တနင်္ဂနွေနေ့)နံနက် ၁၁း၀၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၁၁-၂၀၁၄ရက်(အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

(အထက်ပါနေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၅-၁၁-၂၀၁၄ရက်(စနေနေ့) နံနက် ၇နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ဦးအေးမြို့ ရုံးအုပ်ကြီး(အငြိမ်းစား) အဝေးသင်တက္ကသိုလ်

**အသက်(၆၈)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာ မြို့နယ်၊ (၈)ရပ်ကွက်၊ ဦးအောင်ဇေယျလမ်း၊ အမှတ် ၁၁၅နေ ဦးညွှန့်-ဒေါ်ခင်လှတို့၏သားကြီး၊ ဦးအောင်သန်း(တိုင်းမန်နေဂျာ-မြန်မာ့စီးပွားရေးဘဏ်)-ဒေါ်နွဲ့နွဲ့ရီ(လက်ထောက်ညွှန်မှူး၊ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး)၊ ဒေါက်တာစိန်ဝင်း(ဥက္ကဋ္ဌ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ရွှေပြည်သာမြို့နယ်)-ဒေါ်မော်မော်ရီတို့၏အစ်ကိုကြီး၊ ဒေါက်တာဝင်းမြတ်ထက်ကြည်၊ မောင်သန့်မြတ်ထက်၊ မခင်သန္တာတို့၏ ဘကြီးသည် ၉-၁၁-၂၀၁၄ရက်(တနင်္ဂနွေနေ့)နံနက် ၁၀း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၁၁-၂၀၁၄ရက်(အင်္ဂါနေ့)ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၅-၁၁-၂၀၁၄ရက်(စနေနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## (၂)နှစ်ပြည့်အလွမ်း

## ဗိုလ်ကြီးအာကာမောင်

**ကြည်း/၅၆၄၅၇ အပတ်စဉ် (၅၂)**
**(၂၁-၁၁-၂၀၁၂-၂၁-၁၁-၂၀၁၄)**

တာဝန်ထမ်းဆောင်ရင်း ဆုံးပါးသွားတဲ့သားလေး အဖေတို့အမေတို့နှင့် ခွဲခွာသွားခဲ့သည်မှာ (၂)နှစ်ပြည့်ခဲ့ပါပြီ၊ ပြုခဲ့သမျှကုသိုလ်ကောင်းမှုအစုစုကို သားလေး ခံစား၊ စံစားနိုင်ပါစေ။

**ဖေကြီး၊ မေကြီး**
**တီတီကြီး၊ တီတီငွေး၊ တီတီစန်း၊**
**ဗိုလ်ကြီးတေဇာအောင်၊ မမဖြူသဲမွန်၊**
**တူမလေး ဇူလိုင်သဲထက်**

## ဒေါက်တာတင်လှ

**(ကန်တော်ကလေး)**
**အသက် (၅၀)**

ဦးတင်ရွှေ-ဒေါ်မြခင်တို့၏ သားကြီး၊ အမှတ် ၂၅၈၊ အောင်ဇေယျလမ်း၊ (၉) ရပ်ကွက်၊ သုံးခွမြို့နယ်နေ ဦးတိတ်ရင်-(ဒေါ်တင်မြ)တို့၏ သားသမက်၊ ဒေါ်သန်းသန်းဝင်း၏ ခင်ပွန်းသည် ၉-၁၁-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၈း၂၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၁၁-၂၀၁၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။

**ကျန်ရစ်သူမိသားစု**

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## ဦးကျော်လှစိန်(ခ)ဂီးဂီး

**အသက်(၃၇)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊သန်လျင်မြို့၊ Star City တိုက်(A-2)၊ အခန်း ၆၂၃နေ (ဦးကျော်စိန်ဖေ)-ဒေါ်လှလှအုန်းတို့၏ သားထွေး၊ ဦးစံနီ-ဒေါ်ဂရေစလင်းတို့၏ သားသမက်၊ ဒေါ်မေလာနီ(ခ)မိကု၏ ချစ်လှစွာသောခင်ပွန်း၊ မမေဂျူးဂျူးစိန်(ခ)Lovely၊ မမေမြတ်နိုးစိန်(ခ)ပင်ကီတို့၏ ချစ်လှစွာသောဖခင်၊ ဦးထွန်းလှစိန်-ဒေါ်မူမူစိန်၊ MR. ONG TEIK HONG-ဒေါ်မာလာစိန်၊ ဦးအုံးစိန်-ဒေါ်ဗစ်တိုးရီးယားတို့၏ ညီ/မောင်သည် ၇-၁၁-၂၀၁၄ရက်(သောကြာနေ့)နံနက် ၄း၃၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၁-၁၁-၂၀၁၄ ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဈာပနဝတ်ပြုဆုတောင်းပွဲပြုလုပ်၍ မြေချသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။

(သတ္တမနေ့ ဥပုသ်အသင်းတော် အမှတ် ၆၈၊ ဦးဝိစာရလမ်းနှင့် နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**နိုင်ထွန်းသိန်း (ကတိုး)**
**အသက် (၉၇)နှစ်**

နိုင်ထွန်းသိန်းသည် ၇-၁၁-၂၀၁၄ ရက်တွင် ရန်ကုန်၊ သုဝဏ္ဏနေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာမင်းနွယ်စိုး**

## အထူးဝမ်းနည်းကြေကွဲခြင်း

**နိုင်ထွန်းသိန်း (ကတိုး)**
**အသက် (၉၇)နှစ်**

မွန်အမျိုးသားရေးကို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သော နိုင်ထွန်းသိန်းသည် ၇-၁၁-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ **(၆၈)ကြိမ်မြောက်**

**မွန်အမျိုးသားနေ့ကျင်းပရေးကော်မတီ (ရန်ကုန်)**

## အထူးဝမ်းနည်းကြေကွဲခြင်း

**နိုင်ထွန်းသိန်း (ကတိုး)**
**အသက် (၉၇)နှစ်**

မွန်တစ်မျိုးသားလုံး၏ ခေါင်းဆောင်တစ်ဦးဖြစ်သူ နိုင်ထွန်းသိန်းသည် ၇-၁၁-၂၀၁၄ ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မွန်အမျိုးသမီးများ ဦးဆောင်သောအမျိုးသမီးပါတီ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**နိုင်ထွန်းသိန်း (ကတိုး)**
**အသက် (၉၇)နှစ်**

မွန်စာပေသမိုင်းပညာရှင် မွန်ဝါရင့်နိုင်ငံရေးခေါင်းဆောင် နိုင်ထွန်းသိန်းသည် ၇-၁၁-၂၀၁၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်တကွ မွန်တစ်မျိုးသားလုံးနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ (AMDP)**

## အထူးကျေးဇူးတင်ရှိခြင်း

**ဦးစဝ်ထွန်းကြည်**
**B.Sc (Geology) (1974-1978)**
**ဘူမိဗေဒအရာထမ်း(ငြိမ်း)ဘ-ခ-ရ**
**မိတ္ထီလာမြို့၊ အမှတ်(၃)တပ်မတော်အထက်တန်းကျောင်းသားဟောင်း**
**အသက် (၆၀)**

၃၀-၁၀-၂၀၁၄ ရက် (ကြာသပတေးနေ့)ည ၈း၅၀ နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားသော ဦးစဝ်ထွန်းကြည် ဆေးရုံတက်နေစဉ်နှင့် နာရေးကိစ္စအဝဝတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးပြီးနောက်ဆုံးခရီးသို့ လိုက်ပါပို့ဆောင်ပေးကြသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟများ၊ လုပ်ဖော်ကိုင်ဖက်များ၊ ကျောင်းနေဖက်သူငယ်ချင်းများ၊ ကယားပြည်နယ် ကန္ဒရဝတီအသင်း(ရန်ကုန်)၊ မောရွှေပြည်မူဆယ်၊ နမ့်ခမ်းအသင်း(ရန်ကုန်)တို့အားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၈၊ မြေကွက်အမှတ် ၆၁၀၊ မြေကွက်တည်နေရာအမှတ် ၆၁၀၊ ဓမ္မသုခလမ်း၊ ၃၈ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် ဦးသိန်းအောင် NTN ၀၅၁၂၈၉ အမည်ပေါက် နှစ်၆၀ဂရန် မြေအားအမည်ပေါက် ဦးသိန်းအောင်(ဖခင်)၊ ဒေါ်ခင်နွဲ့(မိခင်) ဦးဝေလင်းအောင်၊ (အစ်ကို)ဦးအေးမြင့်ထွန်း(အစ်ကို)တို့ကွယ်လွန်သဖြင့် ဦးထွန်းလင်းသိန်း ၁၂/ဒဂမ(နိုင်)၀၁၅၄၉၆က တစ်ဦးတည်းကျန်ခဲ့သူ သားတော်စပ်ကြောင်းနှင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း မွေ့ကဟစာချုပ် (၇၃၂၆/၂၁-၁၂-၁၂) နှင့် ၂၀၁၁ ခုနှစ် အရောင်းမြေပုံမူရင်း ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ(၁၄/၁၄/၁၀-၉-၁၄)တင်ပြ၍ အရောင်းမြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများပြ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/နွယ်အေး၊ မြေကွက်အမှတ် ၅၄၅၊ မြေကွက်တည်နေရာအမှတ် ၅၄၅၊ စပါယ်လမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးသိန်းထွန်း ၁၂/ဒပန(နိုင်)၀၃၃၀၇၀၊ ဒေါ်နီ (HZA-၁၉၆၇၆၂) အမည်ပေါက် နှစ်၆၀ဂရန်မြေအားဒေါပုံမြို့နယ် တရားရုံးတရားမကြီးမှုအမှတ် (၃၅/၂၀၁၄)တွင် အိမ်နှင့်မြေကွက်အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေရန် ချမှတ်သည့် ၉-၉-၂၀၁၄ ရက်စွဲပါ စီရင်ချက်ဒီကရီနှင့် တရားမဇာရီမှုအမှတ် (၃၀/၂၀၁၄) အမိန့်တို့အရတရားရုံး ဦးသိန်းထွန်း-ဒေါ်နီကိုယ်စား ဒေါပုံမြို့နယ် တရားရုံးဘီလစ်ဦး ဆောင်းလွင်ဦးက အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများတင်ပြ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကြော်ငြာ

### ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်မာအေး(ခ)ဒေါ်သေးသေး
### (ပင်လည်ဘူးမြို့)
### အသက်(၅၉)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ပင်လည်ဘူးမြို့၊ မြို့မ(၂)ရပ်ကွက်နေ ဦးသိန်းလှိုင်၏ဇနီး၊ ဦးခင်မောင်အေး (ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန)-ဒေါ်ညွန့်တင်၊ ဒေါ်ခင်လှလှ၊ ဒေါ်ခင်မြမြတို့၏ညီမ၊ ဒေါ်ခင်မာဌေး၏အစ်မ၊ မခိုင်ခင်မွေး၏မိခင် ဒေါ်ခင်မာအေး(ခ)ဒေါ်သေးသေးသည် ၉-၁၁-၂၀၁၄ရက် နံနက် ၁နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်-ဒေါ်နုနုဆွေ**
**မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**

## ကိုမောင်မောင်(ခ)ကိုမိုးကျော်သူ (မာန်အောင်)
### အသက်(၄၇)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရွှေပင်လုံအိမ်ရာ၊ အပိုင်း(၃)၊ မြနှင်းဆီလမ်း၊ အမှတ် ၁၃၃၊ ဘီ(၃)နေ (ဦးအေးမောင်၊ ညွှန်ကြားရေးမှူး၊ ငြိမ်း၊ တရားရုံးချုပ်)-ဒေါ်ခင်အေးကြည်(ပါမောက္ခ၊ ငြိမ်း၊ အင်္ဂလိပ်စာဌာန)တို့၏သား၊ မမြသီတာအေး၏အစ်ကိုသည် ၉-၁၁-၂၀၁၄ရက် (တနင်္လာနေ့) နံနက် ၁၀နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၁၁-၂၀၁၄ရက် (အင်္ဂါနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပါမည်။ [ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေအိမ်မှကားများ ညနေ ၃နာရီတွင်ထွက်ခွာပါမည်။]

ကွယ်လွန်သူအားရည်စူး၍ ၁၅-၁၁-၂၀၁၄ရက် နံနက် ၇နာရီမှ ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ကိုအောင်ကျော်စိုး
### (နေပြည်တော်)
### (စာရင်းအင်းဦးစီးမှူး၊ သတ္တုတွင်းဝန်ကြီးဌာန)
### အသက်(၃၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၅)ရပ်ကွက်၊ သီဂီ ၃လမ်းတောင်၊ အမှတ် ၂၉၈နေ ဦးတင်ဝင်း-ဒေါ်နွဲ့ရီတို့၏သားသည် ၇-၁၁-၂၀၁၄ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၃-၁၁-၂၀၁၄ရက်(ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ခွန်သီဟန်
### အသက်(၂၆)နှစ်

တောင်ကြီးမြို့၊ မြို့မရပ်ကွက်၊ ရေမဲလမ်း၊ အမှတ် ၁၉၁နေ ပွဲစားဦးခဲ(ခ)ဦးထွန်းသာ-ဒေါ်အောင်းပေါင်တို့၏မြေး၊ (ဒေါက်တာဦးခွန်ညွှန့်ဝေ)-ဒေါ်ခင်လေး(ပတ္တမြားဆေးရုံ)တို့၏သား၊ ဦးဉာဏ်ဝင်း-ဒေါ်ညွန့်ညွန့်ဝင်း(TV.Star)တို့၏သားသမက်၊ မယုယုဉာဏ်ဝင်း၏ခင်ပွန်း၊ ခွန်အေးချမ်း၏ဖခင်၊ နန်းထက်ထက်ဆုမွန်၊ နန်းထက်ထက်အေးမွန်တို့၏အစ်ကိုသည် ၈-၁၁-၂၀၁၄ရက် (စနေနေ့) ည ၁၁း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၁၁-၂၀၁၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ တိုင်းရင်းသားပေါင်းစုံသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

### သုံးဆယ်မြို့အသင်း(ရန်ကုန်)
### ရာသက်ပန်အသင်းဝင်
## ဦးအောင်မြင့်
### B.Sc (Chemistry)
### အသက်(၅၆)နှစ်

ပဲခူးတိုင်းဒေသကြီး၊ သုံးဆယ်မြို့၊ ဦးစိန်ဦး - ဒေါ်ညွန့်မေတို့၏ သား၊ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၈)ရပ်ကွက်၊ အမှတ် ၁၀၇၊ သုခမြိုင် ၄လမ်းနေ ဦးအောင်မြင့်သည် ၆-၁၁-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၅း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းဝင်များအားသိစေအပ်ပါသည်။

အမှုဆောင်အဖွဲ့

### ပုလောမြို့နယ်အသင်း(ရန်ကုန်)
## ဒေါ်စန်းရီ (ပုလော)
### အသင်းဝင်အမှတ်-၂၇၄
### အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ကမ္ဘာအေး ဝါယာလက်(၂)လမ်း၊ အမှတ် (၂၆/စီ-၁)နေ (ဗိုလ်မှူးကြီးစည်သူကြည်ဝင်း)၏ဇနီးသည်၆-၁၁-၂၀၁၄ရက်(ကြာသပတေးနေ့) ညနေ ၃း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁၁-၂၀၁၄ရက်(စနေနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါကတည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

## သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆ ဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ပေါ့ဆမှုတို့ကြောင့် ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များ၏ စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်း မပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူး မျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ်ပါသည်။

လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များအနေဖြင့်လည်း လူကူးမျဉ်းကျားမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျ လမ်းဖြတ်ကူးကြရန်နှင့် အချက်ပြ ထိန်းသိမ်းမှုမရှိသော နေရာများမှ လမ်းကူးပါက **"ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှကူး"** စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာမောင်ဒီ
### ပါမောက္ခချုပ်(ငြိမ်း)၊ ရန်ကုန်တက္ကသိုလ်
### ဒုတိယဝန်ကြီး(ငြိမ်း)၊ ပညာရေးဝန်ကြီးဌာန
### အသက်(၈၂)နှစ်

ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်(ငြိမ်း)၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး(ငြိမ်း) ဒေါက်တာမောင်ဒီသည် ၉-၁၁-၂၀၁၄ရက်(တနင်္ဂနွေနေ့)နံနက် ၁၁း၅၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့်ဇနီး ဒေါ်နန္ဒာမွန်း**
**အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန**

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာမောင်ဒီ
### ဒုတိယဝန်ကြီး(ငြိမ်း)၊ ပညာရေးဝန်ကြီးဌာန
### အသက်(၈၂)နှစ်

ကျေးဇူးရှင်ဆရာကြီး ဒေါက်တာမောင်ဒီ(ရန်ကုန်တက္ကသိုလ်၊ ဓာတုဗေဒပါရဂူဘွဲ့ ဦးစီးကော်မတီအဖွဲ့ဝင်)သည် ၉-၁၁-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာသဇင်လွင် (ပါမောက္ခ၊ YUDE)နှင့်**
**Inorganic ဓာတုဗေဒမိသားစု**

### ကန့်ဘလူမြို့နယ်အသင်း(ရန်ကုန်)
## နာယကကြီး ဒေါက်တာမောင်ဒီ
### ပါမောက္ခချုပ် (ငြိမ်း)
### ရန်ကုန်တက္ကသိုလ်-ဒုတိယဝန်ကြီး(ငြိမ်း)၊ ပညာရေးဝန်ကြီးဌာန
### အသက်(၈၂)နှစ်

ကန့်ဘလူမြို့နယ်နေ (ဦးပုံ-ဒေါ်ကြိုင်)တို့၏သား၊ (ဦးရှန်-ဒေါ်တင်မိ)တို့၏ညီ၊ (ဦးသာလွင်)-ဒေါ်လှခင်၊ ဒေါက်တာမောင်နု-ဒေါ်ခင်စိုးနိုင်တို့၏အစ်ကို၊ ရန်ကုန်မြို့၊ အမှတ် ၂၃၊ သစ်ရာပင်လမ်းသွယ်(၂)၊ သုဝဏ္ဏနေ ဒေါ်စောနှယ်ဦး၏ ခင်ပွန်း၊ ဦးကုသလ၊ ဒေါက်တာစိုးမိုး၊ ဗိုလ်မှူးကောင်းထက်(ရေ-ငြိမ်း)(မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)-(ဒေါ်ခင်ဥမ္မာရှိန်)တို့၏ဖခင်၊ မခင်ဖြူစင်ထက်၊ မခင်အေးမြတ်ထက်တို့၏အဘိုးသည် ၉-၁၁-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၁၁း၅၅နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၁၁-၂၀၁၄ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့၊ ကန့်ဘလူမြို့နယ်အသင်း(ရန်ကုန်)

### ဝမ်းနည်းကြေကွဲခြင်း
## ဦးမြိုင်သန့်
### အငြိမ်းစားပါမောက္ခ၊ မြန်မာစာဌာန
### မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့၊ အမှုဆောင်အဖွဲ့ဝင်
### အသက်(၈၃)နှစ်

ဆရာကြီး ဦးမြိုင်သန့်သည် ၇-၁၁-၂၀၁၄ရက် နံနက် ၀၀း၂၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၁၃)မှ တပည့်များ**

### ဝမ်းနည်းကြေကွဲခြင်း
## ဦးမြိုင်သန့်
### အငြိမ်းစားပါမောက္ခ၊ မြန်မာစာဌာန
### အသက်(၈၃)နှစ်

မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ အမှုဆောင်အဖွဲ့ဝင် ဆရာကြီး ဦးမြိုင်သန့်သည် ၇-၁၁-၂၀၁၄ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၁၅)မှ တပည့်များ**

### ဝမ်းနည်းကြေကွဲခြင်း
## ဦးမြိုင်သန့်
### အငြိမ်းစားပါမောက္ခ၊ မြန်မာစာဌာန

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်နေ ဆရာကြီး ဦးမြိုင်သန့် အသက်(၈၃)နှစ်သည် ၇-၁၁-၂၀၁၄ရက် နံနက် ၀၀း၂၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၁၆)မှ တပည့်များ**

## ဒေါ်ခင်ဌေးဌေး (B.Com. AA)
### ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး
### CB BANK (PLC)
### (မိတ္ထီလာမြို့တပ်မတော်ကလေးများအထက်တန်းကျောင်းသူဟောင်း)
### အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊(၂၅)ရပ်ကွက်၊ ရွှေနှင်းဆီ(၅)လမ်း၊ အမှတ် ၂၂နေ (ဦးဘိုးလွင်-ဒေါ်ကြည်)တို့၏သမီး၊ (ဗိုလ်မှူးကြီးသရေစည်သူဘသန်းခမ္မိက-ဒေါ်အေး)တို့၏သမီးချွေးမ၊ ဦးကြည်မောင်ဝင်း(မီးရထား)၏ဇနီး၊ဦးဇော်ဝင်း-ဒေါ်ဌေးဌေး၊ဦးခင်မောင်ဌေး၊ဒေါ်တင်တင်ဝင်းတို့၏အစ်မ၊(ဦးဝင်းမောင်-ဒေါ်မေဦး)၊ ဦးညွန့်အောင်-ဒေါ်မြမူ၊ (ဦးသန်းထွန်း-ဒေါ်လှကြူ)၊ (ဦးခင်ဖေကြီး)၊ ဒေါ်ခင်သန်းအေး၊ (ဦးစိုးမြင့်)-ဒေါ်ခင်မျိုးမြင့်တို့၏ညီမသည် ၈-၁၁-၂၀၁၄ရက်(စနေနေ့)ညနေ ၃း၁၅နာရီတွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၁၁-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်ဌေးဌေး (B.Com. AA)
### ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး
### (CB Bank PLC)
### အသက်(၇၁)နှစ်

မိဘနှင့်မခြားဆုံးမသွန်သင်ကာကွယ်ပေးပါသော ဘွားဌေးသည် ၈-၁၁-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**သီရိရတနာ မြောက်ဥက္ကလာဘဏ်ခွဲ (CB Bank)**

## ဒေါ်နန်းမာလာ (ပိုင်မီကို)
### အသက်(၈၀)

မိုင်းရှူးမြို့၊ (၂)ရပ်ကွက်နေ (ဦးစဝ်ပြင်ဖ) မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ(ငြိမ်း)၏ဇနီး၊ သားသမီး ငါးယောက်၊ မြေး ၁၄ယောက်တို့၏ အဘွားသည် ၅-၁၁-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူသားသမီး မြေးမြစ်တစ်စု

## ဒေါ်အေးမြင့် (မော်လမြိုင်)
### အမက(၁၄)ဗဟန်း
### ကျိုက်မရောမြို့နယ်အသင်း
### အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ ၁၆၄လမ်း၊ အမှတ် ၃၀(မြေညီ) Aနေ (ဦးရွှေသီး-ဒေါ်လှရင်)တို့၏သမီး၊ (ဦးဝင်းမောင်)(ယခင် တာမွေမြို့နယ် ပါတီယူနစ်ဥက္ကဋ္ဌ)၏ဇနီး၊ (ဦးဌေးဒင် - ဒေါ်တင်ကြည်)၊ (ဦးလှဝင်း-ဒေါ်သန်းရှင်)၊ (ဦးဘသန်း)-ဒေါ်သန်းမေ၊ ဦးစံလွင်-ဒေါ်သိန်းနွဲ့တို့၏ညီမ၊(ဦးစိုးမြင့်)-ဒေါ်နော်ပရေစေလာဝင်းတို့၏အစ်မ၊ ဦးဉာဏ်ဝင်း-ဒေါ်လှလှအေး၊ ဦးကျော်မင်းထွန်း(ဇရာဟသ်ာကုမ္ပဏီ) - ဒေါ်သီသီအေး(ကမ္ဘောဇဘဏ်၊ ဦးဝိစာရလမ်းဘဏ်ခွဲ)တို့၏မိခင်၊ မအိမ့်သဉ္ဇာဉာဏ်၊ မခိုင်မြတ်မွန်ဉာဏ်တို့၏အဘွားသည် ၉-၁၁-၂၀၁၄ရက်(တနင်္ဂနွေနေ့) နံနက် ၅နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၁-၁၁-၂၀၁၄ရက် (အင်္ဂါနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။(နေအိမ်မှကားများမွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်တင်တင်မြင့်
### အသက်(၇၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊(၁)ရပ်ကွက်၊ဗဟိုလမ်း၊အမှတ် ၂၁၉၊ ၃(က)နေ (ဦးထောက်တင်-ဒေါ်ညွှန့်ညွှန့်)တို့၏သမီးကြီး၊ (ဦးခင်ဝင်း)၏ဇနီး၊ ဒေါ်ပုံမြို့နယ်နေ ဒေါ်မြမြညွန့်၏အစ်မ၊ ဦးခင်မောင်ထွေး-ဒေါ်ချောငယ်ငယ်ဝင်းတို့၏မိခင်၊မောင်အန့်မိုးသောက်၊ မောင်ဘုန်းသစ်ကိုကိုတို့၏အဘွားသည် ၉-၁၁-၂၀၁၄ရက် (တနင်္ဂနွေနေ့) ည ၈နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၁၁-၂၀၁၄ရက်(အင်္ဂါနေ့) ညနေ ၄နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးစိုးအောင် (ဒရယ်လူး)
### ကကန(ငြိမ်း)
### ဆရာစံတောင်(စံပြ)ရပ်ကွက်၊ ခြင်းရုံဥက္ကဋ္ဌ
### အသက်(၇၅)နှစ်

ကွမ်းခြံကုန်းမြို့နယ်၊ ဒရယ်လူးကျေးရွာနေ (ဦးမှုံ-ဒေါ်သန်းစိန်)တို့၏သားထွေး၊ အမှတ် ၈၊ ဦးအောင်ဘလမ်း၊ ဆရာစံတောင်(စံပြ)ရပ်ကွက်နေ ဒေါ်လှအေး၏ခင်ပွန်း၊ မသက်သက်မော်၊ မအေးအေးမော်-ကိုမြင့်လွင်၊ မခင်ခင်မော်၊ ကိုစိုးမိုးနိုင် - မချိုတို့၏ဖခင်၊ မရွှေမ(ခ)မဇေကြီမိုး၏ အဘိုးသည် ၉-၁၁-၂၀၁၄ရက် (တနင်္ဂနွေနေ့) ည ၁၁း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၁၁-၂၀၁၄ရက်(အင်္ဂါနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂း၄၅နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ကိုရဲမျိုးထွန်း(ခ)ကိုရဲ
### အသက်(၃၂)နှစ်

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊(၇၀)ရပ်ကွက်၊ ရာဇသင်္ကြန်လမ်း၊ အမှတ် ၃၅၇/ခနေ ဦးမောင်မောင်-ဒေါ်အေးအေးသိန်း (အထက-၃၊ တာမွေ)တို့၏ သား၊ ဦးမင်းထွဋ်-ဒေါ်မြမြမော်(ခ) မကုလားမတို့၏သားသမက်၊ ဒေါ်ဆုမြတ်ကျော်၏ခင်ပွန်း၊ မသက်မှူးနွယ်၏ဖခင်၊ မချစ်စုလှိုင်၊ မဖူးပွင့်သူတို့၏ အစ်ကိုသည် ၈-၁၁-၂၀၁၄ရက် (စနေနေ့)နံနက် ၁၁နာရီတွင် ကွယ်လွန်သွားပါ၍ ၁၀-၁၁-၂၀၁၄ရက် (တနင်္လာနေ့)ညနေ ၃နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၄-၁၁-၂၀၁၄ရက် (သောကြာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
### ဝါးကျောင်းဆရာတော်
## ဦးဇနိတ
### သက်တော်(၆၃)နှစ်၊ သိက္ခာတော်(၄၃)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊သီရိခေမာရပ်ကွက်၊ ဗားကရာတိုက်၊ ပရိယတ္တိ ဝါးကျောင်းဆရာတော် ဘဒ္ဒန္တဇနိတ သက်တော်(၆၃)နှစ်၊ သိက္ခာတော်(၄၃)ဝါသည် (၁၃၇၆ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၃ရက်) ၉-၁၁-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၀၀း၁၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၆ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၅ရက်) ၁၁-၁၁-၂၀၁၄ရက်(အင်္ဂါနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်၌ အန္တိမအဂ္ဂိစျာပန ပြုလုပ်မည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ စျာပနကော်မတီ(ဗားကရာတိုက်)

### ခရစ်တော်၌အိပ်ပျော်ခြင်း
## ဦးဟန်လွင်
### ကျန်းမာရေးမှူး(ငြိမ်း)၊ ကျန်းမာရေးဦးစီးဌာန
### အသက်(၉၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၈)ရပ်ကွက်၊ မယ်ဇီကုန်းလမ်း၊ အမှတ် ၂၀နေ(ဦးဖိုးလွန်-ဒေါ်ဒေါ်ကြည်)တို့၏သားကြီး၊ (ဒေါ်မြထွေး)၏ချစ်လှစွာသောခင်ပွန်း၊ဦးညွန့်လွင်-ဒေါ်ချိုချိုတင်၊ ဦးညွန့်သွင်(M.A.I၊ငြိမ်း)၊ ဦးအေးချစ်(ပင်စင်ဦးစီး၊ ငြိမ်း)-ဆရာမဒေါ်တင်တင်(အထက-၂၊ အင်းစိန်)၊ (ဦးထွေးချစ်)-ဒေါ်ရီရီသန်း၊ သိက္ခာတော်ရသင်းအုပ်ဆရာ ဦးမောင်မောင်ချစ်(သာကေတမြို့မနှစ်ခြင်းအသင်းတော်) - ဒေါ်ဝေဝေလွင်တို့၏ဖခင်၊ ကိုမင်းသူရိန်လွင်(World Vision)၊ မပိုးထက်မွန်ချစ်(M.A.I)၊ မချစ်နှင်းနှင်းရီ၊ စောကျော်ညီညီချစ်၊ မဖူးယမုံချစ်(Malaysia Airline)၊ မအယ်နီထွေးချစ်(M.A.I)၊ မမေသူဇာလွင်တို့၏အဘိုးသည် ၁၀-၁၁-၂၀၁၄ရက်(တနင်္လာနေ့)နံနက် ၁၀း၄၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၂-၁၁-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများ အား အသိပေးအကြောင်းကြားအပ်ပါသည်။(ကမာရွတ်နှစ်ခြင်း ခရစ်ယာန်ဗိမာန်တော်ရှေ့မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

### ခရစ်တော်၌အိပ်ပျော်ခြင်း
## PI CING ZADON (Taithul) (Shalom-EBC)
### အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ မဟာဗန္ဓုလပန်းခြံလမ်း၊ အမှတ် ၁၈၃၊ဒုတိယထပ်(ယာ)နေ (Pu Suak En-Pi Thang Than Cing)Thang Zang ရွာနေတို့၏သမီး၊ (Pu Lam Khup-Pi Thang Ngai) Khuadai ရွာနေတို့၏သမီးချွေးမ၊ (Pi Ngul Khaw Zen-Pu Gin Za Sut)၊ (Pu Ling Za Thang)-Pi Kham Hen Niang, (Pu Lun Cin Thawng-Pi Gim Dim)တို့၏ညီမ၊ (Pu Mang Khai)-Pi Kai Khan Dim,(Pu Nang Tual)-Pi Lian Za Vung,Pu Pau Suan Gin-Pi Zel Khan Ciin တို့၏အစ်မ၊ သိက္ခာတော်ရဆရာDr.Khup Lian Mang (Shalom EBC)-Nu Thang Hau Niang,(Nu Ngai Khan Cing- Pa Lang Lian Thang),Nu Cing Lian Vung-သိက္ခာတော်ရဆရာ ဦးဇော်လင်း၊ (Pa En Khan Thawn)-Nu Ngai Lun Cing,Nu Niang Ngaih Ciin-သိက္ခာတော်ရ Dr.Do Suan Mung တို့၏မိခင်၊ မြေး ၂၁ယောက်၊ မြစ် ၁၆ယောက်တို့၏အဘွား၊ (Capt.Thang Gin Hang)၏ချစ်လှစွာသောဇနီးသည် ၉-၁၁-၂၀၁၄ရက် ည ၉း၄၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၂-၁၁-၂၀၁၄ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးဂိုဏ်းပေါင်းစုံ ခရစ်ယာန်ဥယျာဉ်ခန်းမဆောင်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီ၊ ဇမာနွေလ၊ ယုဇနပိတောက်ကွေ့တို့မှကားများ မွန်းတည့် ၁၂နာရီနှင့်ပုလဲမြို့သစ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်ညွန့်(ခ)ဒေါ်ဝက် (အင်းစိန်)
### အသက်(၈၄)နှစ်

အင်းစိန်မြို့နယ်၊ ပေါက်တောရပ်ကွက်၊ ဝိသာခါလမ်း၊ အမှတ် ၂၇နေ (ဦးအုန်း-ဒေါ်နှင်းမေ)တို့၏သမီး၊ (ဦးအုန်းသောင်-ဒေါ်ကြည်ညွန့်)၊(ဒေါ်ခွေးမ)၊ (ဦးတင်ဖေ-ဒေါ်မြညွန့်)၊ (ဒေါ်တင်အေး)တို့၏အစ်မ/ညီမ၊ (ဦးတင့်ဝေ)-ဒေါ်ခင်မျိုးတင့်၊ (ဦးဝင်းနိုင်)-ဒေါ်တင်မမ၊ (ဦးတင်ကိုကို)၊ ဦးဝင်းရွှေ-ဒေါ်တင်မိမိတို့၏ကြီးတော်၊ ဦးဇေယျာတင့်ဝေ-ဒေါ်နန်းမြဟန် (ခေတ္တ-စင်ကာပူ)၊ (ဦးထွန်းတင့်ဝေ)၊ ဦးပြည်သိမ်းအောင်-ဒေါ်ဖြူနှင်းသော်၊ မတင့်ရွှေရည်ဝေတို့၏အဘွား၊ မောင်ဟိန်းသော်အောင်၏ဘွားဘွားကြီးသည် ၉-၁၁-၂၀၁၄ရက် (တနင်္ဂနွေနေ့)ညနေ ၄း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၁၁-၂၀၁၄ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၅-၁၁-၂၀၁၄ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါ်သက်စုစုဝင်း
### Assistant Chief Accountant
### Naing Family Cherry Oo Co.,Ltd
### အသက်(၃၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်နေ ဦးကျော်ငြိမ်း၏ မြေး၊ တောင်ဥက္ကလာပမြို့နယ်နေ ဦးစောလှိုင်-ဒေါ်စမ်းစမ်းမေ၊ အင်းစိန်မြို့နယ်နေ ဒေါ်တင်တင်ဝင်း၊ ဒေါ်အေးအေးဝင်း၊ ဦးကျော်ကျော်၊ ဦးအောင်ခင်တင့်-ဒေါ်ခင်အေးမြင့်၊ ဦးစိုးမြင့်-ဒေါ်သန်းသန်းဝင်း၊ ဦးမျိုးတို့၏တူမ၊ အင်းစိန်မြို့နယ်၊ကန္နားအလယ်ရပ်ကွက်၊အောင်ဇေယျအိမ်ရာ၊ တိုက် ၁၂၊ အခန်း ၂၀၂နေ ဦးဝင်းထွေး-ဒေါ်ခင်ဝင်း(အမက-၁၁)၏သမီး၊ (ဦးကံအေး)-ဒေါ်မြမြသန်းတို့၏သမီးချွေးမ၊ မောင်သိန်းစိုး၊ မဝင့်ဝါထွေးတို့၏အစ်မ၊ ဦးအောင်မိုး၏ချစ်လှစွာသောဇနီးသည် ၉-၁၁-၂၀၁၄ရက် (တနင်္ဂနွေနေ့)တွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၁၁-၂၀၁၄ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးလှမင်း (စစ်ကိုင်း)
### အသက်(၅၆)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲကတိုးကျေးရွာနေ (ဦးသိန်းဟန်-ဒေါ်ခင်ရွှေ)တို့၏သား၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၈/က)ရပ်ကွက်၊ မဥ္ဇူလမ်း၊ အမှတ် ၁၆၁နေ (ဦးလှဝ) - ဒေါ်ကြည်တို့၏သားသမက်၊ ဒေါ်တင်တင်ခိုင်၏ချစ်လှစွာသောခင်ပွန်း၊ (ဦးရွှေတိုး)-ဒေါ်သောင်းတင် (ရွှေနန်း၊ ရွှေဝါနန်း တည်ခိုခန်း)တို့၏မောင်၊ ဦးဟန်ဌေး-ဒေါ်ခင်စောဝေ၊ဦးကြည်စိုး-ဒေါ်ခင်ညွန့်ဝေ၊ဦးတင်မျိုးလွင်-ဒေါ်မြင့်မြင့်ခိုင်၊ ဦးကျော်မင်းလွင်တို့၏အစ်ကို၊ မောင်သော်ဇင်မင်း-မနော်အက်စတာဝင်း၊ မဖြူဖြူခိုင်တို့၏ဖခင်၊ မမေသော်ဇင်ဝင်း၏အဘိုးသည် ၉-၁၁-၂၀၁၄ရက် (တနင်္ဂနွေနေ့) ည ၁၁း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၁-၁၁-၂၀၁၄ရက် (အင်္ဂါနေ့)ညနေ ၃နာရီတွင် ကျီစုအအေးတိုက်မှ ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများမွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## တရုတ်နိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် တရားဝင်ချစ်ကြည်ရေးခရီး လည်ပတ်မည်

**နေပြည်တော်  နိုဝင်ဘာ  ၁၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာ လီခချန်းသည် မြန်မာနိုင်ငံ၌ ကျင်းပပြုလုပ်မည့်(၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် (၉)ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေးသို့တက်ရောက်ပြီးနောက်တစ်ဆက်တည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီး အလည်အပတ်ပြုမည်ဖြစ်သည်။ **(သတင်းစဉ်)**



## ယနေ့ မာတိကာ


**အမေရိကန်တပ်ဖွဲ့ဝင်များ ထပ်မံစေလွှတ်မှု အဆင့်သစ် တိုက်ခိုက်မှုဖြစ်လာမည် သမ္မတအိုဘားမား ပြောကြား**
စာ » ၄

**အလုပ်အကိုင်အခွင့်အလမ်း ပိုမိုပေါ်ထွန်းလာရေးအတွက် ရင်းနှီးမြှုပ်နှံလိုသူများအား ဖိတ်ခေါ် ကြိုဆိုလျက်ရှိ**
စာ » ၁၅


**ကြော်ငြာအချပ်ပို လေးမျက်နှာပါရှိ**

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။

# မြန်မာ့ပုဂံ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ရန် ပြည်သူလူထုအပေါ် များစွာမူတည် စီးပွားရေးအဆောက်အအုံများ မဆောက်ရန် ယူနက်စကိုက တောင်းဆိုထား

**သတင်း ဇူလိုင်မိုး၊သိမ့်သိမ့်မိုး (မြန်မာ့အလင်း)**

**ပုဂံ  နိုဝင်ဘာ  ၁၀**

ပုဂံ ရှေးဟောင်းယဉ်ကျေးမှုဒေသကို မြန်မာ့အမွေအနှစ်စာရင်းမှ ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ဖြစ်ရန် ပြည်သူအများ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်လျက်ရှိကြောင်း ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက ပြောကြားသည်။

မြန်မာနိုင်ငံ၌ ပထမဦးဆုံး ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ခဲ့သည့် ပျူမြို့ဟောင်းများဖြစ်သည့် ဗိဿနိုး၊ ဟန်လင်းနှင့် သရေခေတ္တရာမြို့ဟောင်းများကို ၂၀၁၄ ခုနှစ် ဇွန်လက ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် ရွေးချယ်သတ်မှတ်ခံခဲ့ရပြီး ယခုဆက်လက်၍လည်း မြန်မာနိုင်ငံ၏ အသည်းနှလုံးဖြစ်သည့် ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ရန် စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

"ပျူမြို့သုံးမြို့ကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် အသိအမှတ်ပြုလိုက်တဲ့အခါ မြန်မာနိုင်ငံမှာရှိတဲ့ ရှေးဟောင်းအမွေအနှစ်ကို ချစ်မြတ်နိုးတဲ့ မြန်မာနိုင်ငံသူ နိုင်ငံသားတွေက ပုဂံဒေသကို ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်အဖြစ် အသိအမှတ်ပြုဖို့ အစီအစဉ်ရှိသလားဆိုတဲ့ မေးခွန်းတွေမေးလာခဲ့တယ်။ ပုဂံဟာ မြန်မာပြည်ရဲ့ ယဉ်ကျေးမှု အမွေအနှစ်နဲ့ ပတ်သက်လို့ ရတနာတစ်ပါးပါပဲ။ ယဉ်ကျေးမှုဝန်ကြီးဌာန အနေနဲ့လည်း ပြုလုပ်ချင်ပါတယ်။ ဒါဟာ လွယ်ကူတဲ့ ကိစ္စတော့မဟုတ်ပါဘူး၊ ရေးပြီးတင်လိုက်တာနဲ့ လွယ်လွယ်ကူကူရတာ မဟုတ်ဘူး၊ သိပ္ပံနည်းကျ ကိုက်ညီရမယ်၊ စံနှုန်းသတ်မှတ်ချက်နဲ့လည်း ကိုက်ညီရမယ်၊ အဲဒီလိုစံနှုန်းသတ်မှတ်ချက်တွေကိုက်ညီမှ အသိအမှတ်ပြုခံရမယ်။ နောက်ပြီး နိုင်ငံတကာ ဆက်ဆံရေးလည်း လိုအပ်ပါတယ်"ဟု ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက ပြောကြားသည်။

ပုဂံဒေသကို ယူနက်စကိုစာရင်းဝင်ရန်အတွက် Technical ပိုင်းဆိုင်ရာ မှန်ကန်ရန် စံနှုန်းသတ်မှတ်ချက် ကိုက်ညီမှုရှိပြီး စီမံခန့်ခွဲမှု

**စာမျက်နှာ ၉ ကော်လံ ၁ ☼**

## မြန်မာ့လက်ရွေးစင်အသင်း ကာတာခြေစမ်းခရီးစဉ်တွင် သရေကျ

**ဒိုဟာ  နိုဝင်ဘာ  ၁၀**

အာဆီယံဆုဖူကီးဖလား ပြိုင်ပွဲအတွက်ပြင်ဆင်နေသည့် မြန်မာ့လက်ရွေးစင်အသင်းသည် ကာတာနိုင်ငံ ဒိုဟာမြို့တွင် စခန်းဝင်လေ့ကျင့်လျက်ရှိပြီး ယမန်နေ့ ညပိုင်းက ကာတာပထမတန်းကလပ် Al Kharitiyat အသင်းနှင့် ခြေစမ်းကစားခဲ့ရာ တစ်ဂိုးစီသရေကျခဲ့သည်။

မြန်မာအသင်းကို သီဟစည်သူ၊ ဒေးဗစ်ဒန်း၊ ဝင်းမင်းထွန်း၊ ဇော်မင်းထွန်း၊ ခင်မောင်လွင်၊ ကြည်လင်း၊ မင်းမင်းသူ၊ ချစ်စုမိုး၊ နန္ဒလင်းကျော်ချစ်၊ ငြိမ်းချမ်းအောင်၊ ကျော်ဇေယျာဝင်းတို့ဖြင့် ပွဲထွက်ခဲ့သည်။ မြန်မာအသင်း ပထမပိုင်းတွင် ဂိုးပေးခဲ့ရသော်လည်း ၆၈ မိနစ်တွင် နောက်ခံလူဇော်မင်းထွန်းက ချေပဂိုးပြန်သွင်းခဲ့သည်။ မြန်မာအသင်းမှာ နိုဝင်ဘာ ၁၃ ရက်တွင် Al Mrkhia အသင်းနှင့် ကစားမည်ဖြစ်သည်။

**ဖိုးသော်ဇင်**

## အင်အားအနည်းငယ်ရှိ မြေငလျင်လှုပ်

**နေပြည်တော် နိုဝင်ဘာ ၁၀**

နိုဝင်ဘာ ၁၀ ရက် ညနေ ၅ နာရီ ၄ မိနစ် ၅၂ စက္ကန့်တွင် မန္တလေး မြေငလျင်စခန်းမှ တောင်ဘက် မိုင် ၁၉၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ရေနီမြို့၏ အနောက်တောင်ဘက် မိုင် ၃၀ ခန့်အကွာ)ကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၄ ဒသမ ၄အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်သွားကြောင်း တိုင်းထွာရရှိသည်။

**(မိုး/ဇလ)**







မြန်မာ့အလင်း
mmalin.npt @ gmail.com,
www.facebook.com/MYANMARALINNNEWS




2014, November 11, Tuesday

# အာဆီယံအသိုက်အဝန်းအား မျှော်ကြည့်ခြင်း




**ဥရောပအသိုက်အဝန်းအတွင်း ဂျာမနီတွင် နေထိုင်ခဲ့စဉ်က ဥရောပသမဂ္ဂဝင်နိုင်ငံများသို့သွားလျှင် ဗီဇာမလိုပါ၊ နယ်စပ်ဂိတ်ကို ဖြတ်သည့်အခါ မော်တော်ယာဉ်၏ မြန်နှုန်းပြောင်းသွားမှသာ သိလိုက်သည်။ ဂျာမနီတွင် အမြန်နှုန်းကန့်သတ်ချက်မရှိ၊ ဂျာမနီ အိမ်နီးချင်းနိုင်ငံများတွင်တော့ မြန်နှုန်းကန့်သတ်ချက်ရှိသည်။ တစ်နိုင်ငံမှ တစ်နိုင်ငံ ကူးလျှင်လည်း ငွေလဲလှယ်စရာမလို၊ ယူရိုငွေ တစ်မျိုးတည်းကိုသာ သုံး၍ဖြစ်သည်။ ဥရောပဗဟိုဘဏ်ဟု ဖွဲ့စည်းထားရှိသည်။**

ဥရောပသမဂ္ဂတွင်တော့ ပေါင်းစည်းမှုသည် တစ်ခုတည်းသော ဈေးကွက်အဖြစ် ပေါင်းစည်းမှုဖြစ်သည်။ လုပ်သား၊ ငွေကြေး၊ မတည်အရင်းအနှီး၊ ကုန်စည်များ၊ ထုတ်လုပ်မှု၊ သွင်းအားစုများကို လွတ်လပ်စွာ ပြောင်းရွှေ့နိုင်ကြသည်။ နိုင်ငံ (၂၇)နိုင်ငံပါသော ဥရောပသမဂ္ဂသည် ပြည်တွင်း ဈေးကွက်တစ်ခုလိုဖြစ်လာသည်။ ဘုံလုံခြုံရေးနှင့် နိုင်ငံခြားရေး မူဝါဒကိုလည်း ချမှတ်ထားသည်။ နိုင်ငံခြားရေးဝန်ကြီးဌာနလို ဥရောပသမဂ္ဂ၏ နိုင်ငံခြားရေး ဝန်ကြီးဌာနအဖြစ် ပြင်ပရေးရာဌာန (European External Action Service) ကို ဖွဲ့စည်းထားရှိသည်။ အီးယူတွင် အီးယူပါလီမန်ခေါ် အီးယူနိုင်ငံများမှ ပြည်သူများက ရွေးကောက်ထားသည့် ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းထားသည့် လွှတ်တော်လည်းရှိသည်။ လူ့အခွင့်အရေး ချိုးဖောက်မှုများကို အီးယူနိုင်ငံများမှ ပြည်သူများက တိုက်ရိုက်တိုင်ကြားနိုင်သည့် တရားရုံးလည်းရှိသည်။

အီးယူသည် နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဟူ၍ အစိတ်အပိုင်းအားလုံးတွင် ပေါင်းစည်းသည့် အဆင့်မြင့်သော ဒေသဆိုင်ရာအဖွဲ့အစည်း ဖြစ်လာသည်။

တစ်ဖက်မှကြည့်လျှင် အာဆီယံသည်လည်း အီးယူကဲ့သို့ တစ်ခုတည်းသော ဈေးကွက်အဖြစ် ပေါင်းစည်းရန် ကြိုးစားလျက်ရှိသည်။ အာဆီယံသည် တစ်ခုတည်းသော ဈေးကွက်သာမက ကမ္ဘာ့ထုတ်လုပ်မှု၏ အခြေခံဖြစ်ရန်လည်း ကြိုးစားလျက်ရှိနေသည်။ ကမ္ဘာနှင့်အဝန်းလွှမ်းခြုံဆက်နွယ်သည့် ခေတ်တွင် ထုတ်လုပ်မှု လုပ်ငန်းများသည် လုပ်ခ၊ ကုန်ကြမ်း ဈေးသက်သာရာသို့၊ ဈေးကွက်ကျယ်ပြန့်သည့်နေရာသို့ ပြောင်းရွှေ့ကုန်ကြသည်။ တစ်ချိန်က အမေရိကန်ပြည်ထောင်စုတွင် ရှိသော ထုတ်လုပ်မှုလုပ်ငန်းများသည် အခြားနိုင်ငံများသို့ ရောက်ကုန်ကြသည်။ ထုတ်လုပ်မှုသည်လည်း တစ်နိုင်ငံတည်းမှ အစအဆုံး ထုတ်လုပ်မှုမဟုတ်ဘဲ နိုင်ငံအများ စုပေါင်းထုတ်လုပ်သည့် စနစ်ဖြစ်လာသည်။ ယခုခေတ်စမတ်ဖုန်းခေါ် လက်ကိုင်ဖုန်း တစ်ခုကို နိုင်ငံ ၄၀ ကျော်မှ စုပေါင်းထုတ်လုပ်သည်ဟု ဆိုသည်။ သို့ဖြစ်၍ နိုင်ငံတိုင်းသည် ကမ္ဘာ့ထုတ်လုပ်မှုစနစ်တွင် ပါဝင်လာနိုင်အောင် ကြိုးစားကြသည်။ အာဆီယံသည်လည်း ကမ္ဘာ့ထုတ်လုပ်မှုစနစ် (Global Supply Chain) တွင် ပါဝင်နိုင်အောင် ကမ္ဘာ့ထုတ်လုပ်မှု၏ အခြေခံအဖြစ် ကြိုးပမ်းလျက်ရှိသည်။

၂၀၁၅ခုနှစ် ဒီဇင်ဘာ ၃၁ရက်တွင် အာဆီယံသည် တစ်ခုတည်းသော အာဆီယံ အသိုက်အဝန်း ဖြစ်လာတော့မည်။

**စာမျက်နှာ ၂ သို့**

**ဆောင်းပါး - အောင်ထူး**

**ငြိမ်းချမ်းသည့် ဝန်းကျင်ကို တည်ဆောက်နိုင်အောင် အာဆီယံသည် ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး စာချုပ်ကို ချုပ်ဆိုထားသည်။ ဤစာချုပ်အရ တစ်နိုင်ငံ၏ ပြည်တွင်းရေးကို တစ်ဦးက ဝင်ရောက်စွက်ဖက်ခွင့်မပြုရ၊ အင်အားအသုံးပြုခြင်း၊ အင်အားသုံးရန် ခြိမ်းခြောက်ခြင်းမပြုရ၊ နယ်မြေ တည်တံ့ခိုင်မြဲမှုနှင့် အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို လေးစားရမည်။**



# ကြိုတင်ပြင်ဆင်မှုများနှင့် ကျန်းမာရေးဝန်ဆောင်မှုများ



ဆေးဝါးအစုံအလင်ပါသည့် လူနာတင်ယာဉ်(အပေါ်ပုံ)နှင့် ခုတင်(၁၀၀၀) အထူးကြပ်မတ်ကုသဆောင်တွင် ပြင်ဆင်ထားမှုများကို တွေ့ရစဉ်။(အောက်ပုံ)

သတင်းစဉ် (သတင်းအဖွဲ့)၊ တွေ့ဆုံမေးမြန်း-ဟန်နီဝင်း၊ သတင်းဓာတ်ပုံ-ကျော်ဇေယျ

မြန်မာနိုင်ငံက ဥက္ကဋ္ဌအဖြစ်လက်ခံကျင်းပမည့် (၂၅) ကြိမ်မြောက်အာဆီယံ ထိပ်သီးအစည်းအဝေးတွင် ကျန်းမာရေးကဏ္ဍ၌ ဘက်စုံကြိုတင်ပြင်ဆင်မှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတကာ အဆင့်မီကျန်းမာရေးဝန်ဆောင်မှုပေးနိုင်ရန် ရည်ရွယ်ကာ စီစဉ်ထားရှိပြီး ထိုသို့စီစဉ်ဆောင်ရွက်မှုများကို အစည်းအဝေးသို့ တက်ရောက်ကြမည့်နိုင်ငံများမှ ကိုယ်တိုင်ကိုယ်ကျ အဖွဲ့လိုက် လာရောက်ကြည့်ရှုလေ့လာ၍ ပြင်ဆင်ထားရှိမှုများအပေါ် ကျေနပ်လက်ခံကြကြောင်း သိရှိရသည်။ ထို့အတွက်ကျန်းမာရေး ဝန်ဆောင်မှုများအတွက် စီစဉ်ဆောင်ရွက်မှုများကို မြန်မာ့သတင်းစဉ် (သတင်းအဖွဲ့) က နေပြည်တော်ရှိ ခုတင် (၁၀၀၀) အထွေထွေရောဂါကုဆေးရုံမှ တာဝန်ရှိ ဆရာဝန်ကြီးများအား သွားရောက်မေးမြန်းခဲ့သည်။

**ဒေါက်တာဘုန်းမော်**
**ဆေးရုံအုပ်ကြီး**
**နေပြည်တော် ခုတင်(၁၀၀၀)**
**အထွေထွေရောဂါကုဆေးရုံကြီး**



(၂၅) ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးတွေ ကျင်းပချိန်မှာ ကျန်းမာရေးဝန်ကြီးဌာန အနေနဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေကို ဆောင်ရွက်ထားရှိတာတွေ အများကြီးရှိပါတယ်။ အစည်းအဝေးကျင်းပမယ့် MICC (1) မှာဆိုရင် ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်းနှစ်ခန်းဖွင့်လှစ်ထားပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အပေါ်ထပ်က ဆေးခန်းမှာ အရေးကြီးပုဂ္ဂိုလ်တွေအတွက် ကျန်းမာရေးစောင့်ရှောက်မှုတွေ ပြုလုပ်သွားမှာဖြစ်ပြီး အောက်ထပ်က နောက်တစ်ခန်းကတော့ တာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းတွေ၊ မီဒီယာသမားတွေ၊ အခြားဧည့်သည်တွေအတွက် ကျန်းမာရေးစောင့်ရှောက်မှု ပေးသွားမှာဖြစ်ပါတယ်။

အပေါ်ထပ်က အရေးကြီးပုဂ္ဂိုလ်တွေအတွက် ကျန်းမာရေးစောင့်ရှောက်မှုအခန်းမှာ လိုအပ်တဲ့ ကျန်းမာရေးစောင့်ရှောက်မှု ပစ္စည်းကိရိယာ အားလုံးကိုထားရှိပြီး အထူးကုသမားတော်၊ အရေးပေါ်ဆရာဝန်နဲ့ သူနာပြုဆရာမတွေ ထားရှိ ဆောင်ရွက်မှာပါ။

အောက်ထပ်ကကျန်းမာရေးစောင့်ရှောက်မှုအခန်းမှာလည်း အပေါ်ထပ်မှာလိုပဲ ပစ္စည်းကိရိယာ အစုံအလင်ပါရှိပြီး သမားတော်တစ်ဦးနဲ့ အရိုးအထူးကုဆရာဝန်၊ သူနာပြုတွေ ထားရှိဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ကျန်းမာရေးစောင့်ရှောက်မှုအတွက် MICC (1) မှာ အခန်းတွေဆောင်ရွက်ထားသလိုပဲ ဆေးဝါးတွေအစုံအလင်ပါရှိတဲ့ လူနာတင်ယာဉ် နှစ်စီးကို ဆောင်ရွက်ထားပါတယ်။အရေးကြီးပုဂ္ဂိုလ်တွေနဲ့ ကိုယ်စားလှယ်တွေလာရောက်တဲ့အခါ သူတို့သွားတဲ့ လမ်းကြောင်းတစ်လျှောက်မှာ သူတို့ရဲ့ ယာဉ်တန်းတွေနဲ့ လူနာတင်ယာဉ်တွေကိုလည်း စီစဉ်ထားပါတယ်။ အဲဒီမှာ သမားတော်တွေနဲ့အတူ ဆေးအဖွဲ့တွေလည်းပါမှာဖြစ်ပါတယ်။ သူတို့နဲ့ လိုက်ပါပြီး ၂၄ နာရီ ကျန်းမာရေးစောင့်ရှောက်မှုပေးမှာ ဖြစ်ပါတယ်။ အဖွဲ့အနေနဲ့ ၃၅ ဖွဲ့ရှိပြီး လူနာတင်ယာဉ် ၃၅ စီးဖြစ်ပါတယ်။



နောက်တစ်ခုကတော့ နေပြည်တော်ခုတင် (၁၀၀၀) ဆေးရုံကြီးမှာ အရေးပေါ် လိုအပ်လို့ပဲဖြစ်ဖြစ်၊ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ပြသလိုရင်ပဲဖြစ်ဖြစ် ဆေးရုံမှာပြင်ဆင်ထားတာရှိပါတယ်။ လူနာရောက်ရောက်ချင်း

**စာမျက်နှာ ၃ သို့**



(၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်လာမည့် နိုင်ငံခေါင်းဆောင်များနှင့်ကိုယ်စားလှယ်များ စိတ်ကြည်နူးချမ်းမြေ့စွာတည်းခိုနိုင်ရန် ဟိုတယ်တစ်ခု၏ ကြိုတင်ပြင်ဆင်ထားမှု။

ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ

# BEST BRANDS & LIVING EXPO
## အကောင်းဆုံးအမှတ်တံဆိပ်များနှင့်နေထိုင်မှုပြပွဲကြီး

၄.၁၂.၂၀၁၄ မှ ၇.၁၂.၂၀၁၄ နံနက် (၉း၀၀)နာရီမှ ည (၆း၀၀)နာရီထိ တပ်မတော်ခန်းမ၊ ရန်ကုန်မြို့။

ဤပြပွဲကြီးတွင်ကုန်ပစ္စည်းများပါဝင်ပြသရောင်းချလိုပါကဆက်သွယ်ရန် SMART BUSINESS GROUP Ph:01-656875,667473,09-73014777,09-5099079, 09-5003618, 09-8620600

## ဗောဓိထူး ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

ဗုဒ္ဓဂယာဘုရားဖူးမည်ဆိုပါက စိတ်စေတနာကောင်းများအရင်းခံတဲ့ ရင်မှာကြည်နူး "ဗောဓိထူး"နှင့် ဆက်သွယ်လိုက်ပါ

(၁၄)ညအိပ်(၁၅)ရက်ခရီး – ၉သိန်း ၉သောင်း၊ (၇)ညအိပ်(၈)ရက်ခရီး – ၈သိန်း

နိုင်ငံကူးလက်မှတ်ရှိသူများအား (၃)သောင်းကျပ်လျှော့ပေးပါမည်။

အောက်တိုဘာလမှစ၍ ခရီးစဉ်များ စတင်ပါမည်၊ လိုက်ပါလိုသူ မိတ်ဆွေများ (၁၈လ) ကြိုတင်၍စာရင်းပေးသွင်းနိုင်ပြီဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

လအလိုက်စတင်ထွက်ခွာမည့်ရက်များ

| ၁၄/၁၅ ခရီးစဉ် | ၇/၈ ခရီးစဉ် |
|---|---|
| ၁၀.၁၂.၂၀၁၄ | ၂၄.၂.၂၀၁၅ |
| ၂၈.၁၂.၂၀၁၄ | ၁၈.၃.၂၀၁၅ |
| ၁၈.၁.၂၀၁၅ | ၀၂.၄.၂၀၁၅ |
| ၅.၂.၂၀၁၅ | ၁၄.၄.၂၀၁၅ |
| ၂၀.၂.၂၀၁၅ | |
| ၁၃.၃.၂၀၁၅ | |
| ၂၀.၃.၂၀၁၅ | |

ရန်ကုန်ရုံးချုပ် – အမှတ်(၂၆၄)၊ ပန်းဆိုးတန်းလမ်း(ဂိုးတံတားအနီး)။ ဖုန်း–၀၁–၃၇၇၈၁၄၊ ၀၁–၃၇၈၄၆၅။

မန္တလေးမြို့ – အမှတ်(၁၃၅)၊ ၈၅လမ်း၊ ၃၃× ၃၄လမ်းကြား။ ဖုန်း–၀၂–၆၄၉၅၉၊ ၀၉–၄၃၁၁၅၅၉၈။

FAME
**Nephrotec®**
For healthy kidney
ကျောက်ကပ်ဆေး
TMR 012139 (0516)
၂/၂၀၁၂ တဆထလ/တိုး(၀၆၅၂)
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME
**Rejuvir®**
Phytoestrogen supplement
ပျိုမေအားဆေး
TMR 007907 (1214)
၂/၂၀၁၂ တဆထလ/တိုး(၀၆၅၂)
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

# လိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း

ဦးမြသိန်း (တရားလွှတ်တော်ရှေ့နေ)
လူမှုထူးချွန် ပထမအဆင့်
U Mya Thein & Legal Group

- ၂၀၀၂ ခုနှစ်တွင် "International Gold Star Award for Quality" ကို ပြင်သစ်နိုင်ငံ Paris မြို့၌ လည်းကောင်း
- ၂၀၁၂ ခုနှစ်တွင်" Litigation Law Firm of the year ACQ5 Law Awards 2012 "ကို UK နိုင်ငံမှ လည်းကောင်း ရရှိခဲ့သည့်အပြင်
- ၂၀၁၄ ခုနှစ် အောက်တိုဘာလ (၂၇) ရက်နေ့တွင် ဆွစ်ဇာလန်နိုင်ငံ Geneva မြို့၌" The Golden Europe Award for Quality & Commercial Prestige" ဆုကို ရယူခဲ့သည့် အတွက် မြန်မာနိုင်ငံသားတစ်ဦး၏ ထူးချွန်စွာ အောင်မြင်မှုအား အထူးပင် လိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း

(ရွှေလမင်းနဂါး ကုမ္ပဏီမိသားစု)

HTOO CONSTRUCTION DEVELOPMENT GROUP CO., LTD.

AGD BANK Asia Green Development Bank Limited
First National Insurance Public Company Limited

MINDHAMA RESIDENCE
မင်းဓမ္မ အဆင့်မြင့်ကွန်ဒို

မင်းဓမ္မအဆင့်မြင့် ကွန်ဒို - Condo C ၏အခန်းများကို ဝယ်ယူအားပေးသော Customer များအား အထူးပင်ကျေးဇူးတင်ရှိပါသည်။



မင်းဓမ္မအဆင့်မြင့် Condo-D အား စတင်ရောင်းချပေးနေပြီ ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

မင်းဓမ္မအဆင့်မြင့်ကွန်ဒို များကို Htoo Construction Development Group Co., Ltd မှ Installment စနစ်ဖြင့် 20 % အရင်ပေးချေပြီး ကျန်ငွေကို (၂၄)လ အတွင်း အရစ်ကျပေးချေ၍ ဝယ်ယူနိုင်ပါသည်။

မင်းဓမ္မလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

Mindhama Road, Mayangone Township, Yangon, Myanmar.

Hot Line : 09-31247022, 421008291, 43133029
01-2302151, 2302100, 2302146, 2302055